The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 12, 2018

# ပြည်ပဆန်တင်ပို့မှု တန်ချိန်(၃)သန်း ရောက်ရှိစံချိန်တင်

စာမျက်နှာ - ၁၂ ➤



## ဌာနပိုင်အဆောက်အဦ သိုလှောင်ရုံ၊ မြေကွက်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူငှားရမ်းမည်

စာမျက်နှာ - ၂၃ ➤

## တစ်ဖက်နိုင်ငံသို့ ရောင်းချရန် တရားမဝင်သယ်ဆောင်လာသော သာလိကာငှက်များ ဖမ်းဆီးရမိ


စာမျက်နှာ - ၂၄ ➤

## t DW Dap;uGfSn pawmhdtfeqDb

စာမျက်နှာ - ၈ ➤












Never old

မြန်မာနိုင်ငံသားများဖြင့် စုစည်းတည်ထောင်ထားသော **NEVER OLD TRADING CO.,LTD** မှ နိုင်ငံတကာအဆင့်မှီ အရည်အသွေးဖြင့် **STRUCTURAL INSULATED PANEL** များကို မြန်မာပြည်အနှံ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည် ဖြစ်ပါ၍ လုပ်ငန်းရှင် မိတ်ဆွေတို့ အနေဖြင့် နိုင်ငံခြားမှ မှာယူတင်သွင်းရန် မလိုအပ်တော့ပဲ အချိန်တိုတိုအတွင်းမှာ ပြည်တွင်းဖြစ်ထုတ်ကုန်များကို လိုအပ်သည့် အချိန်တိုင်းမှာ မှာယူရရှိနိုင်ပါပြီ။

**SPECIFICATIONS**
TYPICAL PHYSICAL PROPERTIES

| PROPERTY | RESULTS |
|---|---|
| Injected Overall Density (Kg/m³) | 42 ± 2 |
| Thermal Conductivity (W/m°K) | 0.022 - 0.024 |
| Tensile Strength (KPa) | 300 - 500 |
| Bending Strength (KPa) | 550 - 560 |
| Shear Strength (KPa) | 120 - 300 |
| Water Absorption (volume change %) | <2 |
| Closed Cell content (%) | >90 |
| Water Vapor Transmission | 1.8 - 3.8 |
| Flash Point (°C) | 300 |

## Product Application



- Industrial Coldroom & Hot Room.
- Electronic/Pharmaceutical Clean Room.
- Food Processing Plant/ Factory.
- Polatry Farms.
- Telecommunication Cabins.
- Schools.
- Mining & Platation Quarters.
- Modular Systems.
- Prefabricated Houses & Buildings.

*Make local Standard Global*

Office Address: No. 8/9, 3rd Floor, Thanthumar Street, Gagyi Ward, Thingangyun Township,Yangon, Myanmar.
Ph : 09773179881, 09773179882, 09773179883, 09773179884, 09773179886, 09773179887.
Email : info@neverild.com.my
Website : www.neverold.com.my

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အိန္ဒိယသမ္မတနိုင်ငံ Guwahati မြို့၌ ကျင်းပသည့် Advantage Assam Global Investor Summit သို့ တက်ရောက်




အိန္ဒိယသမ္မတနိုင်ငံ၊ Assam ပြည်နယ်၊ Guwahati မြို့၌ ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် Advantage Assam Global Investor Summit သို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ကိုယ်စားလှယ်များပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ Summit သည် အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း ရှိ Assam ဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော စက်မှုကဏ္ဍအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ ဦးဆောင်၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဘောင်များရေးဆွဲခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းစသည့် အခြေအနေများကို ထိပ်သီးအစည်းအဝေး၌ မျှဝေခြင်းဖြင့်နည်းပညာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်နှင့် ဆေးဝါးကဏ္ဍတို့ကို လက်တွေ့အသုံးချနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားဖွင့်ပွဲအား ဖေဖော်ဝါရီ ၃ ရက်၊ နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နရိန္ဒရာမိုဒီမှ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဖေဖော်ဝါရီ ၄ ရက်တွင်ကျင်းပသော Plenary Session ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့ရာ ယနေ့ကျင်းပသော Advantage Assam Global Investor Summit သည် အာသံဒေသ၏ ပထဝီဝင်အရ မဟာဗျူဟာမြောက် အားသာချက်များကိုရယူ၍ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် အရေးပါသည့် ထိပ်သီးအစည်းအဝေး တစ်ခုဖြစ်ကြောင်း၊ စီးပွားရေး အခွင့်အလမ်းကောင်းများ ရရှိနိုင်ရေး အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပို့ကုန်ဦးဆောင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အာသံနှင့်အတူ မိတ်ဖက်နိုင်ငံများမှ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးပွဲသည်

စာမျက်နှာ ၁၆ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အရာထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/ ၂၀၁၈) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အဖွင့်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ အရာထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅၂) စားသုံးသူရေးရာဦးစီးဌာန၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် လူ့စွမ်းအား အရင်းအမြစ်၏ အခြေခံသည် ပညာရေးနှင့် ကျန်းမာရေးတို့ဖြစ်ကြောင်း၊ ဗဟုသုတကြွယ်ဝပြီး ရုံးလုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုရှိသော ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားနေပါက ရုံးဌာနအသီးသီးတွင် လုပ်ငန်းတာဝန်များကို အမှားအယွင်းနည်းစွာဖြင့် အချိန်မီဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် ဌာန၏ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို နှံ့စပ်ကျင်လည်စွာသိရှိထားမှသာလျှင် လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့သင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ကျင့်ဝတ်သိက္ခာပြည့်စုံခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းစသည့် အခြေခံမှုများအပေါ် တည်ဆောက်ထားသည့် လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက် ခိုင်မာမှုရှိသော ပြည်သူ့ဝန်ထမ်းများသည် ကောင်းမွန်သော ဒီမိုကရေစီကျင့်စဉ်၏ အဓိကကျောရိုးမဏ္ဍိုင်များ ဖြစ်ကြောင်း၊ ဝန်ထမ်းနှင့် ပြည်သူအကြား ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှုများ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ဝိုင်းဝန်းပြုစုပျိုးထောင်ပေးရမည်ဖြစ်ပြီး ထိရောက်သော စီမံခန့်ခွဲမှု၊ အရည်အချင်းပေါ် အခြေခံသည့် ရာထူးတိုးမြှင့်ပေးမှု၊ ဝန်ထမ်းသက်တမ်းတစ်လျှောက် သင်ကြားမှုအခွင့်အလမ်းများ တန်းတူရည်တူရရှိနိုင်ရန်နှင့် ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စိတ်အားတက်ကြွစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လှုံ့ဆော်မြှင့်တင်ပေးခြင်း၊ ဝန်ဆောင်မှုနှင့် စည်းမျဉ်းစည်းကမ်းများအား လက်တွေ့လိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံတစ်ဝန်း ရရှိလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှု အကျိုးရလဒ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး စဉ်ဆက်မပြတ်ဆက်လက် တိုးတက်စေရေးအတွက် အဓိကနေရာမှ ပါဝင်ဆောင်ရွက်သွားကြရန်စသည်ဖြင့် အကျယ်တဝင့် ပြောကြားခဲ့သည်။

အဆိုပါ အရာထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၈) သို့ သင်တန်းသား၊ သင်တန်းသူ ၄၂ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ၃ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇော်နိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ယခုတစ်ပတ် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဆန်စပါးဈေး အတက်အကျရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖေဖော်ဝါရီ ပထမပတ်တွင် မြို့နယ်အချို့၌ ဈေးနှုန်းအတက်/အကျ အပြောင်းအလဲများရှိကြောင်း ဈေးကွက်မှသိရသည်။ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များတွင် ယခင်ဇန်နဝါရီနောက်ဆုံးပတ် စပါးဈေးမှာ ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၃၀၀၀၀ -၅၄၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၁၉၀၀၀-၂၀၀၀၀ ရှိရာမှ ယခုဖေဖော်ဝါရီလဆန်းပိုင်းတွင် စပါးဈေးမှာ တင်း ၁၀၀ကို ကျပ် ၅၄၀၀၀၀-၅၅၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၀၅၀၀-၂၁၀၀၀ ဖြစ်၍ အရောင်းအဝယ်သွက်သည့်အပေါ် မူတည်ပြီး စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဝန်းကျင်နှင့်ဆန်တစ်အိတ်ကိုကျပ်၁၀၀၀ ခန့်ဈေးမြင့်သွားကာ ဝါးခယ်မ၊ လပွတ္တာမြို့နယ်များတွင် ဧည့်မထစပါးသစ် အရောင်းအဝယ်အေး၍ ယခင်စပါးဈေး ၄၆ပေါင် တင်း ၁၀၀ ကို ကျပ် ၅၂၄၀၀၀-၅၂၉၀၀၀မှ ယခုကျပ် ၅၁၅၀၀၀-၅၂၀၀၀၀ ဖြစ်ကာ စပါးတင်း ၁၀၀ကို ကျပ် ၁၀၀၀၀ ဝန်းကျင်ဈေးနှုန်းကျဆင်း ကြောင်းသိရသည်။ အိမ်မဲ၊ ဝါးခယ်မမြို့ နယ်များတွင် ဆန်အဝယ်လိုက်၍ ဧည့်မထဆန်တစ်အိတ်ကို ယခင် ဈေးကျပ် ၂၀၅၀၀-၂၁၀၀၀ မှ ယခုလက်ရှိဈေး ကျပ် ၂၂၀၀၀ ဖြစ်သွားပြီး ဆန် တစ်အိတ် ကိုကျပ် ၁၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်သွားကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

ဒေသတွင်းနှင့် ရန်ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်လာသော မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များ၏ ဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ကို ယခင်ကျပ် ၅၁၅၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၂၅၀၀ ရှိရာမှ ယခုစပါးဈေးကျပ် ၅၂၄၀၀၀-၅၃၀၀၀၀၊ ဆန်တစ်အိတ်ကိုကျပ် ၂၃၀၀၀ဖြစ်ကာ စပါးဈေးကျပ် ၁၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ဝန်းကျင် မြင့်တက်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။ **မင်းမင်းဦး(ပုသိမ်)**

## ဆန်အဝင်ထက်ဝယ်လိုအားပိုကောင်းတဲ့အတွက် ဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်အဝင်နည်းတဲ့အတွက် ဆန်ဈေးအနည်းငယ်တက်ကြောင်း သိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၃၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ ပုသိမ်၊မြောင်းမြ ပေါ်ဆန်းတစ်အိတ်ကျပ် ၃၄၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စ တစ်အိတ်ကျပ် ၃၀၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၈၅၀၀နဲ့ဈေးငြိမ်နေသော်လည်း ကျားပျံအသစ် တစ်အိတ်ကျပ် ၃၄၀၀၀ မှ ကျပ် ၃၆၀၀၀၊ ပေါ်ဆန်းအသစ်တစ်အိတ်ကျပ် ၂၉၀၀၀ မှ ကျပ် ၃၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်အသစ်တစ်အိတ်ကျပ် ၄၃၀၀၀ မှ ကျပ် ၄၆၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်ဈေးတက်ကြောင်းသိရပါတယ်။ ဆန်အဝင် နည်းသော်လည်း အရောင်းအဝယ်ကောင်းကြောင်း ကုန်စည်ဒိုင်မှသိရပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်မှာ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ ငစိန်အသစ်တစ်အိတ်ကျပ် ၁၉၀၀၀မှကျပ်၁၉၅၀၀၊ မိုးသုခတစ်အိတ်ကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀၊ ဆင်းသွယ်လတ်တစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ နဲ့ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော်လည်း ဧည့်မထ ၂၅မှတ်တစ်အိတ်ကျပ် ၁၉၅၀၀မှ ကျပ် ၁၉၇၀၀၊ အကြမ်းသစ်(ရှယ်) တစ်အိတ်ကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၀၀၀၊ ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၈၀၀၀ မှ ကျပ် ၂၉၀၀၀ဖြစ်ပြီး တစ်အိတ်ကိုကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ ဈေးတက်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်နှံကား အသစ်ထပ်မံဝင်ရောက်လာပြီး တစ်အိတ်ကို ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၅၀၀ ရှိကြောင်း ကုန်စည်ဒိုင် ဈေးနှုန်းများအရ သိရပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်နည်းပြီး ဝယ်လိုအားများတဲ့အတွက် ဈေးတက်တာဖြစ်ကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာဆန်အဝင်လျော့ပြီးအရောင်းအဝယ်အနည်းငယ်လျော့ကြောင်း၊ ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်းသိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ ဖေဖော်ဝါရီ ၁ရက်မှ၇ရက်အထိ ၂၆၃၈၅တန်ရှိပြီး ယခင်တစ်ပတ်ထက် အဝင်လျော့ကြောင်းနဲ့တစ်ဖက်တရုတ်နိုင်ငံမှာ ရိုးရာနှစ်သစ်ကူးပွဲတော်နီးပြီဖြစ်တဲ့အတွက် အရောင်းအဝယ်လျော့သွားတာဖြစ်ကြောင်း မူဆယ်မှသိရပါတယ်။ ဖေဖော်ဝါရီ ၉ရက်ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၂၀၈ ကျပ်ဈေးပေါက်တယ်လို့ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ဇန်နဝါရီလအတွင်း ဆန်တင်ပို့မှု အနီးစပ်ဆုံးလထက်ပိုမို

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၈၇ သန်းတန်ဖိုးရှိ ဆန် ၄၂၄၁၁ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၆၄၃၇ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၄၀ နဲ့ ငစိန်ဆန် ၂၆၈ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၄၂၅၁ တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၅၀၀၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၉၅၁တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၃၁၀၇ တန်လျော့နည်းခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၅၀၈ သန်းတန်ဖိုးရှိ ဆန် ၂၆၁၀၈၃ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဒီဇင်ဘာလတင်ပို့မှုထက်၄၂၁၆ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရှိရပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄၄ သန်းတန်ဖိုးရှိဆန်ကွဲ၁၁၈၀၅တန်တင်ပို့ခဲ့ရာ အနီးစပ်ဆုံး ဒီဇင်ဘာလ တင်ပို့မှုထက် ၄၈၃၇တန်ပိုမိုကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၇၇သန်းတန်ဖိုးရှိ ဆန် တန်ချိန် ၄၀၃၂၀ တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အိုင်ဗရီကို့စ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး မက်ဒါဂါစကား၊ ဂီနီ၊ အင်ဒိုရာ၊ ရုရှား၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ချီလီနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ရာ စုစုပေါင်းဧည့်မထ ဆန် ၃၈၈၉၅ တန်၊ ငစိန်ဆန် ၆၂၅တန်နဲ့ ပေါင်းဆန်တန်ချိန် ၃၀၀ တင်ပို့ခဲ့ပါတယ်။ ဒါ့အပြင် ယခုတစ်ပတ်မှာ မော်ရိုကိုနိုင်ငံကို ဈေးကွက်သစ်ရရှိခဲ့ပြီး ပေါင်းဆန်တန်ချိန် ၅၀၀ တင်ပို့နိုင်ခဲ့ကြောင်းသိရပါတယ်။

ဇန်နဝါရီလအတွင်းမှာ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၂၅၆ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၀၄၉၇၇ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဒီဇင်ဘာလ တင်ပို့မှုထက် ၃၁၅၂၇ တန် ပိုမိုကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၀၂သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၈၇၅၀ကို ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။

ဇန်နဝါရီလအတွင်းမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၈၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၃၆၄၃၉ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဒီဇင်ဘာလ တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက၄၂၁၆ တန်လျော့နည်းခဲ့ပါတယ်။

ဇန်နဝါရီလအတွင်းမှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် ၃၆၆၀၆၀နဲ့ဆန်ကွဲ၄၈၂၄၄ တန်တင်ပို့ခဲ့ပြီး ယခင်လထက် ဆန်ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၇ | ၄၂၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၇ | ၄၁၂ | ▽ | ၄၃၅ | ၄၃၅ | ▽ | ၄၃၀ | ၄၃၀ | □ | ၄၀၂ | ၃၉၂ | ▽ |
| ဆန်ဖြူ ၁၀% | ၄၂၅ | ၄၃၀ | △ | ၄၃၀ | ၄၁၂ | ▽ | - | - | - | ၃၉၈ | ၃၈၇ | ▽ |
| ဆန်ဖြူ ၁၅% | ၄၂၀ | ၄၀၇ | ▽ | ၄၂၅ | ၄၀၅ | ▽ | - | - | - | ၃၉၄ | ၃၈၂ | ▽ |
| ဆန်ဖြူ ၂၅% | ၃၉၉ | ၃၉၂ | ▽ | ၄၁၀ | ၃၉၅ | ▽ | ၃၉၀ | ၃၉၀ | □ | ၃၆၇ | ၃၅၈ | ▽ |
| ပေါင်းဆန် | ၄၇၀ | ၄၆၀ | ▽ | - | - | - | ၄၂၃ | ၄၃၅ | △ | ၄၃၇ | ၄၄၅ | △ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၉-၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၃၀ | □ | ၂၂၅၀၀ | □ | ၇၆၁၆ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၃၀၀ | □ | ၂၂၀၀၀ | □ | ၇၆၅၀ | □ | ၃၄၅၀၀ | □ |
| ပဲခူး | ၅၂၀၀ | △ | ၂၂၀၀၀ | △ | ၆၅၀၀ | □ | ၃၄၀၀၀ | △ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၂၀၀၀ | □ | ၃၉၅၀၀ | △ |
| စစ်တွေ | ၄၂၅၀ | △ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၁၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | △ | ၂၃၅၀၀ | △ | - | - | ၄၈၅၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၉၀၀ | △ | ၂၁၅၀၀ | ▽ | - | - | ၃၃၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၈၀၀၀ | △ |
| မကွေး | ၆၅၀၀ | □ | ၂၂၅၀၀ | ▽ | - | - | ၃၇၀၀၀ | △ |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၅၀၀ | ▽ | ၃၀၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၄၇၀၀ | □ | ၂၄၅၀၀ | △ | - | - | ၃၃၀၀၀ | △ |
| ဘားအံ | ၅၂၀၀ | △ | ၂၆၅၀၀ | △ | - | - | ၃၈၅၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၅-၂-၂၀၁၈ မှ ၉-၂-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 866 | 43,688,536.716 |
| 2 | Form D | 94 | 4,356,015.240 |
| 3 | Form E | 156 | 2,969,025.620 |
| 4 | Korea GSP | 13 | 163,922.700 |
| 5 | Form AK | 118 | 5,604,528.270 |
| 6 | Form AJ | 15 | 520,866.980 |
| 7 | Form AI | 45 | 1,837,385.250 |
| 8 | Form AANZ | 19 | 237,584.900 |
| 9 | Form DFTP | 3 | 297,000,000 |
| **Grand Total** | | **1329** | **59,674,865.676** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂/၂ | ၉/၂ | ပြောင်းလဲမှု | ၂/၂ | ၉/၂ | ပြောင်းလဲမှု | ၂/၂ | ၉/၂ | ပြောင်းလဲမှု | ၂/၂ | ၉/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၁၀ | ၈၉၆ | ▼ | ၈၆၇ | ၈၃၃ | ▼ | ၈၈၅ | ၈၆၀ | ▼ | ၉၂၅ | ၉၁၅ | ▼ |
| ပဲစင်းငုံ | ၇၀၂ | ၇၁၄ | ▲ | ၆၆၇ | ၇၀၀ | ▲ | ၆၆၅ | ၆၇၅ | ▲ | ၆၆၅ | ၆၉၅ | ▲ |
| ပဲတီစိမ်း | ၁၂၈၀ | ၁၂၀၀ | ▼ | ၁၄၄၂ | ၁၇၆၀ | ▲ | ၁၂၈၉ | ၁၂၁၁ | ▼ | ၁၄၂၀ | ၁၄၂၀ | ■ |
| ကုလားပဲရိုးရိုး | ၂၀၀၀ | ၂၀၀၀ | ■ | ၁၆၀၇ | ၁၆၂၄ | ▲ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၄၇၅ | ၁၄၇၅ | ■ |
| ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၅၀ | ▲ | ၁၄၁၇ | ၁၃၃၃ | ▼ | - | - | - | ၁၅၃၀ | ၁၃၁၅ | ▼ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၄၈၉ | ၂၆၆၇ | ▲ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၉-၂-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၂/၂ | ၉/၂ | ပြောင်းလဲမှု | ၂/၂ | ၈/၂ | ပြောင်းလဲမှု | ၂/၂ | ၈/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၁၅ | ၄၂၀ | ▲ | ၆၄၅ | ၆၄၇ | ▲ | ၅၆၆ | ၅၆၁ | ▼ |
| ပဲစင်းငုံ | ၃၂၅ | ၃၅၅ | ▲ | ၆၃၃ | ၆၅၅ | ▲ | ၇၅၅ | ၆၅၉ | ▼ |
| ပဲတီစိမ်း | ၆၂၅ | ၆၂၅ | ■ | - | - | - | ၆၆၀ | ၇၆၄ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၆၁၃ | ၆၁၆ | ▲ | ၆၆၀ | ၆၄၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၀.၁.၁၈)ထိ | ယခုတစ်ပတ် (၃.၂.၁၈)ထိ | (၁.၁.၁၈) မှ (၃.၂.၁၈) ထိ |
| မတ်ပဲ | ၂၀၉၃၆ | ၆၂၁၁ | ၂၇၁၄၇ |
| ပဲတီစိမ်း | ၆၇၁၁ | ၂၂၉၈ | ၉၀၀၉ |
| ပဲစင်းငုံ | ၁၂၃၈၆ | ၁၄၁၉ | ၁၃၈၀၅ |
| ကုလားပဲ | ၃၉ | ၁၄၇ | ၁၈၆ |
| ပဲလွန်းဖြူ | ၄၃၈ | ၂၅၀ | ၆၈၈ |
| မြေထောက်ပဲ | ၁၅ | ၁၂၀ | ၁၃၅ |

## ပြည်ဘိုကိတ်ပဲသစ်ဈေးငြိမ်ပြီး လက်လီ/လက်ကားအရောင်းအဝယ်ဖြစ်

ဖေဖော်ဝါရီလဆန်း ပြည်ပဲမျိုးစုံဈေးကွက်သို့ ပန်းတောင်းနှင့် ပြည်အနီးတစ်ဝိုက်မှ ဘိုကိတ်ပဲသီးနှံသစ်များ တစ်ရက်အိတ် ၅၀ ကျော် ဝင်ရောက်ခဲ့သလို အရောင်းအဝယ်ဖြစ်မှုမှာလည်း လက်လီ/လက်ကားရောင်းဝယ်ခဲ့တာတွေ့ရပါတယ်။ လက်ကားဝယ်ယူမှုအနေဖြင့် ရန်ကုန်ဝယ်လက်အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲသစ်ဈေးမှာတစ်တင်းကျပ် ၂၅၀၀၀ ဖြင့် ဈေးအတက်အကျမရှိဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီလအတွင်း ရရှိခဲ့သော ဘိုကိတ်ပဲသီးနှံဈေးကလည်း တစ်တင်းကျပ် ၂၄၅၀၀ သာရရှိလို့ ယခုနှစ်နှင့်ယခင်နှစ်ရဲ့ ပဲဈေးနှုန်းမှာ ကွာခြားမှုသိပ်မရှိခဲ့ဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူသီးနှံ ယခင်နှစ်ဈေးထက်ဈေးလျော့အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်ရဲ့ လက်လီ/လက်ကားအရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲများအနက် လက်လီရောင်းဝယ်မှုအဖြစ်များတဲ့ ပဲများထဲမှာ ပဲလွန်းဖြူသီးနှံလည်း တစ်မျိုးအပါအဝင်ဖြစ်ခဲ့ပါတယ်။ ပဲသစ်အိတ်အနည်းငယ်သာဝင်ရောက်ခဲ့ပြီး လက်လီရောင်းဝယ်မှုသာရှိတာကြောင့် အိတ်အရေအတွက်လည်း အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲဈေးမှာတစ်တင်းကျပ် ၂၅၀၀၀ ဖြင့် ဈေးငြိမ်နေပြီး ဘိုကိတ်သီးနှံနှင့်ဈေးတူရရှိခဲ့ပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီလအတွင်း ပဲလွန်းဖြူသီးနှံမှာ တစ်တင်းကျပ် ၂၇၀၀၀ အထိ ရရှိခဲ့တာကြောင့် ယခုနှစ်ပဲသစ်ဈေးက ယခင်နှစ်ဈေးနှုန်းကိုမမီခဲ့ဘူးလို့သိရပါတယ်။

**ခင်ဆွေဝင်း**

# မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်တွင် ပဲမျိုးစုံကုန်စည်ဒိုင်ဖွင့်လှစ်



မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက် စာတိုက်လမ်းရှိညောင်တုန်းပဲမျိုးစုံကုန်စည်ဒိုင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ညောင်တုန်းမြို့နယ် ပဲမျိုးစုံကုန်စည်ဒိုင်အသင်းဥက္ကဋ္ဌ၊ စည်ပင်သာယာရေးအလုပ်အမှုဆောင်အရာရှိ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးအောင်လွင်နှင့် ပဲနှမ်းအသင်းမှလုပ်ငန်းရှင် ၂၀ ဦး တက်ရောက် ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ညောင်တုန်းပဲနှမ်းကုန်စည်ဒိုင်ဥက္ကဋ္ဌက မိမိတို့ကုန်စည် ဒိုင်သည် ရာသီချိန်ကုန်စည်ဒိုင်ဖြစ်ခြင်း၊ငွေကြေးအရှုပ်အရှင်းကင်းရှင်းခြင်းနှင့် တစ်နိုင်တစ်ပိုင် ရောင်းဝယ်ဖောက်ကားမှုများပြုလုပ်ကြပြီး စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် ကြိုးစားကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးအောင်လွင်ကလည်း ကုန်စည်ဒိုင်၏အရေးပါမှုများကို ရှင်းလင်းခဲ့ပြီး တစ်ဦးချင်းရောင်းချခြင်းထက် ကုန် စည်ဒိုင်တွင် ရောင်းချခြင်း၏ အားသာချက်များအနေဖြင့် ကုန်ပစ္စည်းအရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ငွေကြေးလိမ်လည်မှုများ ကင်းဝေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း၊ ကုန်စည်ဒိုင်၏အင်္ဂါရပ်များ ပြည့်စုံစွာထားရှိရန်နှင့်နေ့စဉ်ရောင်းဝယ်မှုစာရင်း၊ ဈေးနှုန်းများကို ဌာနသို့ အချိန်မီတင်ပြပေးနိုင်ရန် အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Consumer-MT**

## ပြည်ပဲတီစိမ်းသီးနှံဝယ်လိုအားကောင်းလို့ နေ့စဉ်အရောင်းအဝယ်ဖြစ်

ဖေဖော်ဝါရီလဆန်းရက် ပြည်ပဲမျိုးစုံဈေးကွက်တွင် ပဲတီစိမ်းသီးနှံမှာ ဇန်နဝါရီလအတွင်းကလောက် ပဲဝင်ရောက်မှုမရှိတော့ဘဲ ပဲအဝင်နည်းသွားခဲ့တယ်လို့သိရပါတယ်။ သို့သော်လည်း တစ်ရက်အိတ် ၃၀၀ ကျော် ၄၀၀ အထိတော့ ဝင်ရောက်လျက်ရှိပြီး နေ့စဉ်အဝင်ရှိသမျှ ရောင်းဝယ်မှုရှိခဲ့ကြောင်းသိရပါတယ်။ မန္တလေးလိုင်းသမားဝယ်လိုအားရှိတာကြောင့် တစ်တင်းကျပ် ၂၆၀၀၀ဖြင့် ဇန်နဝါရီ လကုန်မှာ ဈေးအနည်းငယ်ပိုလာခဲ့တာကို တွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံမှာ ပဲသစ်စပေါ်ချိန်မှ ယခုချိန်ထိ ဈေးသိသိသာသာမြင့်တက်လာခြင်းမျိုးမရှိဘဲ တစ်တင်းကျပ် သုံးသောင်းအောက်ဖြင့် မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးများထက်တော့ ဈေးပိုရနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံသစ်များဝင်ရောက်မှုများသလို ရန်ကုန်ဝယ်လက်အဝယ်ရှိ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပေါက်ခေါင်း၊ ပန်းတောင်း၊ မင်းတုန်း၊ ကံမ မြို့နယ်များမှ ပဲစင်းငုံသစ်များနေ့စဉ်ဝင်ရောက်လာခဲ့တယ်လို့ သိရပါတယ်။ တစ်ရက်လျှင် အိတ် ၃၀၀ မှ ၄၀၀ ကျော်ဝင်ရောက်ခဲ့ကာ ရန်ကုန်ဝယ်လက်မှ နေ့စဉ်ဝယ်ယူလျက်ရှိလို့ တစ်တင်းကျပ် ၁၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဟောင်းရော ပဲသစ်များပါရှိပြီး ပဲဟောင်းထက်ပဲသစ်ကပိုအရောင်းအဝယ်ဖြစ် ခဲ့တာကို တွေ့ရပါတယ်။ ပဲသစ်မဝင်ရောက်မီကာလ ပဲစင်းငုံသီးနှံဟာတစ်တင်းကျပ် တစ်သောင်းခန့်သာရရှိခဲ့ပေမယ့် ပဲသစ်ဝင်ရောက်ချိန်မှစ၍ ပဲဟောင်းထက် ဈေးပိုရလာခဲ့ပြီး တစ်တင်းကျပ် ၁၃၅၀၀ ဖြင့် ဈေးဖွင့်ခဲ့သလို ယခုချိန်ထိလည်း ပဲဟောင်းဈေးထက် ဈေးပိုနေကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပဲလှော်ဖိုများက အဝယ်ရှိလာလို့ ဈေးပြန်မြင့်လာတဲ့မြေပဲလုံးဆန်အနီ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲလုံးဆန်(အနီ)ကို အဝယ်ရှိလာသဖြင့် ဈေးမြင့်လာပေမယ့် ဆီဆန်နှင့်လုံးဆန်(အဖြူ)မှာ ဈေးငြိမ်နေတာတွေ့ရပါတယ်။ မြေပဲဆန်(အနီ)ကို အကြော်ဖိုသမားများက အဝယ်ရှိနေသဖြင့် ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် ကျပ် ၅၀ ခန့် ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် လုံးဆန်(အဖြူ)နဲ့ ဆီဆန်ကို ဝယ်လိုအားနည်းသွားသဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့်လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ၂၃၇၅ ကျပ်ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ လုံးဆန်(အနီ)မှာ တစ်ပိဿာလျှင် ကျပ် ၂၁၅၀ ဖြင့် ပဲလှော်ဖိုများကအဝယ်ရှိလာလို့ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ် မြင့်တက်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးတက်

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးမှာ တဖြည်းဖြည်းတက်လျက်ရှိပြီး မြေပဲလုံးဆန်နီ(မြောင်)အဟောင်းတစ်ပိဿာလျှင် ကျပ်၂၀၀၀၊ မြေပဲနီလုံးဆန်(မြောင်)အသစ်တစ်ပိဿာလျှင် ကျပ် ၂၃၅၀၊ ကျွန်းဆန်တစ်ပိဿာလျှင်ကျပ်၂၃၀၀၊ S1(မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၂၁၀၀ မှ ၂၄၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်ရေစကြိုဒေသထွက် မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် အနည်းငယ်ကျနေပြီး မတ်ပဲတစ်တင်းလျှင်ကျပ် ၁၅၀၀၀နှင့် ၁၆၀၀၀ ကြားဈေးရပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နတ်တော်ပဲ (ခေါ်) ပဲလွန်းဖြူ တစ်တင်းလျှင် ကျပ်၂၅၀၀၀၊ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၂၅၀၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၁၀၂၀၀ ဖြင့် အိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့ ကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**လှိုင်ဉမှာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၈.၂.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့်ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.BOSSOIL-1 | P.Oil (In Bulk ) ၅၀၀၀ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၁) | - MAX CRUSADER | ကုန်သေတ္တာ၄၁၀ကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း (၁) | - KOTA HASIL | ကုန်သေတ္တာ၄၅၀ကုန်တင်၄၇၇ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - MAERSK WELLINGTON | ကုန်သေတ္တာ၅၄၄ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - MCC HALONE | ကုန်သေတ္တာ၃၈၉ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - MAAN AUNG | Steel Bar & Coil ၆၇၂၅တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - CHIOS TRINITY | ဆန် ၂၆၂၅၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - KYAUK PYU | Steel Bar ၅၀၂၆တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၃) | - DAWEI | ကုန်သေတ္တာ ၁၅၀ ကုန်တင် ၂၃၆ ကုန်ချဆဲ |
| Myanmar Integrated Port Ltd | - HAN THAR | Deformed Bars ၉၁၉၅ တန်ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၂) | - SHAHR E KORD | ကုန်သေတ္တာ ၂၄၁ ကုန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၄) | - NACC POROS | Cement (In Bulk) ၇၀၀၀တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - PACIFIC ABILITY | Steel &Equipment ၂၈၁၁၇တန်ကုန်ချရန် |
| MMTM JETTY | - MT.OCEAN WINNER | Disel Oil & MOGAS 92 RON၁၉၄၃၀ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GREAT LEGEND | COAL(In Bulk) ၃၀၀၀၀ တန်ကုန်ချရန် | INDONESIA | ၉.၂.၂၀၁၈ |
| CO CO GYUN | Locomotives & Pants ၅၃၀ တန်ကုန်ချရန် | INDIA | ၉.၂.၂၀၁၈ |
| LOTUS LEADER | Units 20 PKGS Vehicle (R0/RO) ၅၈၆ တန်ကုန်ချရန် | JAPAN | ၁၁.၂.၂၀၁၈ |
| DA HUA | ကုန်သေတ္တာ၁၀ကုန်တင် | SINGAPORE | ၁၂.၂.၂၀၁၈ |
| CP SHEN ZHEN | Steel Product ၂၈၈၆၈တန် ကုန်ချရန် | CHINA | ၁၅.၂.၂၀၁၈ |
| PINTAIL | ဆန် ၂၈၀၀၀ တန်ကုန်တင်ဆဲ | W/AFRICA | ၁၅.၂.၂၀၁၈ |
| GEOR GIANA | Steel &Equipment ၂၅၇၀၀ တန်ကုန်ချရန် | CHINA | ၁၆.၂.၂၀၁၈ |
| DEL SOL | Units 20 PKGS ၂၀တန် ကုန်ချရန် | SINGAPORE | ၁၇.၂.၂၀၁၈ |
| TAN BINH-89 | UREA(In Bulk) ၆၀၀၀ တန်ကုန်ချရန် | MALAYSIA | ၂၀.၂.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၂.၂၀၁၈ |
| MCC SHENGHAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၀.၂.၂၀၁၈ |
| FSL SANTOS | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၀.၂.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၂.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၂.၂၀၁၈ |
| PATHEIN STAR | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၂.၂၀၁၈ |
| NINOS | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၂.၂.၂၀၁၈ |
| TOVE MAERSK | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၂.၂.၂၀၁၈ |
| KOTA HADIAH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၂.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၂.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၂.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၂.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT. OCEAN WINTER | MOGAS 92 RON | - | ၉.၂.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | - | ၉.၂.၂၀၁၈ |
| MT.FLY SEAL | MOGAS 92 RON | SINGAPORE | ၁၀.၂.၂၀၁၈ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၁၀.၂.၂၀၁၈ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ | SINGAPORE | ၁၀.၂.၂၀၁၈ |
| MT.PRIMROSE | P'Oil | INDONESIA | ၁၀.၂.၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၀.၂.၂၀၁၈ |
| MT.CORVUS | P'Oil | INDONESIA | ၁၁.၂.၂၀၁၈ |
| MT.GAS COURNAGE | LPG GAS | SINGAPORE | ၁၂.၂.၂၀၁၈ |
| MT.AULAC FORTUNE | ဒီဇယ်ဆီ | SINGAPORE | ၁၃.၂.၂၀၁၈ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၁၄.၂.၂၀၁၈ |
| MT.OCEANIC CYAN | MOGAS 92 RON | SINGAPORE | ၁၄.၂.၂၀၁၈ |
| MT.BELUGA PACIFIC | ဒီဇယ်ဆီ | SINGAPORE | ၁၄.၂.၂၀၁၈ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၁၆.၂.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁၉.၂.၂၀၁၈ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | SINGAPORE | ၂၁.၂.၂၀၁၈ |

# M ခုနစ်လုံး၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် MSMEs M ခုနစ်လုံး

သိန်းမြင့်ဝေ

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။ အထူးသဖြင့် တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (Micro,Small and Medium Enterprises-MSMEs) တို့သည် ထိုစိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်ခံစားနေရပါသည်။ ထို့ကြောင့် MSME များသည် သော့ချက်ကျသည့် အချက်(၇)ချက်ဖြစ်သော M ခုနစ်လုံး (7Ms) ကို လိုက်နာကျင့်သုံးပြီး စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသင့်ပါသည်။

M ခုနစ်လုံးအနက် ပထမM မှာ Mindset ဖြစ်ပြီး စီးပွားရေးလုပ်ငန်းငယ်များကို လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်နှင့် ဝန်ထမ်းလုပ်သားများသည် လုပ်ငန်းနှင့်ပတ်သက်ပြီး စိတ်နေစိတ်ထား သို့မဟုတ် သဘောထားခံယူချက် ပြောင်းလဲရန် လိုအပ်ကြောင်း ပြောကြားလိုခြင်းဖြစ်သည်။ ဒုတိယအချက်မှာ Mastery ဖြစ်ပြီး လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းအကြောင်း အထူးကျွမ်းကျင်ရန် လိုအပ်ကြောင်း အကြံပြုလိုခြင်းဖြစ်သည်။ တတိယအချက်မှာ Mentoring ဖြစ်ပြီး လုပ်ငန်းရှင်အပါအဝင် ဝန်ထမ်းလုပ်သားများအား လေ့ကျင့်သင်တန်းပေးရမည်ဖြစ်ကြောင်း ထောက်ပြခြင်းဖြစ်သည်။

စတုတ္ထမြောက် M မှာ Markets ဖြစ်ပါသည်။ MSME လုပ်ငန်းရှင်များသည် ဈေးကွက်များအကြောင်း နားလည်အောင် လေ့လာရမည်ဖြစ်ကြောင်း၊ ဈေးကွက်ထောက်လှမ်းခြင်းနှင့် ဈေးကွက်သတင်းအချက်အလက်များကို သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခြင်းဖြစ်ပါသည်။ ပဉ္စမမြောက် M သည် လုပ်ငန်းအတွက် မဖြစ်မနေလိုအပ်သော ငွေကြေးအရင်းအနှီးဖြစ်သည့် Money ကို ရည်ညွှန်းပြီး နောက်ထပ် သော့ချက်ကျသည့်M မှာလုပ်ငန်းကောင်းမွန်စွာလည်ပတ်ရေးအတွက် လိုအပ်သော စက်နှင့်စက်ပစ္စည်းကိရိယာများ (Machines) ကို ရည်ညွှန်းပါသည်။ နောက်ဆုံး Mမှာ Models ဖြစ်ပြီး စနစ်ကျကောင်းမွန်မှန်ကန်သော စီးပွားရေးလုပ်ငန်းပုံစံ (Business model) ကို ကျင့်သုံးမှသာလျှင် MSME များ လုပ်ငန်းတိုးတက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း အကြံပြုပြောကြားခြင်းဖြစ်သည်။

ဖော်ပြပါ M ခုနစ်လုံးအတိုင်း ဆောင်ရွက်ပါက ကောင်းမွန်သော လုပ်သာကိုင်သာရှိသည့် စီးပွားရေး လုပ်ငန်းပတ်ဝန်းကျင် (Enabling business environment) ကို ဖန်တီးနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် စွမ်းဆောင်ရည် (Productivity and efficiency) ကို တိုးတက်စေခြင်း၊ ဈေးကွက်ရရှိခြင်း (Access to market)နှင့်ငွေကြေးအရင်းအနှီးရရှိခြင်း (Access to finance) စသည့် ကောင်းကျိုးများကို ဖြစ်ထွန်းစေပါသည်။ ဥပမာအားဖြင့် Mentoring ဟူသော လေ့ကျင့်သင်တန်းပေးခြင်းက ထုတ်လုပ်မှုစွမ်းအားနှင့်စွမ်းဆောင်ရည်ကို တိုးတက်စေကြောင်း တွေ့မြင်နိုင်သည်။

## 'pfpfw , fDGa&;

ဒစ်ဂျစ်တယ်လုပ်ဆောင်ခြင်း (Digitalization) သည် စီးပွားရေးလုပ်ငန်းကြီးများနှင့် လုပ်ငန်းငယ်များအတွက် သာတူညီမျှ (Level playing field) ဖြစ်စေသော အလွန်ကောင်းမွန်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဒစ်ဂျစ်တယ်လုပ်ဆောင်ခြင်းနှင့် ဆန်းသစ်ပြောင်းလဲခြင်း (Innovation) မှတစ်ဆင့် MSME များသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သောလုပ်ငန်းများ (Globally-competitive enterprises) အဖြစ် ခုန်ပျံကျော်လွှား ရောက်ရှိသွားနိုင်သည်။ ထို့ပြင် အာဆီယံဒေသတွင်းရှိ လူတိုင်းကိုလည်းကောင်းကျိုးပြုနိုင်ပါသည်။ ဈေးကွက်အတွင်း ဒစ်ဂျစ်တယ်မဟာဗျူဟာများနှင့် e-commerce ကို ပေါင်းစပ်အသုံးပြုပြီး ဆန်းသစ်တီထွင်မှုရှိသော စီးပွားရေးလုပ်ငန်းပုံစံ (Business model) ကို ကျင့်သုံးမည်ဆိုပါက MSME များအတွက် ကြီးမားသော တိုးတက်မှုကို ရရှိနိုင်သည်။

နိုင်ငံ၏ ပြည်ပကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်တိုးတက်အောင် ကြိုးပမ်းအားထုတ်ရင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် MSME များသည် တိုင်းပြည်စီးပွားရေး၏ အဓိကကျောရိုးဖြစ်ပြီး ပြည်တွင်းတိုးတက်မှုနှင့်ဒေသဆိုင်ရာတိုးတက်မှုအတွက် အခြေခံမောင်းနှင်အားဖြစ်သောကြောင့်ဖြစ်ပါသည်။

ပိရမစ်အောက်ခြေ(Bottom of the pyramid)သို့မဟုတ် ဆင်းရဲသော လူအများစုအား လုပ်ပိုင်ခွင့်ပေးခြင်း၊ ၎င်းတို့၏ စားဝတ်နေရေးကို အဆင်ပြေအောင် ဖြည့်ဆည်းပေးခြင်းအားဖြင့် လူတိုင်း၏ဘဝတိုးတက်မှုကို ရရှိအောင်ဆောင်ရွက်နိုင်သည်။ ထိုနည်းတူစွာပင် စီးပွားရေးလောကတွင်လည်း MSME များ၏ အလားအလာကောင်းများကို ထိရောက်စွာအသုံးပြုကြပြီး အာဆီယံဒေသ၏စီးပွားရေးကို တိုးတက်အောင် ဆောင်ကြဉ်းနိုင်ကြောင်းတွေ့ရသည်။ ထို့အတွက် MSME များ၏ လုပ်ငန်းစွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ထိုသို့မြှင့်တင်နိုင်ရန်အတွက် မဟာဗျူဟာမြောက်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ (Strategic imperatives) နှင့်အတူ လုပ်သာကိုင်သာရှိသော စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင် (Effective enabling ecosystem) ကို ဖန်တီးပေးရပါမည်။

ငါးစာမကျွေးဘဲ ကွန်ချက်ပြခြင်းက ပိုမိုကောင်းမွန်ပါသည်။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်နည်းကိုင်နည်း(ငါးဖမ်းနည်း) သင်ပေးခြင်းသည်သာ ဆင်းရဲနွမ်းပါးမှုကို အမှန်တကယ်တိုက်ဖျက်နိုင်မည့်နည်းလမ်းဖြစ်ပါသည်။ ဤနည်းလမ်းအရ လုပ်ငန်းရှင်းများ၏ အရည်အသွေးကို မြှင့်တင်ပေးရန် လိုအပ်လာပါသည်။ ထိုအခါ MSME များနှင့်လုပ်ငန်းရှင်များ၏ အရည်အသွေးကို မြှင့်တင်ရန်အတွက် ဆန်းသစ်ပြောင်းလဲမှု (Innovation) ရှိရန် လိုအပ်ကြောင်း တွေ့ရှိရပြန်ပါသည်။ အရှေ့တောင်အာရှဒေသတွင် MSME များသည် စုစုပေါင်း စီးပွားရေးလုပ်ငန်းအရေအတွက်၏ ၉၅ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းထိရှိပါသည်။ ၎င်းတို့သည် GDP အရလည်းကောင်း၊ ပို့ကုန်တင်ပို့မှုအရလည်းကောင်း လေ့လာပါက ထုတ်လုပ်နိုင်မှုပမာဏ အလွန်ပင်နည်းပါးနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

## r [ mAsL [ majrmufabmif

အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုသည် MSME များအတွက် အခွင့်အလမ်းများကိုသာ ပေးစွမ်းခြင်းမဟုတ်ဘဲ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရစေသည်။ ထို့ကြောင့် MSME များအတွက် စက်ကိရိယာအသစ်များ ဖြည့်တင်းတပ်ဆင်ပေးခြင်း၊ ဒေသဆိုင်ရာတန်ဖိုးပြောင်းလဲမှုကွင်းဆက်များတွင် ပိုမိုပါဝင်စေခြင်းတို့ကို ဆောင်ရွက်ပေးရပါမည်။ ထို့အတွက် အာဆီယံနိုင်ငံအချို့သည် အချက် ၇ချက်ပါဝင်သော မဟာဗျူဟာမြောက်မူဘောင် (Seven-points strategic framework) သို့မဟုတ် 7Ms ကို ကျင့်သုံးနေပြီဖြစ်သည်။ 7Ms သည် အာဆီယံလုပ်ငန်းရှင်များအား ခေတ်မီဆန်းသစ်သော လုပ်ငန်းရှင်များ(Smart entrepreneurs) ဖြစ်လာစေရန် ကူညီပေးနိုင်သည်။ 7Ms ကိုကျင့်သုံးခြင်းက စီးပွားရေးလုပ်ငန်းစတင်ထူထောင်ခြင်း၊ လုပ်ငန်းတည်မြဲပြီး တိုးချဲ့ခြင်းအပြင် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက် ရေးအတွက်လည်း အထောက်အကူပြုနိုင်သည်။

ထို့ကြောင့် အရှေ့တောင်အာရှဒေသရှိ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် 7Ms ကိုကျင့်သုံးပြီး ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများဖြစ်လာအောင် ဖန်တီးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

**Source:business.mb.com.**

❑

## ချင်း

### အောင်ပန်းဈေးကွက်တွင် ချင်းဈေးအနည်းငယ်တက်

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းဈေးအနည်းငယ် ပြန်တက်လာပါတယ်။ ပစ္စည်းအဝင်ကတော့ ပုံမှန်ရှိနေပြီး အရောင်းကတော့ ပြည်တွင်းဝယ်လက်တွေပဲ ပုံမှန်အဆွဲရှိနေပါတယ်။ Export အဆွဲကတော့ ဒီတစ်ပတ်မှာလည်း ငြိမ်နေပါတယ်။

ပြည်ပဝယ်လက်တိုက်ရိုက်အဆွဲမရှိပေမယ့် ဘင်္ဂလားဒေ့ရှ်ကို စစ်တွေ၊ တောင်ကုတ်ဘက်မှတစ်ဆင့် တင်ပို့မှုရှိကြောင်းသိရှိရပါတယ်။ ဒီတစ်ပတ် ချင်းဈေးကတော့ ညံ့စတစ်ပိဿာကျပ် ၂၀၀ ရှိပြီး အခက်အကြီးအသေး ပေါ်မူတည်၍ဈေးကွာသွားလို့ ချင်းခက်ကြီးလုံတွေဆိုရင် တစ်ပိဿာကျပ် ၄၅၀ မှ ၄၇၀ ထိ ရှိပါတယ်။ တစ်ပတ်အတွင်း ချင်းပိဿာချိန် ၁ ဒသမ ၇ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၇၀၀ ကနေ ကျပ် ၉၀၀ထိဈေးရှိနေပြီး အကောင်းဆုံးကတော့ တစ်ပိဿာကိုကျပ် ၁၀၀၀ ထိရှိတယ်လို့ ဈေးကွက်သတင်းအရ သိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းကခုမှစဖော်တာဖြစ်လို့ အနည်းငယ်သာ အဝင်ရှိနေပြီး အစိုဓာတ်လည်းရှိနေသေးတာကြောင့် အရောင်းအဝယ် သိပ်မဖြစ်ဘူးလို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ရန်ကုန်ဝယ်လက်အနည်းငယ်ရှိလို့ ပိဿာချိန် ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အခက်ကြီးတွေက တစ်ပိဿာကျပ် ၂၇၀၊ ပယ်ချင်းတွေက တစ်ပိဿာကျပ် ၂၅၀ ရှိတယ်လို့ ပွဲရုံများမှ သတင်းရရှိပါတယ်။

**စောယုထွေး(တောင်ကြီး)**

### ပင်လယ်ရေကြောင်းမှ ချင်းတန်ချိန် ၃၇၀ကျော်တင်ပို့

ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ရက်အထိ သီတင်းပတ်အတွင်း ချင်း ၃၇၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၁၆၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၂၁၀ လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၉၉၈၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

### နနွင်းအဝင်များပေမယ့် အရောင်းအေး

ဟိုပုံးဈေးကွက်မှာတော့ ဟိုပုံးနီးနားတစ်ဝိုက်ကထွက်တဲ့ နနွင်း အသစ်များ ပိဿာချိန် လေးသောင်း၊ ငါးသောင်းခန့် ဈေးကွက်ထဲသို့ အဝင်ရှိနေတယ်လို့ သိရပါတယ်။ အဝင်များပေမယ့် အရောင်းအဝယ်က အေးနေသေးတယ်လို့လည်း သိရပါတယ်။ ပြည်ပဝယ်လက်အဆွဲမရှိဘဲ ဒေသတွင်းဝယ်လက်များက နနွင်းအခြောက်ပြုလုပ်ဖို့ အတွက်သာအဆွဲရှိနေပါတယ်။ ဈေးနှုန်းတွေကတော့ နနွင်းအစို(ထိပ်စ) တစ်ပိဿာ ကျပ် ၃၀၀၊ အညံ့စ တစ်ပိဿာကျပ် ၁၅၀ရှိပါတယ်။ နနွင်းခြောက်ဈေးကတော့ မရှိသေးဘူးလို့လည်း သိရှိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ဒီတစ်ပတ်မှာနနွင်းအသစ်များ ယခင်တစ်ပတ်ထက် အဝင်အနည်းငယ်လျော့သွားတယ်လို့သိရပါတယ်။ အခုမှစဝင်တာမို့ အရောင်းအဝယ် အေးနေပါတယ်။ ပြည်ပအဆွဲမရှိ၊ ပြည်တွင်းဝယ်လက်တွေဖြစ်တဲ့ ရန်ကုန်၊ ပြည်၊ စစ်တွေဝယ်လက်တွေသာ ပုံမှန်အဆွဲရှိနေပါတယ်။ လက်လီပြန်ရောင်းတဲ့ဈေးပတ်သမားတွေရယ်၊ အမှုန့်ကြိတ်လုပ်ငန်းလုပ်ကိုင်တဲ့သူတွေရယ်ကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန်တစ်သိန်းကျော်လောက်တော့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး နနွင်းခြောက်ဈေးနှုန်းကတော့ တစ်ပိဿာကိုကျပ် ၁၀၀၀- ၁၁၀၀ ဈေးရှိတယ်လို့ နနွင်းပွဲရုံတွေထံမှသိရှိပါတယ်။

**စောယုထွေး၊ တောင်ကြီး**

### ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံသို့ နနွင်းတန်၄၀၀နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလအတွင်း နနွင်း ၃၈၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ရက်အတွင်း သီတင်းပတ်မှာတော့ အမေရိကန်ဒေါ်လာ ၁၀၈၈၆၁ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) တန် ၁၅၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၉ တန်နဲ့ နှိုင်းယှဉ်ပါက မူဆယ်မှ နနွင်းပုံမှန်တင်ပို့မှုရှိနေတာ တွေ့ရပါတယ်။

၂၀၁၆ ဖေဖော်ဝါရီမှာ နနွင်းတက်တစ်တန်ကို(ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေး ကျပ် ၈၄၇၀၀၀၊ ၂၀၁၇ဖေဖော်ဝါရီမှာကျပ် ၉၂၄၇၅၀ ရှိခဲ့ပြီး ၂၀၁၈ဖေဖော်ဝါရီ မှာ ကျပ် ၉၅၉၉၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

### ယခုတစ်ပတ် ပြောင်းဖူးစျေး၊ မတ်ပဲနှင့် ကြက်သွန်နီဈေးကောင်းရ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီအသစ် တစ်တင်းလျှင် ကျပ် ၁၃၂၀၀ ဖြင့်အိတ် ၂၀၀ နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင်ကျပ် ၁၂၈၀၀ ဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်၊ ကုလားပဲဝါ HL အဟောင်းတစ်တင်းလျှင် ကျပ် ၂၉၀၀၀ ဖြင့်အိတ် ၅၀ ခန့်၊ အသစ်ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၇၀၀၀ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲ ဖြူလုံးကြီး V2 အသစ်တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့်အိတ် ၅၀ ခန့်၊ အ ဟောင်းတစ်တင်းလျှင်ကျပ် ၂၉၀၀၀ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြောင်းဖူးစေ့ (CP) ဈေးတရိပ်ရိပ်တက်လျက်ရှိပြီး ဇန်နဝါရီ လပထမပတ်က တစ်တင်းလျှင်ကျပ် ၈၇၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင်ကျပ် ၁၀၁၀၀ ဖြင့်အိတ် ၅၀ မှ ၁၀၀ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

မတ်ပဲတစ်တင်းလျှင်ကျပ် ၁၇၀၀၀ ဖြင့် အိတ်ရေ ၅၀ ကျော်ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်တွင် ပြည်ပမှအဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းနက် (ဂွ) တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင်ကျပ် ၃၂၅၀၀ ဖြင့် အိတ်ရေ ၅၀၊ နှမ်းနက်(စမုံ) တစ်တင်းလျှင်ကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ ဖြင့် အိတ်ရေ ၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က ကြက်သွန်နီဈေးအနည်းငယ် ကျဆင်းခဲ့ပြီး ယခုတစ်ပတ်မှာတော့ ကြက်သွန်နီအဝင်နည်းကာ ဈေးတရိပ်ရိပ်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်ကကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စတစ်ပိဿာ လျှင် ၁၆၂၅ကျပ်၊ လတ်စ တစ်ပိဿာလျှင်ကျပ် ၁၂၀၀၊ နိမ့်စ တစ်ပိဿာလျှင်ကျပ် ၆၀၀ ရှိခဲ့ရာမှယခု တစ်ပတ်တွင် ကြက်သွန်နီလက်ကားဈေးမှာထိပ်စတစ်ပိဿာလျှင်ကျပ် ၂၀၀၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ နိမ့်စတစ် ပိဿာလျှင်ကျပ် ၉၀၀ ဖြင့်နေ့စဉ်ပိဿာချိန် ၈၀၀၀မှ ၂၅၀၀၀ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**



### ပြည်ကြက်သွန်နီဈေးနှုန်းများ ပြန်လည်မြင့်တက်

ယခုတစ်ပတ်အတွင်း ကြက်သွန်နီဈေးနှုန်းများဟာ တစ်ပိဿာလျှင်ပျမ်းမျှကျပ် ၂၀၀ ခန့်မြင့်တက်သွားတာ တွေ့ရပါတယ်။ ဇန်နဝါရီ ဒုတိယပတ်မှစ၍ ကြက်သွန်နီဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာခဲ့ပြီး ယခုတစ်ပတ်အတွင်း ဈေးနှုန်းများပြန်လည်မြင့်တက်လာကြောင်း သိရှိရပါတယ်။

ကြက်သွန်နီအဓိကစိုက်ပျိုးရာဒေသများဖြစ်သော မကွေးတိုင်း၊ မန္တလေးတိုင်းတို့နှင့် တိုက်ရိုက်ချိတ်ဆက်ကာ ရန်ကုန်ဝယ်လက်များမှ ဈေးကောင်းပေး၍ ဝယ်ယူမှုရှိနေသည့်အတွက် ဈေးနှုန်းများမြင့်တက်ရခြင်းဖြစ်တယ်လို့ ပွဲရုံလုပ်ငန်းရှင်များ၏ပြောကြားချက်အရ သိရှိရပါတယ်။

ရန်ကုန်ဝယ်လက်အဆွဲများသဖြင့် ပြည်ဈေးကွက်သို့ ယခုတစ်ပတ်အတွင်း ဝင်ရောက်မှုနည်းသွားတာ တွေ့ရပါတယ်။ ရေနံချောင်း၊ တောင်တွင်း၊ ဆိပ်ဖြူ၊ မကွေးစသည့်နယ်များမှ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့်သာ ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်မှာ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်းဝယ်လက်များနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကိုအိတ် ၁၈၀ မှ ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ အဝင်နည်းပြီး အရောင်းအဝယ်ပုံမှန်ဖြစ်သည့်အတွက် ဈေးကွက်အတွင်းပစ္စည်းလက်ကျန်နည်းနေကြောင်းလည်းသိရပါတယ်။

ဈေးနှုန်းအနေနဲ့ ပွဲရုံလက်ကားဈေးမှာ အရည်အသွေးပေါ် မူတည်၍ခွဲခြားသတ်မှတ်ကာ (ဂွန်)တစ်ပိဿာလျှင် ကျပ် ၁၇၅၀-ကျပ် ၁၈၀၀- ကျပ် ၁၉၀၀- ကျပ် ၂၀၀၀ စသည်ဖြင့် ရောင်းဝယ်လျက်ရှိပြီး လက်လီဈေးများတွင် တစ်ပိဿာ (ကြီး) ကျပ် ၂၄၀၀၊ (လတ်) ကျပ် ၂၀၀၀ - ကျပ် ၂၂၀၀၊ (သေး) ကျပ် ၁၉၀၀ ရှိကာ ယခင်တစ်ပတ်လက်ကားဈေး ကျပ် ၁၅၀၀ -ကျပ် ၁၆၀၀- ကျပ် ၁၇၀၀- ကျပ် ၁၈၀၀ ရှိ၍ လက်လီဈေး (ကြီး)ကျပ် ၂၂၀၀၊ (လတ်) ကျပ် ၂၀၀၀၊(သေး) ကျပ် ၁၈၀၀နှုန်းရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် မြင့်တက်လျက်ရှိတာတွေ့ရပါတယ်။

ပြည်ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများမှာလည်း အစားအသောက်ရောင်းချသူတချို့၏ ဈေးကွက်ဝယ်လိုအားရှိနေပြီး ဝင်ရောက်မှုရဲ့ထက်ဝက်ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တရုတ်ကြက်သွန်နီမှာ ဗမာကြက်သွန်နီရဲ့ဈေးကွက်ပေါ် မူတည်ပြီး ဈေးနှုန်းပြောင်းလဲမှုဖြစ်ပေါ် လျက်ရှိကာ ယခုတစ်ပတ်လက်ကားတစ်ပိဿာလျှင် ကျပ် ၇၀၀မှ ကျပ် ၇၅၀ရှိ၍ လက်လီကျပ်၁၀၀၀တို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရှိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

### ရေလမ်းမှ အင်ဒိုနီးရှားနိုင်ငံသို့ နနွင်းတင်ပို့

ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ သီတင်းပတ်အတွင်း နနွင်း တန် ၅၀ ကို အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန် အမေရိကန်ဒေါ်လာ ၇၀၅ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၁၀-၇၂၀ ရရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းဈေးနည်းနည်းလျော့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့နနွင်းတန်ချိန် ၁၀၉ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလအတွင်း နနွင်းတင်ပို့မှုမှာတန်ချိန် ၅၅၈ ကျော်ရှိခဲ့ပြီး ဒီဇင်ဘာလအတွင်းက တန်ချိန်၃၁၀ကျော်ရှိခဲ့တာကြောင့် ဇန်နဝါရီလမှာနနွင်းတန်ချိန်၂၄၀ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

ကုမ္ပဏီများမှရှယ်ယာများ စတင်ရောင်းချသည့်အချိန်တွင် ရင်းနှီးမြှုပ်နှံသူများမှ အပြိုင်အဆိုင် ဝယ်ယူကြခြင်းကြောင့် ရှယ်ယာဈေးမှာ သိသိသာသာမြင့်တက်လာလေ့ရှိပါသည်။ အထူးသဖြင့် စတင်ရောင်းချသည့်နေ့(သို့မဟုတ်)နာရီအနည်းငယ်အတွင်းတွင် ရှယ်ယာဈေးနှုန်းမှာမြင့်တက်လေ့ ရှိတတ်ပါသည်။ နယူးယောက်စတော့ဈေးကွက်၏ သာဓကအရ ရှယ်ယာဈေးနှုန်းမှာ ကနဦးတွင် မြင့်တက်လာလေ့ရှိသော်လည်း နောက်ပိုင်းတွင် ပြန်လည်ကျဆင်းတတ်သောကြောင့် ရင်းနှီးမြှုပ်နှံသူများသည် မူလဈေးနှုန်းထက် ချိုသာစွာ ဝယ်ယူနိုင်သည့်အခွင့်အရေးရှိပါသည်။ တစ်ခါတစ်ရံ စတင်ထုတ်ဝေထားသည့်ဈေးကိုပင် အချိန်အတန်ကြာသည့်တိုင် ပြန်လည်ရောက်ရှိခြင်းမရှိသည့်အတွက် ဈေးကွက်ကျွမ်းကျင်သူများက ရှယ်ယာများ စတင်ရောင်းချသည့်အချိန်တွင် သာမန်ရှယ်ယာရှင်များအနေနှင့် ပါဝင်ရောင်းဝယ်ခြင်းမပြုသင့်ကြောင်း အကြံပြုထားပါသည်။

ထို့ကြောင့် ဈေးကွက်ကြီးကြပ်သူ အာဏာပိုင်များသည် ရှယ်ယာရောင်းချသည့်ကုမ္ပဏီများနှင့် တာဝန်ခံဖြန့်ချိပေးသည့်ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးများ၏ မလျော်ကန်သည့်ဆက်နွယ်မှုများကိုစုံစမ်းထောက်လှမ်းလေ့ရှိပါသည်။ အချို့တာဝန်ခံဖြန့်ချိသည့် ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးများသည် မိမိတို့၏ ဖောက်သည်များသို့ မူရင်းကမ်းလှမ်းဈေးဖြင့်ရောင်းချကာ ၎င်းတို့က သာမန်ရင်းနှီးမြှုပ်နှံသူများသို့ အမြတ်ဖြင့် ပြန်လည်ရောင်းချသည့်အတွက် ယင်းကိုလည်း အာဏာပိုင်များက စောင့်ကြည့်လေ့ရှိပါသည်။ အချို့သောရင်းနှီးမြှုပ်နှံမှုဘဏ်များမှ ဝန်ထမ်းများအနေနှင့် ရောင်းချသည့် ရှယ်ယာများကို ထုတ်ဈေးနှင့်ဝယ်ယူကာ သာမန်ရင်းနှီးမြှုပ်နှံသူများသို့ တက်ဈေးဖြင့် ရောင်းချသည်ဟု စွပ်စွဲခံရခြင်းများလည်းရှိပါသည်။ ထို့ကြောင့် ဈေးကွက်ထိန်းကျောင်းသည့် အာဏာပိုင်များသည်ရှယ်ယာများ စတင်ထုတ်ဝေရောင်းချသည့်အဆင့် (IPO) တွင်ပင် စနစ်တကျကြီးကြပ်ကွပ်ကဲကြရပါသည်။

### ရှယ်ယာများပြန်လည်ဝယ်ယူခြင်း

ကုမ္ပဏီတစ်ခုသည် ရှယ်ယာများ ထုတ်ဝေရောင်းချသလို တစ်ခါတစ်ရံ ၎င်းတို့၏ရှယ်ယာများကို ပြန်လည်ဝယ်ယူခြင်းလည်း ရှိတတ်ပါသည်။ ယင်းကို Repurchase သို့မဟုတ် Buy-back ပြုလုပ်သည်ဟု ခေါ်ဆိုပါသည်။ ကုမ္ပဏီများသည် အောက်ဖော်ပြပါ အကြောင်းရင်းအမျိုးမျိုးဖြင့် ရှယ်ယာများကို ပြန်လည်ဝယ်ယူလေ့ရှိပါသည်။

- ကုမ္ပဏီတစ်ခုသည် ၎င်းထုတ်ဝေထားသည့် ရှယ်ယာအားလုံးကိုဝယ်ယူကာ အများနှင့်မသက်ဆိုင်သည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီအဖြစ်ပြန်လည် ပြောင်းလဲခြင်း၊ တစ်ခါတစ်ရံ ကုမ္ပဏီ၏ စွမ်းဆောင်ရည်ကောင်းမွန်သည့်တိုင် ၎င်း၏ ရှယ်ယာဈေးများသည် ပေါက်ဈေးအောက် ရောက်နေသည်ဟု ကုမ္ပဏီအရာရှိများက ထင်မြင်သည့်အတွက် ထုတ်ဝေထားသည့် ရှယ်ယာများ၏ တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဝယ်ယူခြင်း၊
- ရင်းနှီးငွေများ ပိုလျှံနေသည့်အချိန်မျိုးတွင် ရှယ်ယာတချို့ကို ပြန်လည်ဝယ်ယူကာ ရှယ်ယာရှင်များသို့ ပြန်လည်ပေးအပ်ခြင်း၊ အချို့နိုင်ငံများသည် ရှယ်ယာရောင်းချခြင်းမှ မြတ်စွန်းသည့်ငွေ (Capital Gain)ကို အခွန်သက်သာခွင့်ပေးသောကြောင့် အမြတ်ဝေစုပေးခြင်းထက် ရှယ်ယာပြန်လည်ဝယ်ယူ ရာမှရရှိသောငွေများဖြင့် ရှယ်ယာရှင်များသို့ ပြန်လည်ပေးအပ်သည့်အတွက် ရှယ်ယာရှင်များအဖို့ အကျိုးပိုမိုဖြစ်ထွန်းခြင်း၊
- အချို့ကုမ္ပဏီများသည် ဝန်ထမ်းများသို့ ရှယ်ယာများပေးဝေရန်ရှိသည့်အတွက် ဈေးကွက်မှရှယ်ယာများ ပြန်လည်ဝယ်ယူခြင်း၊
- လုပ်ငန်းဆောင်ရွက်မှုစရိတ်ကို လျှော့ချရန်အတွက် ဈေးကွက်ထဲရှိ ရှယ်ယာအရေအတွက် အနည်းငယ်သာပိုင်ဆိုင်သောရှယ်ယာရှင်များ၏ ရှယ်ယာများကို ပြန်လည်ဝယ်ယူခြင်းတို့ ဖြစ်ပါသည်။

ရှယ်ယာများ ပြန်လည်ဝယ်ယူခြင်းမှာ အခွန်စနစ်နှင့်များစွာ ဆက်နွယ်လျက်ရှိပါသည်။ နိုင်ငံအတော်များများတွင် ဤစနစ်ကို တွင်ကျယ်စွာသုံးစွဲခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ရှယ်ယာများ ဈေးကွက်မှပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီအနေဖြင့် ရှယ်ယာ




# t upGwvlaps;uGrsenf pawmtd/csefqD

**ထွန်းသက်ထွန်း**

ဈေးကို ကြိုးကိုင်လိုသည့်အတွက်ကြောင့်ဟု မကြာခဏ ဝေဖန်ခံရသောကြောင့် ဖြစ်သည်။ ကုမ္ပဏီသည် ပြန်လည်ဝယ်ယူထားသော ရှယ်ယာများကို မိမိတို့ကိုယ်ပိုင်စာရင်းအတွက် ထားရှိခြင်းကြောင့် ယင်းရှယ်ယာအတွက် မဲပေးပိုင်ခွင့်များမရှိတော့ခြင်း၊ အမြတ်ဝေစုပေးရန် မလိုတော့ခြင်း စသည့်အကျိုးများလည်း ရှိစေပါသည်။ သို့သော်လည်း ကုမ္ပဏီသည် မိမိဝယ်ယူထားသည့် စတော့များကို ဝန်ထမ်းများသို့ ပေးဝေခြင်း၊ ကိုယ်ပိုင်စာရင်းအတွက် ထိန်းသိမ်းထားခြင်းများကို ရှယ်ယာရှင်တို့အတည်ပြုချက်ယူရန်မလိုဘဲ ဆောင်ရွက်နိုင်ပါသည်။ တစ်ခါတစ်ရံ ဝယ်ယူထားသည့် ရှယ်ယာများကိုဈေးကွက်အတွင်းသို့ ပြန်လည်ထည့်ခြင်းကြောင့် ရှယ်ယာရှင်များ၏ တန်ဖိုး ကျဆင်းသွားခြင်းလည်း ရှိတတ်ပါသည်။

### ရှယ်ယာဈေးကိုအကျိုးသက်ရောက်စေသော အကြောင်းရင်းများ

သီအိုရီအရရှယ်ယာတစ်စောင်၏ တန်ဖိုးသည် ကုမ္ပဏီတစ်ခု၏ ရှယ်ယာတစ်စောင်အတွက် အနာဂတ်တွင် ရရှိမည့်အမြတ်ငွေ၏ လက်ငင်းတန်ဖိုးများအပေါ်တွင် မူတည်ပါသည်။ တစ်နည်းဆိုရလျှင် ကုမ္ပဏီ၏ အနာဂတ်ကာလတွင် နှစ်အလိုက် မည်မျှမြတ်စွန်းမည်ကို တန်ဖိုးလျှော့နှုန်းဖြင့် ပြန်လည်တွက်ချက်ကာ လက်ငင်းကာလတွင် မည်မျှ တန်ကြေးရှိမည်ကို ခန့်မှန်းခြင်းဖြစ်ပါသည်။

သို့သော်လည်း လက်တွေ့တွင် ဤခက်ခဲလှသော Discount Cash-flow တွက်ချက်နည်းဖြင့် မည်သူမျှ စတော့ဈေးကိုမဖြတ်ကြပါ။ အမှန်တကယ်တွင် ရှယ်ယာတစ်စောင်ကို ဝယ်ယူရောင်းချရာတွင် ကုမ္ပဏီ၏ ယေဘုယျကျသည့် အကြောင်းအရာများနှင့် ထူးခြားသည့် အခြေအနေများကိုသာအခြေခံ၍ တွက်ချက်လေ့ရှိပါသည်။ ဤအခြေအနေနှစ်ရပ်ကို အောက်ဖော်ပြပါအချက်များဖြင့် တင်ပြထားသော်လည်း မည်သည့်အချက်ကပို၍အရေးကြီးသည်ဟု မမှတ်ယူစေလိုပါ။

### ကုမ္ပဏီ၏ဝင်ငွေ

ကုမ္ပဏီတစ်ခု၏ ဝင်ငွေဆိုသည်မှာ သတ်မှတ်ထားသည့်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများမှ ရရှိသည့်ဝင်ငွေနှင့် အသုံးစရိတ်တို့၏ ခြားနားချက်ပင်ဖြစ်သည်။ ကုမ္ပဏီတစ်ခု၏ ဝင်ငွေသည် ကုမ္ပဏီတစ်ခုအတွင်းရှိ စီမံခန့်ခွဲမှုစနစ်များနှင့် ထုတ်ကုန်အရည်အသွေးများအပေါ် မူတည်ကာ ပြောင်းလဲလေ့ရှိသည်။ ထို့အပြင် ပြင်ပအကြောင်းရင်းများဖြစ်သည့် လူဦးရေသိပ်သည်းမှုနှင့် အပြောင်းအလဲ၊ စီးပွားရေးတိုးတက်မှုနှုန်း အပြောင်းအလဲနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲများပေါ်တွင်လည်း မူတည်လျက်ရှိပါသည်။ ကုမ္ပဏီ၏ခိုင်မာတောင့်တင်းမှုကို ကုမ္ပဏီ၏ ဝင်ငွေကောင်းမွန်မှုတစ်ခုတည်းဖြင့် အမြဲတိုင်းတာ၍မရပါ။ တစ်ခါတစ်ရံ ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ်များကို အချိန်ကိုက်ရရှိစေရန် ဖန်တီးခြင်း၊ စာရင်းဇယားများကို ကစားခြင်းဖြင့် ဝင်ငွေကောင်းမွန်စေရန် ဆောင်ရွက်နိုင်ပါသည်။ သုတေသီများသည် ကုမ္ပဏီ၏ အခြေအနေကို အတိုးငွေများ၊ အခွန်များ၊ တန်ဖိုးလျော့များနှင့် အကြွေးများကို အရစ်ကျပြန်ဆပ်ခြင်းများ မပြုလုပ်မီအခြေအနေ (Earnings Before Interest, Taxes, Depreciation and Amortization-EBITDA) ကို ပိုမိုလေ့လာလိုကြပါသည်။ ယင်းကိန်းဂဏန်းသည် ကုမ္ပဏီ၏သရုပ်မှန်ကို ပိုမိုပေါ်လွင်စေပါသည်။

### ငွေသားစီးဆင်းမှု

ငွေသားစီးဆင်းမှု (Cash Flow) ဆိုသည်မှာ သတ်မှတ်ထားသည့် နှစ်တစ်နှစ်အတွင်း ရရှိသည့်ဝင်ငွေ (ရရှိရန် လျာထားသည့် ဝင်ငွေများမပါဝင်) နှင့် နှစ်အတွင်း သုံးစွဲခဲ့သည့်ငွေပမာဏတို့၏ ခြားနားချက်ဖြစ်သည်။ ယင်းပမာဏကိုကြည့်ခြင်းဖြင့် ကုမ္ပဏီအနေနှင့် နှစ်တစ်နှစ်အတွင်း ငွေသားအမှန်တကယ် လုံလောက်မှုရှိ/မရှိကို သိရှိနိုင်မည်ဖြစ်သည်။ အပေါင်းလက္ခဏာရှိသော ငွေသားစီးဆင်းမှုသည် ကုမ္ပဏီရှယ်ယာဈေးနှုန်းကို မြင့်တက်စေသလို အနုတ်လက္ခဏာဆောင်သည့် ငွေသားစီးဆင်းမှုသည် ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းကို ထိခိုက်စေပါသည်။

### အမြတ်ဝေစု

ရှယ်ယာရှင်များသို့ ခွဲဝေပေးသည့်ငွေကို အမြတ်ဝေစု (Dividend) ဟုခေါ်ပါသည်။ နိုင်ငံအများစုတွင် အမြတ်ဝေစုနှုန်း သိသိသာသာကောင်းမွန်သည့်ရှယ်ယာများအပေါ် ဈေးကွက်က ကြိုက်နှစ်သက်လေ့ရှိပါသည်။ တစ်ခါတစ်ရံ စတော့ဈေးနှုန်းများ ဈေးကွက်တွင်မြင့်တက်မလာသည့်တိုင် အမြတ်ဝေစု ကောင်းမွန်မှုကြောင့် ယင်းရှယ်ယာများကို ပိုမိုနှစ်သက်လေ့ရှိပါသည်။ ပင်စင်ရန်ပုံငွေ အဖွဲ့များ၊ အဖွဲ့အစည်းလိုက်ရင်းနှီးမြှုပ်နှံသူများသည် အမြတ်ဝေစုကောင်းမွန်သည့် ရှယ်ယာများကို ပိုမိုရင်းနှီးမြှုပ်နှံလေ့ရှိကြပါသည်။

**စာမျက်နှာ ၁၅ သို့**

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ်ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပို

ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈၃သန်း တန်ဖိုးရှိ ဓာတ်ဆီ ၃၉၀၅၆ ဒသမ ၀၇ တန်နဲ့ အမေ ရိကန်ဒေါ်လာ ၅၇ ဒသမ ၉၆ သန်း တန်ဖိုးရှိ ဒီဇယ် ၉၈၇၉၁ ဒသမ ၁၃ တန်၊ စုစုပေါင်း ၁၃၇၈၄၇ ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါ တယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၁၆၅၀ ကျော်နဲ့နှိုင်း ယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၅၇၁၄၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်း ပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၂၅၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၆၄၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါအဝင်ပိုခဲ့ပါတယ်။

ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်း ဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၈၅၄၉၆ တန်ဖိုးရှိ ဒီဇယ် ၁၄၅၈ ဒသမ ၁၂ တန်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၂၃၂၄၅ တန်ဖိုးရှိ ဒီဇယ် ၂၀၅၇ ဒသမ ၁၆ တန်ကို တင်သွင်းခဲ့ပြီး မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၈ သန်း တန်ဖိုးရှိ Re-export ဒီဇယ် ၂၉၁၉ ဒသမ ၆၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်ကျပ် ၈၃၀၊ အောက်တိန်း (92) ကျပ် ၈၀၀ ၊ အောက်တိန်း (95) ၈၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ဝယ်ဈေး ကျပ် ၅၀၀၀၊ ရောင်းဈေး ကျပ် ၄၀၀၀ ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။ ဖေဖော်ဝါရီ ၅ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၇၄၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေး အနည်းငယ်မြင့်ခဲ့ပြီး ဓာတ်ဆီဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း(95) မှာ ဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၉၃၀၊ ဒီဇယ်တစ်လီတာ ကျပ် ၈၉၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၉၁၀ ၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၈၈၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၅ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၆၀၀၀၊ ရောင်းဈေး ကျပ် ၁၈၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။ အောက်တိန်း(92)ဈေးမှာ ဖေဖော်ဝါရီ ၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၃၀၀၀၊ ရောင်းဈေး ကျပ်၁၇၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၆၀၀၀၊ ရောင်းဈေး ကျပ် ၁၈၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေး နည်းနည်းကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)မှာ ဈေးငြိမ်နေပြီး အောက်တိန်း(95) မှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်း ချနေတဲ့ တစ်လီတာ ဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ် ၊ အဆင်မြင့်ဒီဇယ် ၈၉၅ကျပ်၊ အောက်တိန်း(92) ကျပ် ၈၅၀၊ အောက်တိန်း(95)ကျပ်၈၉၀နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၁၀၀ ၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။

**တောင်ကြီးဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးနည်းနည်းမြင့်လာ တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေး နှုန်းများမှာ ဒီဇယ်တစ်လီတာကျပ် ၈၉၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၁၀၊ အောက်တိန်း (92) ၈၇၅ ကျပ် ၊ အောက်တိန်း (95) ကျပ် ၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## Energy NYMEX 9-2-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 60.55 | -0.60 | -0.98 |
| Brent Crude Futr (USD/bbl) | 64.32 | -0.49 | -0.76 |
| Gasoline Rbob Fut (Cent/gal) | 176.51 | 0.01 | 0.01 |
| Natural Gas Futr (USD/MMBtu) | 2.63 | -0.07 | -2.56 |
| Heating Oil Futr (Cent/gal) | 191.12 | -1.01 | -0.53 |

## အွန်လိုင်းအစုရှယ်ယာ ရောင်းဝယ်ခြင်းဆိုင်ရာ Application သုံးစွဲနည်းသင်တန်းပြုလုပ်

အွန်လိုင်းအစုရှယ်ယာ ရောင်းဝယ်ခြင်းဆိုင်ရာ Application သုံးစွဲနည်း အခြေခံသင်တန်းကို အပတ်စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း Myanmar Securities Exchange Centre Co.,Ltd မှ သိရသည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၉ရက်ကစတင်ကာ အွန်လိုင်းအစုရှယ်ယာရောင်း ဝယ်ခြင်း Application သုံးစွဲနည်း အခြေခံသင်တန်းကို အပတ်စဉ် သောကြာနေ့ နေ့လယ် နှစ်နာရီမှ သုံးနာရီထိ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဆူးလေဘုရားလမ်းရှိ Myanmar Securities Exchange Centre Co.,Ltd ရုံးတွင် ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း၊ Securities Account မဖွင့်လှစ်ရသေးသူများ၊ စတော့မားကတ် အကြောင်း လေ့လာလိုသူများ တက်ရောက်နိုင်မည်ဖြစ်ပြီး သိလိုသည်များကို လွပ်လပ်စွာမေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။အဆိုပါသင်တန်းကို တက်ရောက် လိုပါက ဖုန်း ၀၁-၃၇၆၈၂၂ သို့ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အစုရှယ်ယာရောင်းဝယ်မှု ပိုမိုလျင်မြန်လာစေရန်အတွက် ရည်ရွယ်ပြီး အွန်လိုင်းမှတစ်ဆင့် အစုရှယ်ယာရောင်းဝယ်ခြင်း (Online Trading) ကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)က ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ခွင့်ပြုပေးခဲ့သည်။

**သန်းထိုက်အောင်**

## ယခုရက်သတ္တပတ်အတွင်း ဒေါ်လာဈေးငြိမ်သက်ခဲ့

ယခုနှစ်ဆန်းပိုင်းမှစတင်ကာ ဈေးနှုန်းကျဆင်းလာခဲ့သော ပြည်တွင်း ငွေလဲနှုန်းသည် ဖေဖော်ဝါရီလပထမပတ်အတွင်း ဈေးနှုန်းအတက်အကျနည်းခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၂၉ကျပ်မှ ကျပ် ၁၃၃၀သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ယခုတစ်ပတ်တွင် အမေရိကန်အစိုးရအတွင်း ဘတ်ဂျတ်ခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှုရလဒ် ထွက်မလာသေးခြင်း၊ အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌသစ် ကျိမ်းသစ္စာကျိန်ဆိုခြင်းတို့ကြောင့် နိုင်ငံတကာဈေးကွက်အတွင်း ဒေါ်လာငွေတန်ဖိုး အပေါ် စောင့်ကြည့်နေကြကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက် အတွင်းမှသိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဖေဖော်ဝါရီ ၅ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၆ကျပ်၊ ဝယ်ဈေး ၁၃၂၄ကျပ်၊ဖေဖော်ဝါရီ ၇ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၇ကျပ်၊ ဝယ်ဈေး ၁၃၂၅ကျပ်၊ ဖေဖော်ဝါရီ ၉ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၉ ကျပ်၊ ဝယ်ဈေး ၁၃၂၇ ကျပ်ဖြင့် ဈေးငြိမ်သက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးကွက်အတွင်း ဈေးဆက်လက်ကျဆင်း

ဖေဖော်ဝါရီပထမပတ် ပြည်တွင်း ရွှေဈေးကွက်အတွင်း ရွှေဈေးများ ဆက်လက်ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ကျပ် ၉၄၀၀၀၀ ကျော်အထိ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၄၀၀၀၀ အောက်သို့ ဆက်လက်ကျဆင်းလာခဲ့ကြောင်း သိရသည်။

“ရွှေဈေး ကျနေတယ်ဆိုပေမယ့် ဒေါ်လာဈေး ဘာဆက်ဖြစ်လာနိုင်သလဲဆိုတာကို စောင့်ကြည့်နေတုန်းပဲ။ ဒီနေ့ပဲ ဒေါ်လာဈေးကငြိမ်နေသေးတာဆိုတော့ ရွှေဈေးတော့ပြန်တက်လာနိုင်မလား ကြည့်စရာရှိတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

ပြည်တွင်း ရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၅ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၃၀၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ၇ရက်တွင် ကျပ် ၉၄၁၀၀၀ ဝန်းကျင်သို့ ဈေးကျလာခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်တွင် ကျပ် ၉၃၉၀၀၀ သို့ ဆက်လက်ကျဆင်းလာခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ ရွှေဈေးကွက်တွင်လည်း ဖေဖော်ဝါရီ ၅ ရက်က တစ်အောင်စလျှင် ၁၃၃၂ အမေရိကန်ဒေါ်လာ၊ ဖေဖော်ဝါရီ ၇ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၃၀ရှိခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်တွင် ၁၃၁၉ အမေရိကန်ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

**February 9, 2018**

**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.28 |
| BDT Bangladesh Taka | 83.26 |
| CAD Canada Dollars | 1.26 |
| CNY China Yuan Renminbi | 6.31 |
| EUR Euro | 0.82 |
| H KDHong Kong Dollars | 7.82 |
| I NR India Rupees | 64.35 |
| I DR Indonesia Rupiahs | 13643.38 |
| JPY Japan Yen | 109.89 |
| MYR Malaysia | 3.94 |
| PKR Pakistan Rupees | 110.59 |
| PHP Philippines Pesos | 51.55 |
| RUB Russia Rubles | 58.20 |
| SGD Singapore Dollars | 1.33 |
| KRW South Korea Won | 1088.47 |
| LKR Sri Lanka Rupe | 154.34 |
| THB Thailand Baht | 31.81 |
| GBP United Kingdom Pounds | 0.72 |
| VND VietnamDon | 22700.99 |

*Source:xe.com*

## World Gold Price

February-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1336 | 1334 | 1334 |
| 6 | 1347 | 1345 | 1345 |
| 7 | 1333 | 1328 | 1330 |
| 8 | 1317 | 1315 | 1315 |
| 9 | 1318 | 1316 | 1318 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5-2- 2018 | 946.50 | 947.00 |
| 6-2- 2018 | 949.00 | 949.50 |
| 7-2- 2018 | 950.30 | 950.20 |
| 8-2- 2018 | 955.00 | 954.50 |
| 9-2- 2018 | 951.00 | 950.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 5 | 6.30 | 31.54 | 82.90 | 64.05 |
| 6 | 6.28 | 31.58 | 83.28 | 64.29 |
| 7 | 6.26 | 31.52 | 83.29 | 64.16 |
| 8 | 6.32 | 31.77 | 82.94 | 64.18 |
| 9 | 6.31 | 31.80 | 83.26 | 64.35 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5-February | 16.68 | 3559.68 | 2209.51 | 7040.24 | 988.00 |
| 6-February | 16.91 | 3540.51 | 2189.23 | 7021.94 | 993.00 |
| 7-February | 16.73 | 3531.69 | 2194.52 | 7079.47 | 989.00 |
| 8- February | 16.29 | 3471.74 | 2168.52 | 6902.71 | 976.00 |
| 9- February | 16.38 | 3466.01 | 2168.96 | 6807.94 | 971.00 |

## ဘိလပ်မြေ

# ဘိလပ်မြေ တန်ချိန်၄၀၀ကျော် တင်သွင်း

ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၂၅၈၃ တန်ဖိုးရှိ ဘိလပ်မြေ ၄၅၅ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်ထိုင်းနိုင်ငံမှ ၃၇၅ တန်နဲ့ တရုတ်နိုင်ငံမှ ၈၀ ဒသမ ၄ တန်တင်သွင်းခဲ့ပါတယ်။ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၆၈၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၆၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလအတွင်းဘိလပ်မြေတင်သွင်းမှုတန်ချိန် ၃၆၇၈၀ ကျော်ရှိပြီး ဒီဇင်ဘာလအတွင်း ဘိလပ်မြေတင်သွင်းမှုမှာ ၁၄၄၀ ကျော်သာရှိခဲ့တာကြောင့် ဇန်နဝါရီလမှာ ဘိလပ်မြေတန်ချိန် ၃၅၃၀၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၁၀၁၂၀ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၄၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် ရေကြောင်းလမ်းရော နယ်စပ်လမ်းပါအဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာဘိလပ်မြေက ကျပ် ၅၀ ဈေးမြင့်ပြီးကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ၅၂၂၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အယ်လ်ဖာဘိလပ်မြေက ကျပ် ၃၀၀ဈေးကျပြီး ကြံ့နှစ်ကောင်ဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ကာ ကျန်ဘိလပ်မြေများက ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၇၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ မော်လမြိုင်ဆင်ကျပ် ၅၉၀၀၊ ခရောင်းကျပ် ၅၀၀၀၊အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ကောင်းတယ်။ ဒါပေမယ့် ဘိလပ်မြေဈေးငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၇၀၀၊ စိန်(ထိုင်း)ကျပ်၆၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၄၀၀၊ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၅၀၀၀ကျော်ဝင်

ဇန်နဝါရီ ၂၈ မှ ဖေဖော်ဝါရီ ၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၇၉၉၆၅ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၅၀၁၃ ဒသမ ၇၀၇တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံ မှ ၁၈၉ ဒသမ ၆၈၄ တန်၊ တရုတ်နိုင်ငံမှ ၂၉၅၅ ဒသမ ၇၀ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ အီရန်နိုင်ငံမှ ၁၄၇ တန်၊ ဂျပန်နိုင်ငံမှ ၅၁ တန်၊ မလေးရှားနိုင်ငံမှ ၆၂၄တန်၊ ထိုင်းနိုင်ငံမှ ၄၄ ဒသမ ၄၀ တန်နဲ့ အမေရိကန်ပြည်ထောင်စုမှ ၁ဒသမ ၉၂၃တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ယခုတစ်ပတ်တွင် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး အီရန်နိုင်ငံမှ ဒုတိယအများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အော်ဂဲနစ်၊ အမိုးနီးယမ်းကလိုရိုဒ်၊ ကွန်ပေါင်း (၁၅း၁၅း၃၀)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)နဲ့ဖလော်ရာမြေသြဇာတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၆၈၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၈၄၀ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရှိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၅၄၅၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၈၂၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး၊ တောင်ကြီးနဲ့ မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၀၀၀၊ ပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲက ဈေးနည်းနည်းကျပြီး ကျန်မြေသြဇာများက ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ ပုလဲမြေသြဇာက အရောင်းနည်းနည်းသွက်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၇၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြားကမ္ဘာကျပ် ၁၅၈၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဆောင်းသီးနှံအတွက် အရောင်းအဝယ်နည်းနည်းဖြစ်တယ်။ ဈေးနှုန်းကတော့ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ယူရီးယားက ဈေးနည်းနည်းကျပြီး တီစူပါနဲ့ ပန်းသီးစုံက ဈေးနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၆၀၀၊ တီစူပါ၄၆% တရုတ် ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၄၈၀၀၊ ပန်းသီးစုံ ကျပ် ၁၅၆၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ကျပ်၃၇၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီ/နို့မှုန့်အဝင်လျော့

ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီလ ၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၉၆၀၀ တန်ဖိုးရှိနို့ဆီ ၂၆၂ဒသမ၆၅၆တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံဘက်မှ တင်သွင်းခဲ့တာဖြစ်ပါတယ်။တင်သွင်းခဲ့တဲ့နို့ဆီတံဆိပ်များမှာ အိုကေနဲ့ ကောင်းဘဲလ်တို့ဖြစ်ပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီက ၂၁၈ ဒသမ ၈၈နဲ့ ကောင်းဘဲလ်နို့ဆီက ၄၃ ဒသမ ၇၇၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၃၇၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန်၁၁၀ ကျော် အဝင်လျော့ခဲ့ပါတယ်။

နို့မှုန့်ကို ဒီတစ်ပတ်မှာတော့ မလေးရှားနိုင်ငံမှ ၈၅ ဒသမ ၉၅၄ တန်၊ နယူးဇီလန်နိုင်ငံမှ ၁၈၇ ဒသမ ၃၈၄ တန်နဲ့စင်ကာပူနိုင်ငံမှ သုညဒသမ၀၇၇ တန်၊စုစုပေါင်း ၂၇၃ ဒသမ ၄၁၅ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၅၆၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၈၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၁ မှ ၂/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁ မှ ၂၆/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | | - |
| ၂။ | လွယ်ဂျယ် | ၂၇၂၂·၀၀ | ၄၈၈·၀၀ | (-) | ၂၀၈·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၂၆၃·၀၀ | ၁၉၆၉·၀၀ | (-) | ၇၀၆·၀၀ |
| ၅။ | တာချီလိတ် | ၆၅၀၀·၀၀ | ၇၀၀၀·၀၀ | (-) | ၅၀၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၂၀၉၀·၀၀ | ၃၀၀၀·၀၀ | (-) | ၉၁၀·၀၀ |
| | စုစုပေါင်း | ၁၀၁၂၅·၀၀ | ၁၂၄၄၉·၀၀ | (-) | ၂၃၂၄·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၁ မှ ၂/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁ မှ ၂၆/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၀၆၀·၆၅ | ၁၁၈၆၃·၉၀ | (-) | ၈၀၃·၂၅ |
| ၂။ | လွယ်ဂျယ် | ၄၆·၀၀ | ၃၀·၀၀ | (+) | ၁၆·၀၀ |
| ၃။ | ချင်းရွှေဟော် | ၉၂·၀၀ | ၂၅၈·၅၀ | (-) | ၁၆၆·၅၀ |
| ၄။ | ကန်ပိုက်တီး | တ- | ၃၂၀·၀၀ | (-) | ၃၂၀·၀၀ |
| ၅။ | မြဝတီ | ၂၅၇၇·၆၅ | ၁၄၄၇·၂၉ | (+) | ၁၁၃၀·၃၆ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၁၃၀·၀၀ | - | (+) | ၁၃၀·၀၀ |
| ၈။ | ရိဒ် | ၁၅၅၀·၀၀ | ၄၃၅၀·၀၀ | (-) | ၂၈၀၀·၀၀ |
| | စုစုပေါင်း | ၁၅၄၅၆·၃၀ | ၁၈၂၆၉·၆၉ | (-) | ၂၈၁၃·၃၉ |

ခင်မိုးသူ

## နှမ်း

# ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၄ သန်းတန်ဖိုးရှိနှမ်းနက်၁၈၆၁ တန်၊ နှမ်းဖြူ ၄၀၉ တန်ကျော်၊ နှမ်းညို ၅၁ တန်ကျော်နဲ့ နှမ်းညို ၁၉၅ တန်ကျော်၊ စုစုပေါင်း ၂၅၁၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၂၀၄ တန်ကျော်နဲ့ နှိုင်း ယှဉ်ပါက ၃၁၄ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီတစ်လလုံးမှာတော့ ချင်းရွှေဟော်မှ နှမ်းရောင်စုံတန် ၁၁၇၀၀ နီးပါး တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၅ သန်းတန်ဖိုးရှိ နှမ်းဖြူ (အခွံချွတ်) တန် ၂၀ ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံ တန် ၈၀ နဲ့ နှိုင်းယှဉ်ပါက တန် ၆၀ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဇန်နဝါရီလအတွင်း မူဆယ်မှ တရုတ်နိုင်ငံသို့ ခြောက်တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၄၈၀၇၅ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၁၉၅၂၁၃၃ကျပ်ဈေးရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ပြည်ဈေးကွက်တွင် နှမ်းနီလက်ကျန်ရှားလာလို့နှမ်းဆီဈေးမြင့်

ပြည်ဈေးကွက်တွင် နှမ်းအဝင်မရှိတော့ပေမယ့် လှောင်နှမ်းများကြောင့် ရံဖန်ရံခါအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနီမှာပစ္စည်းလက်ကျန်နည်းလို့ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်ကျသွားတာတွေ့ရပါတယ်။ နှမ်းနက်နှင့်စမုံနက်နှမ်းမှာ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေတာ တွေ့ရပါတယ်။ မန္တလေးဝယ်လက်များက အဝယ်ရှိလျှင် အိတ် ၂၀၀ မှ ၃၀၀ ခန့်အဝယ်ရှိတာ တွေ့ရပါတယ်။ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၈၀၀၀ဖြင့် ယခင်တစ်ပတ်ထက်ဈေးကျလာသော်လည်း နှမ်းဆီဈေးကတော့ မြင့်လာတာ တွေ့ရပါတယ်။

ပွဲရုံများတွင် နှမ်းနီလက်ကျန်ရှားလို့ ဆီစက်များကမိမိတို့လှောင်ထားတဲ့နှမ်းနီကို ဆီကြိတ်နေရသဖြင့် ဈေးမြင့်လာတာဖြစ်တယ်လို့သိရပါတယ်။ နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၃၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင်ကျပ် ၁၁၅၀၀၀ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၅၂၀၀ မှ ကျပ် ၅၃၀၀အထိ ဈေးမြင့်လာတယ်လို့သိရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ



# ဝယ်လိုအားကျဆင်းမှုနှင့် အမေရိကန်ပဲပုပ်ဆီဈေးကျဆင်းမှုကြောင့် စားအုန်းဆီဈေးကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် ဖေဖော်ဝါရီ ၇ ရက် ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ရာမှ အမေရိကန်ပြည်ထောင်စု၏ ပဲပုပ်ဆီဈေးနှုန်းကျဆင်းမှုနှင့် စားအုန်းဆီဝယ်လိုအား ဆက်လက်ကျဆင်းနေမှုကြောင့် ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းဈေးကွက်တွင် ဈေးနှုန်းကျဆင်းခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)တွင် ဖေဖော်ဝါရီ ၈ ရက် နေ့လယ်ဈေးကွဲချိန်တွင် ဧပြီလအတွင်းဖြန့်ဝေမည့် စားအုန်းဆီ၏ အခြေခံ စံထားဈေးနှုန်းမှာ တစ်တန်လျှင် ၂၄၇၆ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၀ ဒသမ ၉၉) ရှိခဲ့သည့်အတွက် သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ထိုနေ့က ရောင်းချမှုပမာဏမှာ ၂၅ တန်ရှိအတွဲပေါင်း ၁၅၁၃၇ တွဲရှိခဲ့သည်။

“ဝယ်လိုအားကျဆင်းတာနဲ့ပြည်ပဈေးကွက်မှာဈေးနှုန်းကျဆင်းတာတွေကြောင့် ဒီကနေ့မှာ စားအုန်းဆီဈေး ကျဆင်းခဲ့ပါတယ်” “ဒီရက်သတ္တနှစ်ပတ်မှာ အဝယ်အေးနေလိမ့်မယ်” ဟု ကွာလာလမ်ပူရှိ ကုန်သည်တစ်ဦးကပြောသည်။

မလေးရှားစားအုန်းဆီတင်ပို့မှုသည် ဇန်နဝါရီလအတွင်း ရှစ်ရာခိုင်နှုန်းကျဆင်းခဲ့ပြီး စုစုပေါင်းတင်ပို့မှု တန်ချိန် ၁ ဒသမ ၃၁ သန်းရှိခဲ့ကြောင်း ရိုက်တာစစ်တမ်းအရ သိရသည်။

သို့သော်လည်း လက်ရှိဖြစ်ပေါ်နေသော ရင်းဂစ်တန်ဖိုးကျဆင်းမှုက စားအုန်းဆီရောင်းဝယ်မှုကို အထောက်အကူဖြစ်စေနိုင်ပြီး ရောင်းချမှုကုန်အကန့်အသတ်ရှိလာနိုင်ကြောင်း အခြားကုန်သည်တစ်ဦးကပြောသည်။

စားအုန်းဆီရောင်းဝယ်ရေးတွင် ဈေးနှုန်းသတ်မှတ်ပေးသော ရင်းဂစ်တန်ဖိုးကျဆင်းမှုက နိုင်ငံခြားဝယ်လက်များအတွက် ဈေးသက်သာပြီး အဝယ်လိုက်လာမည်ဟု ခန့်မှန်းရသည်။ ရင်းဂစ်ငွေကြေးသည် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ဖေဖော်ဝါရီ ၈ ရက်နေ့လယ်က သုည ဒသမ ၄ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၃ ဒသမ ၉၂၃၀ ရင်းဂစ်နှုန်းရှိခဲ့သည်။

ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် အခြားစားသုံးဆီအမျိုးအစားဖြစ်သော ပဲပုပ်ဆီ၏မတ်လအတွက် ကြိုတင်ဝယ်ယူဈေးမှာ ဖေဖော်ဝါရီ ၇ ရက်က ၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တရုတ်နိုင်ငံဒါလီယံဈေးကွက်တွင်မူ မေအတွက်ကြိုရောင်းကြိုဝယ်ဈေးမှာ သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

စားအုန်းဆီဈေးသည် တစ်တန်ကို ၂၄၈၁ ရင်းဂစ်မှ ရင်းဂစ် ၂၅၂၀ အကြား ကွာဟချက်အနည်းငယ်သာရှိနိုင်ကြောင်း ရိုက်တာမှကုန်စည်နှင့်စွမ်းအင်လေ့လာဆန်းစစ်ရေးမှူးဝမ်တောင်းက ပြောသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၉-၂-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၈၅၀ | ▽ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၀၀ | ၁၈၅၀ | △ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၅၀၀၀ | ၅၃၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၄၇၀၀ | ၄၇၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၉-၂-၂၀၁၈ US$/Ton

| အမျိုးအစား | ဇန်နဝါရီပဥ္စမပတ် | ဖေဖော်ဝါရီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၆၂.၅၀ | ၆၃၂.၀၀ | ▽ |
| RBD P.Olein | ၆၄၈.၀၀ | ၆၅၂.၅၀ | △ |
| RBD P.Stearin | ၆၅၂.၅၀ | - | - |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၉-၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၁၀·၃၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀·၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀·၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃·၇၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇·၅၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇·၉၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄·၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂·၀၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀·၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀·၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉·၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆·၅၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၅၄·၅၂၉ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၉-၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၅ ဒေါ်လာနှင့် USD ဈေး ၁၃၃၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၉-၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# ပြည်ပဆန်တင်ပို့မှု တန်ချိန်(၃)သန်း ရောက်ရှိစံချိန်တင်

**ဝင်းပပသူ**

မြန်မာနိုင်ငံသည် ၂၀ ရာစုအလယ်လောက်တွင် ကမ္ဘာ့ဆန် အများဆုံးတင်ပို့နိုင်ခဲ့သည့် နိုင်ငံအဖြစ် ကျော်ကြားခဲ့ပါတယ်။ လက်ရှိတွင် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး ဆန်ကို အဓိက တင်ပို့လျက်ရှိပါတယ်။

မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြောမှာ လယ်ယာကဏ္ဍ ဖြစ်ပြီး လူဦးရေအများစု (သုံးပုံနှစ်ပုံခန့်)မှာလည်း ကျေးလက်များတွင် နေထိုင်ကြ၍ လယ်ယာလုပ်ငန်းကိုသာ အသက်မွေးဝမ်းကျောင်း အဖြစ် လုပ်ကိုင်လျက်ရှိပါတယ်။ လယ်ယာထွက်ကုန်စည်များအနက် ဆန်စပါးကို အဓိကစိုက်ပျိုးပြီး စုစုပေါင်း ဆန်ထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌စားသုံးကာ ပိုလျှံသောပမာဏကို ပြည်ပသို့တင်ပို့ လျက်ရှိပါတယ်။ ပြည်ပသို့တင်ပို့နေသော လယ်ယာ ထွက်ကုန်ပစ္စည်းများအနက် ဆန်နှင့် ဆန်ကွဲ ကိုအများဆုံး တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၉ ရက်အထိ ) ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

**ရေတွက်ပုံ-တန်**

| ဘဏ္ဍာနှစ် | အရေအတွက် | တန်ဖိုး (ဒေါ်လာ သန်း) |
|---|---|---|
| ၂၀၁၂-၂၀၁၃ | ၁၄၂၃၇၀၁ | ၅၅၁ |
| ၂၀၁၃-၂၀၁၄ | ၁၂၆၂၆၁၇ | ၄၇၅ |
| ၂၀၁၄-၂၀၁၅ | ၁၈၄၀၅၈၇ | ၆၆၁ |
| ၂၀၁၅-၂၀၁၆ | ၁၄၉၃၂၄၄ | ၅၂၆ |
| ၂၀၁၆-၂၀၁၇ | ၁၇၅၀၅၆၂ | ၅၅၄ |
| ၂၀၁၇-၂၀၁၈ (ဖေဖော်ဝါရီလ ၉ ရက်အထိ) | ၃၀၂၆၇၈၆ | ၉၄၈ |

ယခင်ဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၅၅၄ သန်း၊ တန်ချိန်အားဖြင့် ၁၇ သိန်းကျော် ဖြစ်သဖြင့် လယ်ယာကဏ္ဍတင်ပို့မှု၏ ၂၀ ရာခိုင်နှုန်းခန့်အနေဖြင့် လည်းကောင်း၊ ပို့ကုန်ကဏ္ဍတစ်ခုလုံး၏ ၅ရာခိုင်နှုန်းခန့်အနေဖြင့် လည်းကောင်း တင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဆန်နှင့် ဆန်ကွဲတင်ပို့မှုကို လေ့လာ ကြည့်မည်ဆိုပါက ယခင်ဘဏ္ဍာနှစ်ထက်ဈေးကွက်သစ်အနေဖြင့် နိုင်ငံပေါင်း ၂၂ နိုင်ငံအား ရှာဖွေတင်ပို့နိုင်ခဲ့ပြီး ဈေးကွက်လက်လွှတ် ဆုံးရှုံးလိုက်ရတဲ့ နိုင်ငံပေါင်း ၁၉ နိုင်ငံရှိပါတယ်။ သို့ရာတွင် ဈေးကွက် သစ်ရရှိသည့် နိုင်ငံများသို့ တင်ပို့ခွင့်ရရှိတဲ့အရေအတွက်က ဈေးကွက် ပျောက်သွားသည့်နိုင်ငံများသို့ တင်ပို့ခဲ့တဲ့အရေအတွက်ထက် ပိုမို တင်ပို့နိုင်ခဲ့တာကြောင့် ဆန်တင်ပို့မှုဈေးကွက်ဟာ ရလဒ်ကောင်းများ ရရှိလာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဖေဖော်ဝါရီလ ၉ ရက် အထိ) ဆန်နှင့် ဆန်ကွဲကိုပြည်ပသို့ တန်ချိန် သုံးသန်းကျော်တင်ပို့ နိုင်ခဲ့ပြီးဖြစ်ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၄၈ သန်း ရရှိခဲ့ပါတယ်။ ယခင်နှစ်ကာလတူထက် တန်ချိန် ၁ ဒသမ ၇ သန်း ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၄၃ ဒသမ ၃၇၁ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အများဆုံးတင်ပို့တဲ့ နိုင်ငံများမှာ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အနောက်အာဖရိကနိုင်ငံဖြစ်သည့် အိုင်ဗရီကို့စ်၊ ဘယ်လ်ဂျီယံ၊ ဂါနာ၊ မက်ဒါဂါစကာ၊ သီရိလင်္ကာနှင့် အာဖဂန်နစ္စ တန်နိုင်ငံ၊ ဆီနီဂေါနှင့် ပိုလန်နိုင်ငံတို့ဖြစ်ပါတယ်။ ယခင်နှစ်တွင် နိုင်ငံပေါင်း ၄၀ သာတင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ ၆၂ နိုင်ငံ တင်ပို့ နိုင်ခဲ့ တဲ့အတွက် ၂၂ နိုင်ငံသို့ဈေးကွက်တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိ ရပါတယ်။

ယခင်ကာလများက ပြည်ပသို့ဆန်စပါးတင်ပို့ရာမှာ တရုတ် နိုင်ငံသို့ ၇၀ရာခိုင်နှုန်းတင်ပို့ခဲ့သော်လည်း ယခုအချိန်တွင် ပင်လယ် ရေကြောင်း ဈေးကွက်သစ်များကို ရှာဖွေတိုးချဲ့နိုင်ခြင်းဖြင့် လယ်ယာ ထွက်ကုန်များကို အဓိကတင်ပို့သော မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတိုး တက်လာသည့်အပြင် ရေရှည်တွင် နိုင်ငံ၏အကျိုးစီးပွားတိုးတက် ဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်။

ထိုသို့ ဆန်နှင့်ဆန်ကွဲပြည်ပသို့တင်ပို့နိုင်မှုပမာဏဟာ ၅၅ နှစ် တာကာလအတွင်း အမြင့်ဆုံးအနေထားသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ထိုကဲ့သို့တိုးတက်လာခြင်းကြောင့် မြန်မာနိုင်ငံ၏ ၇၀ရာခိုင်နှုန်း ကျော်ရှိသော တောင်သူလယ်သမားများ၏ စီးပွားရေးတိုးတက်လာ သည့်အပြင် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေးကိုလည်း အထောက်အပံ့ကောင်းဖြစ်လာမှာဖြစ်ပါတယ်။

မြန်မာ့ဆန်တင်ပို့မှုဈေးနှုန်းအနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့ဈေးနှုန်းများအရ တစ်တန်လျှင် ဆန်အမျိုးအစားအလိုက် ၃၅၆ အမေရိကန် ဒေါ်လာမှ အမြင့်ဆုံး ၄၂၇ အမေရိကန် ဒေါ်လာ - အမေရိကန်ဒေါ်လာ ၄၃၀ ထိရရှိခဲ့တယ်လို့သိရပြီး တင်ပို့ရာတွင် ဝယ်လိုအားနှင့် ဈေးကွက်ပေါ်မူတည်၍ အချို့ဆန်အမျိုးအစား များက ပင်လယ်ရေကြောင်းဘက်မှ ဈေးပိုရရှိသည်များရှိသလို အချို့ ဆန် / ဆန်ကွဲ အမျိုးအစားများက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ဘက်မှ ဈေးပိုမိုရရှိတာကိုတွေ့ရှိရပါတယ်။

ပြည်ပတွင်ဖြစ်ပေါ်နေသောဆန်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ အကျိုးအကြေပါဝင်မှုရာခိုင်နှုန်းများပေါ်မူတည်၍ ထိုင်း white rice သည် အနိမ့်ဆုံး ၃၉၈ အမေရိကန်ဒေါ်လာ မှ ၄၃၅ အမေရိကန် ဒေါ်လာ၊ ဗီယက်နမ်ဆန်သည် အမေရိကန်ဒေါ်လာ ၄၁၀ မှ ၄၃၅ အမေရိကန်ဒေါ်လာ၊ ပါကစ္စတန်ဆန်သည် ၃၆၇ အမေရိကန် ဒေါ်လာမှ ၄၀၂ အမေရိကန်ဒေါ်လာ၊ အိန္ဒိယဆန်သည် အမေရိကန် ဒေါ်လာ ၃၉၀ ပေါက်ဈေးရှိကြောင်း သိရှိရပါတယ်။ FAO Rice Market Monitor တွင် ဖော်ပြထားသော ခန့်မှန်းသုံးသပ်ချက်များ အရလည်း မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်အတွင်း ဆန်ပိုမိုတင်ပို့နိုင် မည့်နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်ကို တွေ့ရှိရပါတယ်။

ပြည်တွင်းဆန်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် တွင် ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်၌ ဖြစ်ပေါ်လျက်ရှိ သော ဈေးနှုန်းများအရ ဆန်တစ်အိတ်လျှင် ဇီယာဆန် ၅ မှတ်ကျပ် ၂၄၈၀၀ မှ ကျပ် ၂၅၀၀၀၊ ဇီယာဆန် ၁၀ မှတ်ကျပ် ၂၄၃၀၀ မှ ကျပ် ၂၄၅၀၀ ၊ ဇီယာဆန် ၂၅ မှတ်ကျပ် ၂၀၃၀၀ မှ ကျပ် ၂၀၅၀၀၊ ဇီယာဆန် ၃၅မှတ်ကျပ် ၁၉၈၀၀ မှကျပ် ၂၀၀၀၀၊ ဧည့်မထဆန် ၅ မှတ်ကျပ် ၂၁၈၀၀ မှ ကျပ် ၂၂၀၀၀၊ ဧည့်မထဆန်၁၀မှတ်ကျပ် ၂၁၃၀၀ မှ ကျပ် ၂၁၅၀၀၊ ဧည့်မထဆန် ၂၅မှတ်ကျပ် ၂၀၃၀၀ မှ ကျပ် ၂၀၅၀၀၊ ဧည့်မထဆန် ၃၅မှတ်ကျပ် ၁၉၈၀၀ မှ ကျပ် ၂၀၀၀၀ ၊ ငစိန်ဆန် ၅မှတ်ကျပ် ၂၁၅၀၀၊ ငစိန်ဆန် ၂၅မှတ် ကျပ် ၂၀၅၀၀၊ ငစိန်ဆန် ၃၅ မှတ်ကျပ် ၂၀၀၀၀၊ ဆန်ကွဲ (B-2/3/4) ကျပ် ၁၆၈၀၀ မှ ကျပ် ၁၇၀၀၀၊ ဆန်ကွဲ (B-1/2) ကျပ် ၁၇၃၀၀ မှ ကျပ် ၁၇၅၀၀၊ ဆန်ကွဲ(B-1 & Extra) ကျပ် ၁၇၉၀၀ မှ ကျပ် ၁၈၂၀၀ အသီးသီး ဖြစ်ကြောင်းသိရှိရပါတယ်။ ယခင်လ ဇန်နဝါရီလတွင်ဖြစ် ပေါ်ခဲ့သော ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဆန်တစ်အိတ်လျှင် ပျမ်းမျှကျပ် ၁၀၀၀ ဝန်းကျင်ခန့်ဈေးပိုမိုရရှိလာတာကို တွေ့ရှိရပါတယ်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဖေဖော်ဝါရီ ၉ ရက်၌ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့်တစ်ယွမ်လျှင် ၂၀၅ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၁၁၅ ယွမ်မှ ၁၁၈ ယွမ်ထိ ပေါက်ဈေးရှိ၍ ဆန်ကွဲ (B-2/3/4) တစ်အိတ်လျှင် ၈၉ ယွမ် မှ ၉၆ ယွမ်ရှိကြောင်း သိရှိရပါတယ်။ မန္တလေးမှမူဆယ်သို့ သယ်ယူပို့ဆောင်ခအနေဖြင့် တစ်ပိဿာလျှင် ၅၇ ကျပ်ခန့်ကျသင့်ပြီး အလုပ်သမားအတင်အချခ အနေဖြင့် ၅၀ ကီလို တစ်အိတ်လျှင် ကျပ် ၄၀ ခန့်ကျသင့်ကြောင်း သိရှိရပါတယ်။ ဇန်နဝါရီလအတွင်းတွင် မန္တလေးမှမူဆယ်သို့သယ် ယူပို့ဆောင်ခအနေဖြင့် တစ်ပိဿာလျှင် ၆၉ ကျပ်ထိရှိခဲ့ရာမှ ယခုလ အတွင်းတွင်ဖေဖော်ဝါရီ ၉ ရက် ဈေးနှုန်းများအရ ၅၇ ကျပ်သာ ရှိသဖြင့် သယ်ယူပို့ဆောင်ခဈေးနှုန်း ကျဆင်းသွားသောကြောင့် ပို့ကုန်လုပ်ငန်းရှင် ကုန်သည်များအတွက် ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်ပိုမိုရရှိလာကြောင်း သိရပါတယ်။

ပြည်တွင်း ဆန်စပါးဈေး အတက်အကျသည် ပြည်ပဆန်စပါး ဈေးကွက်ဖွံ့ဖြိုးလာမှုနှင့် ဆက်နွယ်လျက်ရှိရာ ယခုနှစ်အတွင်း ပြည်ပသို့ဆန်တင်ပို့မှု အားကောင်းလာခြင်းနှင့် ဈေးကွက်အသစ်များ နှင့်ချိတ်ဆက်လာနိုင်ခြင်းတို့ကြောင့် ပြည်တွင်းဆန်စပါးဈေးသည် လည်း ဈေးကောင်းရရှိလာပြီး ဆန်စပါးဈေးကွက်ကောင်း မွန်လာ ခြင်းကြောင့် စီးပွားရေးနယ်ပယ်တွင် ဆန်စပါးလုပ်ငန်းလုပ်ကိုင်မှု မရှိသူများပင်လျှင် ယခုအခါ ဆန်လုပ်ငန်း ကို ပြောင်းလဲလုပ်ကိုင်လာ ကြကြောင်း ဆန်စပါးလုပ်ငန်းရှင်များထံမှ သိရပါတယ်။ ယခုနှစ် အတွင်း အိမ်နီးချင်းနိုင်ငံများဖြစ် သော ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ နိုင်ငံများတွင် ရာသီဥတုဆိုးရွားမှုကြောင့် ဆန်အထွက်နှုန်းနည်း သည့်အတွက် မြန်မာနိုင်ငံမှဆန်များအားဝယ်လိုအားမြင့်တက်ခဲ့ပါ တယ်။

USDA စာရင်းအချက်အလက်များအရ ကမ္ဘာ့ဆန်ကုန်သွယ် မှု ကဏ္ဍကိုလေ့လာကြည့်ပါက ဆန်အများဆုံးတင်ပို့သည့် နိုင်ငံ များဖြစ်သော အိန္ဒိယ၊ ထိုင်း ၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံသည်ပဉ္စမ မြောက် အများဆုံး ဆန်တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါ တယ်။ ပြည်ပမှ အများဆုံးဆန်တင်သွင်းလျက်ရှိသည့် နိုင်ငံများမှာ တရုတ်၊ နိုင်ဂျီးရီးယား ၊ ဖိလစ်ပိုင်နိုင်ငံ၊ အီရန်နိုင်ငံနှင့် အင်ဒိုနီးရှား နိုင်ငံတို့ဖြစ်ကြောင်း သိရှိရပါတယ်။

မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စပါး (မိုးစပါး + နွေစပါး) စိုက်ဧက ၂ ဒသမ ၄၆ ဧကသန်း ရှိပြီး ထွက်ရှိမည့် တင်းလျာထားချက်မှာ ၁၃၁၇ သန်း ရှိပါတယ်။ စပါးစိုက်ပျိုးရန်အတွက် လိုအပ်သည့် မျိုး၊ အလေအလွင့်၊ စားသုံးမှုမှာ ခန့်မှန်းခြေတင်း ၈၂၆ သန်းရှိသဖြင့် ပိုလျှံမည့် စပါးတင်း ၄၉၂ သန်း၊ စပါးတန်ချိန်အားဖြင့် ၁၀ သန်းရှိနိုင်ပါတယ်။

သို့ဖြစ်ပါ၍ ယခုနှစ် တွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၂ ဒသမ ၅ သန်းခန့် တင်ပို့နိုင်မည့် အခြေအနေရှိကြောင်း လေ့လာ သုံးသပ်ခဲ့ကြပြီး ယခုလက်ရှိ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်ထိ မြန်မာနိုင်ငံမှ တင်ပို့ပြီးသည့်စာရင်းများအရ ဆန်တန်ချိန် သုံးသန်း ကျော် တင်ပို့နိုင်ခဲ့တာကြောင့် မြန်မာ့ဆန်တင်ပို့မှုအတွက် ကောင်း မွန်သောရလဒ်များရရှိပြီး ယခုဘဏ္ဍာနှစ်၏ကျန်ကာလများတွင် ဆက်လက်၍ ပိုမိုတင်ပို့နိုင်မည်ဟု သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံလည်းဖြစ် Logistic ပိုင်း တွင်လည်း အားသာချက်များရှိသည့် တရုတ်နိုင်ငံအပြင် မြန်မာ့ထွက် ကုန်များကို အလေးထားစိတ်ဝင်စားမှုပိုမိုလာသည့် ဥရောပနိုင်ငံများ နှင့် အခြားနိုင်ငံများ၏

**စာမျက်နှာ ၂၁ သို့**

# မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## ဘီလာရုစ်နှင့် တရုတ်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

တရုတ်ဝန်ကြီးချုပ်လီခချန်း၏ ၂၀၁၇ ခုနှစ် နှစ်ကုန်ခန့်က ဘီလာရုစ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်ဖက်ဝန်ကြီးချုပ်များက ခရီးသွားလုပ်ငန်း ပို၍ တိုးမြှင့်ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ်ကို Year of Tourism အဖြစ်သဘောတူခဲ့ကြကြောင်းသိရသည်။ ဘီလာရုစ်အနေဖြင့် တရုတ်ခရီးသွားများအတွက် ဗီဇာနှင့်တိုက်ရိုက်လေကြောင်းလိုင်းကိစ္စများတွင် ပို၍လွယ်ကူချောမွေ့မှုရှိစေရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိ တရုတ်ခရီးသွားများအတွက် အခမဲ့ဗီဇာငါးရက်ပေးထားပြီး ဖြေလျှော့မှုများ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဘီလာရုစ်မြို့တော် Minsk နှင့် ပေကျင်းကိုပြေးဆွဲသည့် တိုက်ရိုက်လေကြောင်းလိုင်းရှိနေသော်လည်း တရုတ်၏ အခြားပြည်နယ် မြို့ကြီးများနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်ရန် မျှော်လင့်ကြောင်း ဘီလာရုစ်သံအမတ်ကြီးက ပြောကြားထားသည်။

ထို့အပြင် လာမည့်နှစ်များတွင် တရုတ်မှ ကျင်းပသည့် ကုန်စည်ပြပွဲများ၊ ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများတွင်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး တရုတ်ခရီးသွားများအား ဆွဲဆောင်သွားမည်ဖြစ်သည်။ ဘီလာရုစ်သံရုံးမှတစ်ဆင့် ခရီးသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များကို တရုတ်ပြည်သူများ ပိုမိုသတိပြုမိလာအောင် ဆောင်ရွက်မည်ဖြစ်ကြောင်းလည်းသိရသည်။

မြို့တော် Minsk ၏ လေဆိပ်တွင် တရုတ်ခရီးသွားများအဆင်ပြေချောမွေ့မှုရှိစေရန် တရုတ်ဘာသာဖြင့် ကြေညာခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးထားပြီး တရုတ်စားသောက်ဆိုင်များတိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် Union Pay ဖြင့် အသုံးပြုနိုင်အောင် စီစဉ်ပေးခြင်းဖြင့် တရုတ်ခရီးသွားများအတွက် အဆင်ပြေချောမွေ့မှုရှိစေရန် ပြုလုပ်ပေးထားကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွင်း ဘီလာရုစ်သို့ တရုတ်ခရီးသွားဦးရေ ၁၇၀၀၀ သွားရောက် လည်ပတ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၂၀၀၀၀ အထိတိုးတက်လာခဲ့ကြောင်း သိရသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## ဆေးပစ္စည်း ကိရိယာများအပေါ် သွင်းကုန်ခွန် တိုးမြှင့်ရန် အိန္ဒိယအစိုးရ စဉ်းစားနိုင်ဖွယ်ရှိ

အိန္ဒိယအစိုးရသည် ပြည်တွင်းထုတ်လုပ်မှုကို အားပေးမြှင့်တင်ရန်အတွက် လာမည့် ဘဏ္ဍာနှစ်တွင် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာအချို့အပေါ် သွင်းကုန်ခွန်များတိုးမြှင့်ရန် စဉ်းစားနိုင်ဖွယ်ရှိကြောင်း၊ ယင်းလုပ်ဆောင်ချက်သည် အစိုးရ၏ "Made in India" အစီအစဉ်ကိုလည်း အထောက်အကူဖြစ်စေနိုင်သည်ဟု သတင်းအရင်းအမြစ်များက ပြောကြားထားကြောင်း သိရှိရသည်။

သို့ဖြစ်၍ လာမည့်နှစ်တွင် ဆေးပစ္စည်းကိရိယာများတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း တိုးမြှင့်ပေးရန် Association of Indian Medical Device Industry (AiMeD) အပါအဝင် အိန္ဒိယ ပြည်တွင်းလုပ်ငန်းရှင်များက အစိုးရထံတောင်းဆိုထားကြောင်း၊ လက်ရှိသွင်းကုန်ခွန် နှုန်းထားမှာ သုညရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်း အတွင်းတွင်သာရှိနေကြောင်း၊ လက်ရှိအစိုးရလက်ထက်တွင် "Made in India" အစီအစဉ်ကို စတင်ခဲ့သည်မှာ သုံးနှစ်ခန့်ကြာမြင့်ပြီဖြစ်သော်လည်း ဆေးပစ္စည်းကိရိယာ ထုတ်လုပ်သည့် လုပ်ငန်းမှာ လေးကန်နေသေးကြောင်း၊ သို့ဖြစ်၍ ဆေးဘက်ဆိုင်ရာ လျှပ်စစ်ပစ္စည်းများနှင့် ဆေးပစ္စည်းကိရိယာများအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် ပြည်တွင်းလုပ်ငန်းရှင်များက လိုလားနေကြကြောင်း သိရှိရသည်။



အိန္ဒိယနိုင်ငံသည် ဆေးဝါးကဏ္ဍတွင် ကမ္ဘာ့အဆင့်အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ဆေးပစ္စည်းလုပ်ငန်းမှာမူ ထပ်တူလိုက်နိုင်သည့် အနေအထားမျိုးကို မရောက်ရှိသေးကြောင်း၊ ဆေးပစ္စည်းကိရိယာ ထုတ်လုပ်မှုကို အားပေးမြှင့်တင်ရန်အတွက် တိုက်ရိုက်လမ်းကြောင်းအောက်တွင် ၁၀၀ ရာခိုင်နှုန်း FDI ကို လက်ရှိခွင့်ပြုထားကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## တရုတ်တွင် လူဦးရေတိုးတက်မှုနှုန်းကျဆင်း

ဗဟိုစာရင်းအင်းဗျူရို၏ ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်အတွင်း ကလေးမွေးဖွားမှုဦးရေ ၁၇ ဒသမ ၂၃ သန်းရှိခဲ့ပြီး မွေးဖွားမှုနှုန်းမှာ ၁ ဒသမ ၂၄ ရာခိုင်နှုန်းသာ ရှိခဲ့သည့်အတွက် ဂျပန်နိုင်ငံ (၁ ဒသမ ၄၆ ရာခိုင်နှုန်း) ထက်ပို၍လျော့နည်းခဲ့ကြောင်းသိရပါသည်။ နှစ်စဉ်လူဦးရေ ၆၃၀၀၀၀ ခန့် ကျဆင်းနေပြီး တရုတ်အနေဖြင့် လူဦးရေကျဆင်းလာမှုအပေါ် ဖြေရှင်းရန် လိုအပ်နေပြီဖြစ်ကြောင်း ဖော်ပြထားသည်။ ကလေးမွေးဖွားနိုင်သည့် အမျိုးသမီးဦးရေမှာ (အသက်၁၅ နှစ်မှ ၄၉ နှစ်အတွင်း) ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ငါးသန်းခန့် ကျဆင်းနေပြီး အသက် ၂၀ မှ ၂၉ နှစ် အမျိုးသမီးဦးရေမှာလည်း ၁ ဒသမ ၅ သန်းကျဆင်းနေခြင်းသည် အဓိကအကြောင်းရင်းများဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် လက်ထပ်ပြီးစုံတွဲများသည် စီးပွားရေးနှင့်လူမှုရေးဖိအားများကြောင့် ကလေးတစ်ဦးသာ မွေးဖွားလိုကြောင်း ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ် နှစ်ဝက်မှစတင်၍ မိသားစုတွင် ကလေးနှစ်ဦးယူခွင့် ပြုခဲ့သော်လည်း လူမှုရေး အခက်အခဲများဖြစ်သည့် ကလေးပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေး၊ ပညာရေး စသည့် ကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ အလုပ်လုပ်သည့်မိခင်များအတွက် childcare center များရှားပါးမှု၊ အမျိုးသမီးများ အလုပ်အကိုင်နှင့်ပတ်သက်၍ ဖိအားပေးခံရခြင်း စသည့် အချက်များကြောင့် မွေးဖွားမှုနှုန်းမြင့်တက်မလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အစိုးရမှ လုံလောက်သည့် အားပေးကူညီမှုများမပြုလုပ်ပါက လာမည့် ဆယ်စုနှစ်များတွင် နှစ်စဉ်လူဦးရေ သုံးသိန်းမှ ရှစ်သိန်းကြား ကျဆင်းနေပြီး ယခုလူဦးရေ ၁ ဒသမ ၃၉ ဘီလီယံမှ ၂၀၆၇ ခုနှစ်တွင် လူဦးရေ တစ်ဘီလီယံအထိ ရောက်ရှိသွားနိုင်ကြောင်း၊ ထို့ကြောင့် မွေးဖွားနှုန်းကျဆင်းနေခြင်းသည် အသက်အရွယ်ကြီးလာသူ လူဦးရေ တိုးမြှင့်နေခြင်းထက်ပို၍ အလေးထားဆောင်ရွက်ရမည့် စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း သုံးသပ်ထားသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပိုမိုထောက်ပံ့ပေးသွားမည့် တောင်ကိုရီးယားနိုင်ငံ

သမ္မတမွန်ဂျေအင်းအနေဖြင့် အနိမ့်ဆုံးလုပ်ခလစာမြင့်မားစွာရရှိခြင်းသည် အရေးကြီးသည့်အတွက် အနိမ့်ဆုံးလုပ်ခလစာ တိုးတက်လာရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ခလစာတိုးမြှင့်လာမှုကြောင့် အလုပ်သမားစရိတ်များပြားလာခြင်းကို လုပ်ငန်းရှင်များ ခံနိုင်ရည်ရှိစေရန်အတွက်လည်း မူဝါဒများ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် ပထမဆုံး တွေ့ဆုံသည့် အစည်းအဝေး၌ ပြောကြားခဲ့သည်။

အဆိုပါထောက်ပံ့မှုများတွင် ကုမ္ပဏီလုပ်ငန်းရှင်များမှ အစိုးရသို့ ပေးဆောင်ရမည့် အလုပ်သမားငှားရမ်းခန့်ထားခြင်းအတွက် အာမခံကြေး၏ ၃၀ ရာခိုင်နှုန်းကို လျှော့ချပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်သမား ၃၀ ဦးအောက်လျော့နည်းသည့် စီးပွားရေးလုပ်ငန်းများ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ အသစ်ငှားရမ်းခန့်ထားသည့် အလုပ်သမားများအတွက်လည်း အစိုးရအနေဖြင့် ထောက်ပံ့ပေးသည့် အစီအစဉ်များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်တွင် ကုမ္ပဏီတစ်ခုအနေဖြင့် အလုပ်သမား အသစ်လေးဦးကို ငှားရမ်းခန့်ထားမည်ဆိုပါက အစိုးရအနေဖြင့် အလုပ်သမားတစ်ဦး၏ လုပ်ခလစာကိုအပြည့်အဝ ထောက်ပံ့ပေးမည့်အပြင် ယင်းအလုပ်သမားလေးဦးလုံး ငှားရမ်းခ စုစုပေါင်း၏ သုံးပုံတစ်ပုံကို ထောက်ပံ့ပေးသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်သမားငါးဦး ငှားရမ်းခန့်ထားပါက အလုပ်သမားတစ်ဦး၏ လုပ်ခလစာကို အပြည့်အဝထောက်ပံ့ကာ စုစုပေါင်း အလုပ်သမား လုပ်ခလစာ၏ သုံးပုံနှစ်ပုံကို ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်နိုင်ရေး အစီအစဉ်များ ရေးဆွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ရရှိရေးကို အရေးအကြီးဆုံး စီမံချက်တစ်ခုအနေဖြင့် နှစ်စမှပင်စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ခလစာ တိုးတက်လာခြင်းကြောင့် ဆင်းရဲချမ်းသာကွာဟမှု ကျယ်ပြန့်လာခြင်းကို ဖြေရှင်းနိုင်ပြီး ဝင်ငွေနည်းပါးသည့် အလုပ်သမားများ အဆင်ပြေစေမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်း စားသုံးမှုလည်းတိုးတက်လာပြီး စီးပွားရေးလည်းတိုးတက်လာမည်ဖြစ်ကြောင်း၊ မူဝါဒအပြောင်းအလဲများကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများရှိမည်ဖြစ်သော်လည်း နိုင်ငံစီးပွားရေးနှင့် ပြည်သူများ၏လူနေမှုဘဝ တိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လုပ်ခလစာမြင့်တက်လာခြင်းကြောင့် ဖြစ်လာမည့် အကျိုးဆက်များအတွက် လုပ်ငန်းငယ်များကို ကူညီထောက်ပံ့မည့်ပမာဏမှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံခန့် ရှိမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းငယ်များမှ အစိုးရသို့ အာမခံကြေးပေးဆောင်ရမှုအတွက် လျှော့ချပေးငွေမှာလည်း ဝမ်တစ်ထရီလီယံခန့် ရှိမည်ဖြစ်ကြောင်း၊ သမ္မတအနေဖြင့်လည်း လုပ်ငန်းငယ်များအတွက် ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများအသုံးပြုပြီး ၎င်း၏မူဝါဒများကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၂–၂–၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်တက်လာ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ် တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၅၄၀ (တစ်တန် ကျပ် ၃၃၀၆၉၀) ဈေးတက်ခဲ့ရာမှ ယခုတစ်ပတ်တွင် ဈေးအတက်အကျမရှိဘဲ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၄၁၃၆၆၉၄ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၆၀၁၃၀၅၇ ပိဿာရှိခဲ့လို့ အရောင်းအဝယ်တက်လာခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ယခုတစ်ပတ်မှာ ပြောင်းတစ်ပိဿာ ကျပ် ၃၀ရှိခဲ့လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းအတက်အကျ မရှိခဲ့ကြောင်း စုံစမ်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းလုံးကြီး ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းလုံးကြီး ဈေးကျခဲ့ပြီး ပဲစင်းငုံနီဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၇၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၈၆၀ (တစ်တန် ကျပ်၅၂၆၆၅၀)ဈေးရှိခဲ့ပြီး အရည်အသွေးကောင်း မတ်ပဲကို မြို့ခံဝယ်လက်တွေက ရွေးချယ်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၆၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၆၆၀ (တစ်တန် ကျပ် ၄၀၄၁၇၀) ဖြင့် ဈေးမြင့်ခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံဝယ်လက်တွေအပြင် တပ်မတော်ရိက္ခာအတွက်ပါ တိုးမြှင့်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ကောင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၈၉ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၂၁၀ (တစ်တန် ကျပ် ၇၄၀၉၉၀)ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ကျပ် ၂၉၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၉၃၃ ကျပ် (တစ်တန် ကျပ် ၁၇၉၆၁၃၀) ဈေးမြင့်ခဲ့ပြီး မြေပဲလုံးဆန်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၆၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၅၅၀ (တစ်တန် ၁၅၆၁၅၉၀) ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ကို မန္တလေးဝယ်လက်များက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ ဈေးငြိမ်ပြီး ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ ဈေးငြိမ်ခဲ့ပြီး ပဲစင်းငုံနီ ဈေးမြင့်တက်ခဲ့ပါတယ်။ ယခုတစ်ပတ် မတ်ပဲ တစ်ပိဿာ ၈၃၃ ကျပ် (တစ်တန်ကျပ် ၅၁၀၁၂၀) ရှိခဲ့လို့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့တယ်လို့ ဆိုပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၆၅၀ရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၆၅၈ (တစ်တန် ကျပ် ၄၀၂၉၅၀)ဈေးရှိခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ) တစ်ပိဿာ ၁၄၂၂ ကျပ်ရှိခဲ့ရာမှ ယခု တစ်ပတ်မှာ တစ်ပိဿာ ၁၃၃၃ ကျပ်(တစ်တန် ကျပ် ၈၁၆၃၁၀) ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာရွှေဝါ)ကို တရုတ်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့ကြလို့ အရောင်းအဝယ် နည်းခဲ့ပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၉၅၆ ကျပ်(တစ်တန်ကျပ်၁၈၁၀၂၂၀)ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးအတက်အကျမရှိခဲ့ဘဲ ယခင်တစ်ပတ်က နှမ်းနက်တစ်ပိဿာ ၂၂၂၂ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၁၁ကျပ်(တစ်တန် ကျပ် ၁၂၉၂၇၅၀)၊ ယခင်တစ်ပတ်က နှမ်းညို တစ်ပိဿာ ကျပ် ၂၄၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၃၃၃ ကျပ် (တစ်တန် ကျပ် ၁၄၂၈၇၀၀)၊ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၃၃ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၆၆၇ကျပ်(တစ်တန် ကျပ် ၁၆၃၃၂၄၀) နဲ့ အသီးသီး ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်က ၅၂၈ ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၆၅ ကျပ် (တစ်တန် ကျပ်၃၄၆၀၀၀) ထိ ဈေးမြင့်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနဲ့ မတ်ပဲဈေးငြိမ်ပြီး ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းနဲ့ မတ်ပဲတို့ ဈေးငြိမ်ခဲ့ပြီး ပဲစင်းငုံနီဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၄၂၀(တစ်တန် ကျပ် ၈၆၉၀၉၀) ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၀၀ (တစ်တန်ကျပ် ၅၅၁၁၅၀)ဈေးရှိခဲ့သလို ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ပေမယ့် ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၇၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၆၂၅ ကျပ် (တစ်တန် ကျပ် ၃၈၂၇၄၀)နဲ့ ဈေးကျခဲ့ပါတယ်။ နှမ်း ရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံတစ် ပိဿာ ၂၆၂၅ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၁၀ ကျပ် (တစ်တန် ကျပ် ၁၆၅၉၅၇၀)၊ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၂၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၃၅၅ ကျပ် (တစ်တန် ကျပ် ၁၄၄၂၁၇၀)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၃၀၂၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၀၄၅ ကျပ် (တစ်တန် ကျပ် ၁၈၆၄၇၂၀)၊ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ကျပ် ၂၅၆၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၅၅ ကျပ်(တစ်တန် ကျပ် ၁၆၈၇၁၃၀ ဖြင့် အသီးသီးဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ စီပီပြောင်းဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ စီပီပြောင်းတို့ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၆၂၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၆၄၀ (တစ်တန်ကျပ် ၃၉၁၉၂၀)ထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နှင့် မြို့ခံကုန်သည်များက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ စီပီပြောင်းသီးနှံကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၅၆၀ (တစ်တန် ကျပ်၃၄၂၉၃၀) ဖြင့်ဈေးတက်ခဲ့ပါတယ်။ အစာစပ်လုပ်ငန်းများနဲ့ မန္တလေးဝယ်လက်တွေက စီပီပြောင်းကို ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ မတ်ပဲနဲ့ စီပီပြောင်းတို့ ဈေးကျ

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ မတ်ပဲနဲ့ စီပီပြောင်းတို့ ဈေးကျဆင်းခဲ့ကြောင်း ရေစကြိုဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၇၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၈၀၀(တစ်တန်ကျပ် ၄၈၉၉၁၀)သို့ဈေးကျဆင်းခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲလွန်းဖြူ တစ်ပိဿာ ကျပ်၁၄၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၁၂၅၀ (တစ်တန် ကျပ် ၇၆၅၄၈၀)ထိ၊ ယခင်တစ်ပတ်က ပဲလွန်းပြာ တစ်ပိဿာ ၁၃၁၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ် ပိဿာ ၁၂၆၅ ကျပ် (တစ်တန် ကျပ် ၇၇၄၆၇၀)ထိ ဈေးဆက်လက် ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က စီပီပြောင်း တစ်ပိဿာ ၅၀၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၅၇၀ (တစ်တန် ကျပ် ၃၄၉၀၆၀) ထိမြင့်တက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်း ဈေးအနည်းငယ်တက်ပြီး အရောင်းအဝယ်ပြန်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်း ဈေး အနည်းငယ်တက်ပြီး အရောင်းအဝယ် ကျလာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ကအစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ် တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်ရှိပြီး ရွှေလီဘက်တွင် ၈၇ ယွမ်ရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ မြန်မာဘက်တွင် ၇၅ ယွမ်ရှိပြီး ရွှေလီဘက်တွင် ယွမ် ၉၀ ထိ ဈေးအနည်းငယ်တက်ခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၇၅၀၂၉တန် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၂၉၄၅၈ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ယွမ်ကို မြန်မာငွေ ၂၀၇ ကျပ် ပေါက်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၀၉ ကျပ်ရှိခဲ့လို့ ငွေလဲနှုန်းမြင့်တက်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်ကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ်ကျခဲ့ပြီး ပဲစင်းငုံနီ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၅၅၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၅၄၀၀၀ ထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ်၇၁၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၇၀၄၀၀၀ ထိ ဈေးအနည်းငယ်ကျခဲ့ပြီး ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်တန် ကျပ် ၄၂၀၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၄၀၀၀၀ ထိဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲ ဈေးငြိမ်ပြီး ပဲတီစိမ်း ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကျပ် ၉၆၀ (တစ်တန် ကျပ်၅၇၈၈၉၀)ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက် တွေက ဝယ်ယူချင်ပေမယ့်လည်း အရောင်းနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၆၀ (တစ်တန် ကျပ် ၈၃၂၈၅၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရ ပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲတီစိမ်းကို ပုံမှန်ဝယ်ယူခဲ့တာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း ဟင်္သာတ ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

××××××××××××××××

# ရေစကြိုမြို့နယ်တောင်စင်ကျေးရွာတွင် မြန်မာနိုင်ငံကိုယ်စားပြု သိုး၊ ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းဖွဲ့စည်း

ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ တောင်စင်ကျေးရွာတွင် မြန်မာနိုင်ငံကိုယ်စားပြု သိုး/ ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို ဇန်နဝါရီလ ၂၃ ရက်က ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်-၂ ဦးအောင်မောင်း၊ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦး၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဦး၊ ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဦး၊ ပခုက္ကူခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးများနှင့် ဆိတ်မွေးမြူသူ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးမှ ဆိတ်မွေးမြူသူ ကုန်သည် ဒေါက်တာနေဝင်းအောင်၊ ပခုက္ကူခရိုင်၊ ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများ၊ တောင်စင်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ သိုး/ဆိတ်မွေးမြူတင်ပို့ရောင်းချသည့် ကုမ္ပဏီများမှ တာဝန်ခံများနှင့် ကျေးရွာရှိ သိုး/ဆိတ်မွေးမြူသူများ စုစုပေါင်း ၁၀၈ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ယခုလိုဆွေးနွေးပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံကိုယ်စားပြု သိုး/ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်ပဝင်ငွေပိုမိုရရှိပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံကိုယ်စားပြု သိုး/ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းကို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာသော မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းမှ ခရိုင်ဦးစီးမှူးများ၊ ဆိတ်မွေးတောင်သူများ၊ ဆိတ်မွေးမြူတင်ပို့ရောင်းချသည့် ကုမ္ပဏီများကို မိမိအနေဖြင့် နှုတ်ခွန်းဆက်သပါကြောင်း၊ ယခုကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံကိုယ်စားပြု သိုး/ ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ ရေစကြိုမြို့နယ်မှ ကိုယ်စားလှယ်နှစ်ဦးစီနှင့် တိုင်းဒေကြီးမှ ကိုယ်စားလှယ်နှစ်ဦးတို့က ဆွေးနွေးပြောကြားပေးရန်နှင့် ဆွေးနွေးချက်များကို ဌာနဆိုင်ရာကိုယ်စားလှယ်များကပေါင်းစပ်ညှိနှိုင်းပေးရမည်ဖြစ်ကြောင်း၊ ဆိတ်မွေးမြူရေးနှင့် ဆိတ်မွေးမြူရေးဇုန်တစ်ခု ပြီးတစ်ခုပေါ် ပေါက်လာစေရေး သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရောင်းဝယ်ရေးကဏ္ဍ၊ ဈေးကွက်ချိတ်ဆက်ရေး ကဏ္ဍများကို ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်များမှ ပေါင်းစပ်ဖြေရှင်းပေးရန် လိုအပ်ကြောင်း၊ သိုး/ဆိတ်မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် အမြင်မတူညီမှုများကို ပွင့်လင်းစွာဆွေးနွေးစေလိုကြောင်း၊ ဒေသအစိုးရဘက်မှာလည်း လမ်းခရီးတွင် အတားအဆီးများရှိလျှင်လည်း ဆွေးနွေးစေလိုကြောင်း၊ ကျန်းမာရေးကဏ္ဍ စောင့်ရှောက်မှုများကို ပြုပြင်ပြောင်းလဲမှသာမွေးမြူရေးကဏ္ဍ၊ တင်ပို့မှုကဏ္ဍ၊ (Supply Change) တစ်ခုလုံးမှာ လိုအပ်သောချိတ်ဆက်မှုများကို မိမိအနေနဲ့ ဖြေရှင်း၍ ရလျှင်လည်း ဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ လိုအပ်လျှင်လည်း ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဖြေရှင်းပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်ထိ အဆင့်ဆင့်ဆောင်ရွက် တင်ပြပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

ဆက်လက်၍ တက်ရောက်လာသူများအားလုံးကို တောင်စင်ကျေးရွာတွင်ရှိသော ဆိတ်မွေးမြူထားမှုများကို လေ့လာပြီးတောင်စင်ရွာကဲ့သို့ ဆိတ်မွေးမြူရန်နှင့် တစ်ဦးနှင့်တစ်ဦး အားနည်းချက်၊ အားသာချက်များကို အမြင်ချင်းဖလှယ်ကြရန်၊ တာင်စင်ရွာကဲ့သို့ ဇုန်ကြီးတစ်ခုဖြစ်ပေါ်လာစေရန် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ မွေးမြူရေးဇုန်တွေရှိပြီး အသင်းအဖွဲ့နှင့်ဆိုလျှင် ဈေးကွက်ဖောက်ဖျက်ခြင်း၊ ဈေးနှိမ်ခံရခြင်းမရှိဘဲ ထိုက်သင့်သောဈေးကွက်ရရှိကာ သိုး/ဆိတ်မွေးမြူတင်ပို့မှုတိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းအစည်းအဝေးမှ ပထမဆုံး အလုပ်အမှုဆောင်အစည်းအဝေးကို အသင်းအဖွဲ့ခေါင်းဆောင်များစုစည်းပြီး အလုပ်အမှုဆောင်ရွေးချယ်ခြင်း ပြီးမြောက်အောင် ဆောင်ရွက်လိုကြောင်း၊ မွေးမြူသူများနှင့် စုစည်းထားတဲ့ အသင်းအဖွဲ့နည်းတူ သနပ်ခါးအသင်းအဖွဲ့များ ဖွဲ့စည်းပြီး မုံရွာမြို့တွင်လည်း မြန်မာ့သနပ်ခါးအသင်းကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိနိုင်ပြီး စိန်ခေါ်မှုအခက်အခဲကို ရင်ဆိုင်ဖြေရှင်းရန် လိုကြောင်း၊ ယနေ့အလုပ်အမှုဆောင်အဖွဲ့ကို မန္တလေးတိုင်းမှ ကိုယ်စားလှယ် ငါးဦး၊ စစ်ကိုင်းတိုင်းမှ ကိုယ်စားလှယ်ခြောက်ဦး၊တောင်စင်ရွာမှ ကိုယ်စားလှယ် ၁၀ ဦး စုစုပေါင်း ၂၁ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ဖွဲ့စည်းရာတွင် အချင်းချင်းဆွေးနွေးညှိနှိုင်းပြီး ဖွဲ့စည်းရမှာဖြစ်ကြောင်း၊ အသင်းအဖွဲ့တစ်ခုဖြစ်လျှင် အသင်းသား၊ အသင်းစည်းမျဉ်းနှင့် မွေးမြူရေးဈေးကွက် ကျန်းမာရေးကော်မတီရှိရမည်ဖြစ်ပြီး၊ ဆိတ်များရောဂါဖြစ်လျှင် ပေါင်းစပ်ညှိနှိုင်းအဖွဲ့က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သော အကူအညီများကို ခရိုင်ဦးစီးမှူး၊ တိုင်းဒေသကြီးဦးစီးမှူးမှတစ်ဆင့် တင်ပြ၍ မိမိမှတစ်ဆင့်ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦးမှ သိုး/ဆိတ်များတွင် ဖြစ်ပွားတတ်သောရောဂါများ ကုသရန်နည်းလမ်းများနှင့် ကာကွယ်ရန် နည်းလမ်းများ၊ အစာကျွေး မွေးမှုဆိုင်ရာ နည်းလမ်းများနှင့် ကာကွယ်ဆေးထိုးရန် လိုအပ်မှုများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မွေးမြူရေးဇုန် တည်ထောင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများနှင့် ချေးငွေဆိုင်ရာ ကိစ္စများအား တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီးနောက် တောင်စင်ကျေးရွာ မွေးမြူရေးဇုန်အား လေ့လာခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်ဦး၊ သူဇာကျော် (ပခုက္ကူ)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် The 23rd China International Health Industry Expo ပြပွဲ ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ဧပြီလ ၈ရက်မှ ၁၀ရက်အထိ “The 23rd China International Health Industry Expo ”ပြပွဲကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပါဝင်ပြသမည်ဆိုပါက ပြခန်း(3m x 3m) တစ်ခန်းလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲသို့မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး လေ့လာသိရှိလိုပါက www.jianbohui.com သို့ ဝင်ရောက် ကြည့်ရှုနိုင်ပါကြောင်းနှင့် စိတ်ဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်- ၀၆၇ ၄၃၀၁၂၈၊ E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့)ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**ဆုမွန်သိန်း (TD)**

စာမျက်နှာ (၇) အီကွစ်တီ ဈေးကွက်မှသည် ...... မှအဆက်

ယင်းကို အမြတ်ဝေစုပေးဝေသည့်နှုန်း (dividend yield)ဖြင့် တွက်ချက်လေ့ရှိပါသည်။ ယင်းနှုန်းကို နှစ်စဉ်ပေးဝေသည့် အမြတ်ဝေစုကို ရှယ်ယာပေါက်ဈေးဖြင့်စားခြင်းမှ ရရှိပါသည်။ အမြတ်ဝေစုနှုန်း မြင့်တက်ခြင်းဖြင့် ရှယ်ယာဈေးနှုန်းသည်လည်း မြင့်တက်နိုင်ပါသည်။ သို့သော် ခြွင်းချက်များလည်း ရှိပါသည်။ ကုမ္ပဏီ၏ ငွေသားစီးဆင်းမှုအရ တစ်ခါတစ်ရံ အမြတ်ဝေစုပေးဝေရန် လုံလောက်သည့် ငွေမပြည့်သည့် အခြေအနေမျိုးလည်း ရှိနိုင်ပါသည်။ သက်တမ်းနုသော၊ တိုးတက်မှုနှုန်း မြန်ဆန်သော ကုမ္ပဏီများသည် အမြတ်ဝေစုနှုန်း အနည်းငယ်သာပေးခြင်း (သို့မဟုတ်) လုံးဝပေးနိုင်ခြင်းမရှိဘဲ ရရှိလာသောငွေများကို ကုမ္ပဏီတိုးတက်ရေးအတွက် ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်လေ့ရှိပါသည်။

အမြတ်ဝေစုကို ကုမ္ပဏီ၏ သတ်မှတ်ထားသည့် မှတ်ပုံတင်နေ့ရက်တွင် ရှိသည့် ရှယ်ယာပိုင်ရှင်များသို့ ပေးဝေလေ့ရှိပါသည်။ အမြတ်ဝေစုရရှိရန် ရှယ်ယာရှင်များသည် သတ်မှတ်ထားသည့် မှတ်ပုံတင်နေ့ရက်တွင်ရှယ်ယာများ ပိုင်ဆိုင်ထားရန်လိုအပ်ပါသည်။ သို့အတွက်ရှယ်ယာများ မှတ်ပုံတင်သည့်နေ့မတိုင်မီ နှစ်ရက်သုံးရက်အတွင်း ရှယ်ယာများ ဝယ်ယူရန်လိုအပ်ပါသည်။ ယင်းကို Cum-dividend ဖြင့်ရောင်းဝယ်သည်ဟု ဆိုပါသည်။ ရှယ်ယာမှတ်ပုံတင်ရက်ကျော်မှ ဝယ်ယူသူများသည် ယင်းဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစု ရရှိမည်မဟုတ်ပါ။ ယင်းကို Ex-dividend ဖြင့်ရောင်းဝယ်သည်ဟုဆိုပါသည်။

တစ်ခါတစ်ရံကုမ္ပဏီများသည် ရှယ်ယာအပေါ် အမြတ်ငွေကို ငွေသားဖြင့်ပေးဝေခြင်းမရှိဘဲ စတော့များဖြင့်ပေးခြင်းလည်း ရှိပါသည်။ စတော့ဖြင့် အမြတ်ဝေစုပေးခြင်းသည် ကုမ္ပဏီ၏ အရန်ငွေကြေးများကို စတော့အဖြစ်ပြောင်းလဲကာ ရှယ်ယာရှင်များကိုပေးဝေခြင်းဖြစ်သောကြောင့် ယင်းကိုရင်းနှီးငွေမြှင့်တင်သည့် စတော့များဟုလည်း ခေါ်ဆိုပါသည်။

### ပိုင်ဆိုင်မှုတန်ဖိုးများ

ကုမ္ပဏီအနေဖြင့်အိမ်ခြံမြေ၊ စက်ပစ္စည်း၊ နည်းပညာ၊ ကုန်စည် အစရှိသည့်ပစ္စည်းများကို ပုံစံအမျိုးစုံဖြင့် ပိုင်ဆိုင်လေ့ရှိပါသည်။ ယင်းပိုင်ဆိုင်ပစ္စည်းများ၏တန်ဖိုးသည် ဈေးကွက်၏အင်အားအရ ပြောင်းလဲမှုများ ရှိနေပါသည်။ ယင်းပိုင်ဆိုင်ပစ္စည်းတန်ဖိုး ပြောင်းလဲခြင်းသည်လည်း ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းကို အပြောင်းအလဲဖြစ်ပေါ်စေပါသည်။

### သုတေသီများ၏ ခန့်မှန်းချက်များ

စတော့ဈေးကွက်တွင်ပါဝင်သည့် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ (သို့) စတော့ပွဲစားကုမ္ပဏီများသည် ဈေးကွက်ကျွမ်းကျင်သူသုတေသနပညာရှင်များကို ခန့်အပ်ထားလေ့ရှိပါသည်။ ယင်းသုတေသနပညာရှင်များသည် မည်သည့်ရှယ်ယာများသည် သတ်မှတ်သည့်ကာလအတွင်း မည်သို့သော စွမ်းဆောင်ရည်များ ဖြစ်ပေါ်နေသည်ကို ရင်းနှီးမြှုပ်နှံမှုများသို့ အကြံဉာဏ်ပေးရပါသည်။ အခြေခံအားဖြင့် ကုမ္ပဏီ၏ စီးပွားရေးမဟာဗျူဟာများ၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုအခြေအနေ၊ လက်ရှိဈေးကွက်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ကုမ္ပဏီ၏ နှစ်အလိုက် ဝင်ငွေများအပေါ်တွင် အခြေခံကာ အနာဂတ်တွင်ရှိနိုင်မည့် အခြေအနေများကို သုတေသနပြုလုပ် ကြရပါသည်။ နောက်ဆုံးတွင် ကုမ္ပဏီ၏ အခြေအနေအားလုံးအပေါ် ကောက်ချက်ချကာ အနာဂတ်တွင် ဈေးနှုန်းမည်မျှဖြစ်နိုင်မည်ကို ခန့်မှန်းကြပါသည်။

တစ်ခါတစ်ရံ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ သုတေသနအဖွဲ့များ၏ သုတေသနပြုချက်များကို အဝေဖန်ခံရခြင်းများလည်း ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းအဖွဲ့များသည် ကုမ္ပဏီများမှရှယ်ယာများ ရောင်းချရာတွင် တာဝန်ခံဖြန့်ချိရောင်းချသူ (Underwriter)များအဖြစ် ဆောင်ရွက်လေ့ရှိသောကြောင့် ၎င်းတို့၏ရှယ်ယာရောင်းချမှု လုပ်ငန်းများ အောင်မြင်ရေးအတွက် သုတေသနပြုချက်များကို သာသာထိုးထိုးရေးသားကြခြင်းကြောင့် ဖြစ်ပါသည်။ အချို့ကိစ္စရပ်များတွင် သုတေသီများသည် ၎င်းတို့ထောက်ခံထားသည့် ရှယ်ယာများကို ၎င်းတို့ကိုယ်တိုင် ဝယ်ယူရင်းနှီးကြခြင်းလည်းရှိပါသည်။ မည်သို့ပင်ဖြစ်စေ သုတေသနအဖွဲ့များ၏ ထုတ်ပြန်ကြေညာချက်များက ကုမ္ပဏီရှယ်ယာဈေးနှုန်းကို မြင့်တက်စေခြင်း၊ နိမ့်ကျစေခြင်းများကိုဖြစ်ပေါ်စေကာ ရှယ်ယာဈေးနှုန်းကို အဓိကအကျိုးသက်ရောက်စေသော အကြောင်းရင်းများကို ဖြစ်ပေါ်စေပါသည်။

## ဇန်နဝါရီလအတွင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကုန်သွယ်မှု လျာထားချက်အပေါ် ၈၇ ရာခိုင်နှုန်း ကျော်ဆောင်ရွက်နိုင်ခဲ့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၂၂၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၉၁ သန်း၊ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၅၅ ဒသမ ၃၂၀ သန်း ဆောင်ရွက်ခဲ့သည်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ လျာထားချက်မှာ ပို့ကုန်အမေရိကန် ဒေါ်လာ ၆၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂ သန်း၊ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၃ သန်းဖြစ်သဖြင့် လျာထားချက်အပေါ် ၈၇ ဒသမ ၈၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်ဘဏ္ဍာနှစ်ကာလတူ ၂၀၁၇ ခုနှစ်ဇန်နဝါရီနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင်အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၀၃၇ သန်း ပိုမိုဆောင်ရွက်ခဲ့ပြီး သွင်းကုန်တွင်အမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၃ သန်း လျော့နည်းဆောင်ရွက်ခဲ့သော်လည်း ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၃၄ သန်းပိုမိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလအတွင်း ချင်းရွှေဟော်မှ တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဆန်၊ ရော်ဘာ၊ ပဲအမျိုးမျိုး၊ နှမ်း၊ ကြံ၊ ပြောင်း၊ ဖရဲ၊ သခွား၊ ပီလောပီနံ၊ သီဟိုဠ်စေ့၊ မန်ကျည်းသီး၊ ငရုတ်သီးစိမ်း(အစို)၊ ငါးရှဉ့်၊ ပုစွန်၊ ကဏန်း၊ ကင်းမွန်၊ ရေငန်ငါး၊ သကြား၊ ဆံပင်တို့ဖြစ်ပြီး သွင်းကုန်ပစ္စည်းများမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပလတ်စတစ်ပီနံအိတ်၊ ဂျုံမှုန့်၊ ငါးဖမ်းပိုက်များနှင့် လူသုံး/အိမ်သုံးပစ္စည်း၊ အချိုမှုန့်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာ ရည်၊ ပလတ်စတစ်ခြင်းတို့ဖြစ်သည်။

ချင်းရွှေဟော်စခန်းအနေဖြင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် တစ်ဖက် တရုတ်နိုင်ငံလင်ချန်းနယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနမှ တာဝန်ရှိသူများနှင့် လစဉ် ဆွေးနွေးမှုများပြုလုပ်ရာ ဇန်နဝါရီ ၁၂ ရက်တွင် တရုတ်နိုင်ငံ မိန်းတိန်မြို့၌ (၁၅) ကြိမ်မြောက် တရုတ်-မြန်မာ အစည်းအဝေးပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် မိမိနိုင်ငံမှ ဘိန်းအစားထိုးသီးနှံဖြစ်သည့် ဆန်၊ ပြောင်း၊ ရော်ဘာခွဲတမ်းတိုးမြှင့်ရေး၊ ပို့ကုန်အမယ်သစ်များပို မိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရေး၊ ခွဲတမ်းသတ်မှတ်ခြင်းမပြုဘဲ တရားဝင်လွတ်လပ် စွာတင်ပို့ခွင့်ပြုနိုင်ရေးကို ဆွေးနွေးခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ တာဝန်ရှိသူများကလည်း မိမိတို့တောင်းဆိုချက်များအပေါ် အလေးအနက်ထားဆောင်ရွက်ပေးပါကြောင်း၊ ဇန်နဝါရီလမှ စ၍ ကွမ်းလုံဒေသတောင်ပေါ်ကျေးရွာများမှ ဘိန်းအစားထိုး သီးနှံကြံစိုက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ကြံတန်ချိန် ၁၆၀၀၀၀ ကျော်ထွက်ရှိ၍ တောင်ပေါ်ဒေသအရောက် တရုတ်ကားများဖြင့် သယ်ဆောင်ပြီး တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ လားရှိုးဒေသတစ်ဝိုက်မှ စိုက်ပျိုးထွက် ရှိသည့် ကြံများကိုလည်း ချင်းရွှေဟော်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိကြောင်း၊ လာမည့်ကာလများတွင် ပို့ကုန်တန်ဖိုးများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း ချင်းရွှေဟော်စခန်းမှ သတင်းရရှိပါသည်။

**မော်မော်အောင်**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန် တင်ပို့မှု သိသိသာသာတိုးတက်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁၃၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၁၂၃၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၈၇၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၃၆၃ တန်ပိုမိုတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်များ တင်ပို့မှု လျော့နည်းခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်တယ်လို့သိရပါတယ်။ တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၆ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းတို့ကို တန် ၁၃၀၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၆၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေ ဘဝဲ၊ အခြားရေထွက်၊ ပင်လယ်ငါးရှဉ့် တို့ကို ၂၉၀၂၇ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၇၅ သန်းတန်ဖိုးရှိ ကင်းမွန် (လိပ်)၊ ငါးမှုန့်၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်တို့ကို ၂၀၇၇ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးများပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၁ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၁၃၄၀ ကို အိန္ဒိယသို့တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၅၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၈၆ တန်ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှုလျော့နည်းခဲ့ပေမယ့် တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးများပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၇ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၀၁၇ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၄ သန်းတန်ဖိုးရှိ ကွမ်းသီး ၃၂၂ တန်ကို တင်ပို့ခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ၃၀၇ သန်းတန်ဖိုးရှိ စီးကရက်၊ နန့်ဖာလုံ ကုန်စုံ၊ အုန်းသီး၊ ပန်းသီး၊ ဆီးသီး၊ ပဲစင်းငုံ၊ ပဲပုပ်စေ့တို့ကို ၂၄၉ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၃ သန်းတန်ဖိုးရှိ စီးကရက်လေးတန်ခွဲခန့်ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ...... မှအဆက်

အိန္ဒိယ-အာဆီယံ၏ ပိုမိုခိုင်မာ၍ အကျိုးကျေးဇူးပြုနိုင်သော "Act East Policy" ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အထောက်အကူပြုမည်ဖြစ်ပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။ Summit သို့ တက်ရောက်နေစဉ်ကာလအတွင်း ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးသည် အာသံပြည်နယ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် ပထမဦးဆုံးနှင့် အကြီးဆုံးထိပ်သီးအစည်းအဝေး တစ်ခုဖြစ်ပြီး အာဆီယံနှင့် BBN နိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ဖိတ်ခေါ်ခြင်းဖြစ်ရာ Summit သို့ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၊ အာသံပြည်နယ်မှဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် ၄၀၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## မူဆယ်မှ ပီလောပီနံအမှုန့်၊ ချင်းရွှေဟော်မှ ပီလောပီနံဥတင်ပို့

ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၃၈၃၅ တန်ဖိုးရှိ ပီလောပီနံအမှုန့် ၁၁၃ တန်ခွဲနဲ့ အမေရိကန်ဒေါ်လာ ၁၃၁၂ တန်ဖိုးရှိ ပီလောပီနံဥ ၃၂တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ပီလောပီနံအမှုန့် ၁၉၃ တန်နဲ့ ပီလောပီနံဥ ၃၂ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပီလောပီနံအမှုန့် တင်ပို့မှုမှာ ၇၉ တန်ခွဲလျော့နည်းခဲ့ပေမယ့် ပီလောပီနံဥကို ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၅ တန်ဖိုးရှိ ပီလောပီနံဥ ငါးတန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီလအတွင်း မူဆယ်မှတရုတ်နိုင်ငံသို့ ပီလောပီနံအမှုန့် ၆၄၃တန်နဲ့ ပီလောပီနံဥ ၆၄ တန် တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## တာချီလိတ်မှ လက်ဖက်ခြောက် ပိုမိုတင်ပို့

ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၀၇၁၅ တန်ဖိုးရှိ လက်ဖက်ခြောက် ၅၃ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၇ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ တာချီလိတ်မှ ဇန်နဝါရီလအတွင်း လက်ဖက်ခြောက် တန် ၁၅၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၉၅၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၂ တန်ခွဲကို အဆိုပါရက်သတ္တပတ်အတွင်း တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၃ တန်နဲ့နှိုင်းယှဉ်ပါက တန် ၇၀ ကျော်လျော့နည်းခဲ့ပါတယ်။ ဇန်နဝါရီလတစ်လလုံး မူဆယ်မှ လက်ဖက်ခြောက် တန် ၂၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းသို့ ဆိုင်ကယ်များ တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၀၈ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၂၅၄၉ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၇၉၇၀ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၄၂၁ စီး လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များ လျော့နည်းတင်သွင်းခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၇၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၉၄၇ စီး၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၃၁ စီး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုညဒသမ ၀၃၀ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၈ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂၅၃ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ဇန်နဝါရီလအတွင်း ပရဆေးကုန်ကြမ်းတန်ချိန် ၁၇၀၀ တင်ပို့

၂၀၁၈ ဇန်နဝါရီလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း တန်ချိန် ၁၇၀၀ ခန့်ကို တင်ပို့ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ပရဆေးကုန်ကြမ်းများကို တရုတ်တိုင်းရင်းဆေးဝါး ဖော်စပ်ရာမှာလည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင်ပြုလုပ်တဲ့ နေရာမှာလည်းကောင်း လိုသလိုအသုံးပြုလာကြတာဖြစ်တဲ့အတွက် ယခုလိုပရဆေးကုန်ကြမ်းတွေ ပုံမှန်တင်ပို့မှုရှိနေတယ်လို့ သိရပါတယ်။

ဇန်နဝါရီ နောက်ဆုံးပတ်အတွင်း မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန်ဒေါ်လာ သုညဒသမ ၇၄၂ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၆ မျိုး၊ တန်ချိန်အားဖြင့် ၆၈၆ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၃၃ တန်နဲ့ နှိုင်းယှဉ်ပါက ၃၅၃ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ဆီးဆန်၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ နနွင်းခေါင်း၊ မာလဉခေါင်း၊ တောချင်း၊ ဝဉ (အစို)၊ ဒရင်ကောက်မြစ်၊ ဖန်ခါးသီးခြောက်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# မြန်မာပုစွန်နှင့် ဂျပန်ဈေးကွက်အခြေအနေလေ့လာမှု သုတေသနစာတမ်းဖတ်ပွဲကျင်းပ

မြန်မာပုစွန်နှင့် ဂျပန်ဈေးကွက် အခြေအနေလေ့လာမှု သုတေသန စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၂ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီး မှူးရုံး စတုတ္ထထပ်ရှိ ကုန်သွယ်မှုသင် တန်းကျောင်း အဆင့်မြင့်သင်တန်း ခန်းမတွင် ကျင်းပခဲ့ပါတယ်။

အဆိုပါစာတမ်းဖတ်ပွဲတွင်မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြား ရေးမှူးချုပ် ဦးအောင်စိုးမှ မြန်မာကုန် သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မျှော်မှန်း ချက်၊ ရည်မှန်းချက်နှင့် ဦးတည်ချက် များကို ရှင်းလင်းပြောကြားခဲ့ပြီး ခေါင်း စဉ်လေးခုဖြင့် သုတေသနစာတမ်းများ ကို ဖတ်ကြားခဲ့တယ်လို့ သိရပါတယ်။

သုတေသနစာတမ်းများ တင်ပြ ဆွေးနွေးရာတွင် စီးပွားရေးပညာရှင် ဒေါက်တာခင်မောင်ညိုနှင့် ရန်ကုန် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝင်းမြင့်တို့မှ ဖြည့်စွက် အကြံပြုဆွေးနွေးခဲ့ပါတယ်။ ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက် လာသူများ၏ မေးမြန်းချက်များ၊ အကြံ ပြုချက်များကိုလည်း အပြန်အလှန် ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ထို့နောက် ဒုတိယညွှန်ကြားရေး မှူး ဒေါ်ချယ်ရီမောင်က မြန်မာ့ပုစွန်ကို ပြည်ပနိုင်ငံများမှ ကြိုက်နှစ်သက်၍ တင်ပို့လျက်ရှိသလို ပြည်တွင်းမှာလည်း စားသုံးမှု မြင့်တက်လျက်ရှိကြောင်း၊ ပင်လယ်စာနှစ်ခြိုက်သူ များပြားလာပြီး စားသုံးမှုပုံစံပြောင်းလဲလာကာ ကမ္ဘာ လှည့်ခရီးသွား ဝင်ရောက်မှုများလာ ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတဲ့အတွက် တောင်ပေါ် ဒေသများသို့ ၄၈ နာရီအတွင်း ဖြန့်ဖြူး နိုင်ပြီဖြစ်ကြောင်း၊ မြန်မာ့ပုစွန်ကို ဂျပန်အပါအဝင် ဥရောပနဲ့ တရုတ် နိုင်ငံတို့ကလည်း ဝယ်လိုအားကောင်း နေကြောင်း ပုစွန်တင်ပို့မှု Top 10 နိုင်ငံ စာရင်းထဲတွင် အမေရိကန်၊ ဩစတြေး လျနဲ့ တရုတ် (တိုင်ပေ)တို့ ထပ်တိုးလာ ကြောင်း၊ ဂျပန်နိုင်ငံကလည်း ရေထွက် ကုန် အများဆုံးတင်သွင်းတဲ့ နိုင်ငံဖြစ် တဲ့အတွက် ရေရှည်ဆက်လက်တင်ပို့ သင့်တဲ့ဈေးကွက်ဖြစ်ကြောင်း၊ ဒါကြောင့် ပုစွန်သားပေါက်ကန်၊ မွေးကန်များပြန် လည် ဖော်ဆောင်ရန်နဲ့ မျိုးကောင်း မျိုး သန့်ရရှိရေး၊ Value Added တင်ပို့နိုင် ရေး၊ ငွေပေးချေမှု၊ ငွေလွှဲမှုများအတွက် ဘဏ်ပိုင်းဆိုင်ရာ လွယ်ကူစေရေးတို့ကို သုံးသပ်တင်ပြခဲ့ပြီး "Made in Myanmar" တံဆိပ်တပ်ဆင်နိုင်ရေးအတွက် ဆောင် ရွက်ရန် ကိစ္စများကို ဆွေးနွေးအကြံပြုခဲ့ ပါတယ်။ ထို သို့ ဆွေးနွေးမေးမြန်း အကြံပြုချက်များအပေါ် ညွှန်ကြားရေး မှူးချုပ်က ပြန်လည်ရှင်းလင်း ပြောကြား ခဲ့ပါတယ်။



အဆိုပါစာတမ်းဖတ်ပွဲသို့ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြား ရေးမှူးချုပ်နဲ့ အရာထမ်း၊ အမှုထမ်းများ၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနတို့မှ အရာထမ်း၊ အမှု ထမ်းများ၊ JICA Project Team မှ တာဝန်ရှိသူများ၊ တိုင်းငါးလုပ်ငန်းဦးစီး ဌာနမှ ညွှန်ကြားရေးမှူး၊ စီးပွားရေး ပညာရှင်၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင် များ အသင်းနဲ့ကုမ္ပဏီများ၊ သတင်း မီဒီယာများ၊ ဖိတ်ကြားထားသူများ စုစု ပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ ကြောင်း သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၈) ကျင်းပ



ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော် ဝါရီ ၈ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမတွင်ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ နှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက် ခဲ့ကြသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေ ရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးက ယခင်လအတွင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ရပ်ကွက်/ကျောင်းတို့တွင် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်မှုများ၊ ထုတ်ကုန်လုံ ခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးများအတွင်း ခရိုင် စားသုံး သူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးမှုများ အား ရှင်းလင်းခြင်း၊ ယခုလအတွင်း အသိပညာပေးဆောင် ရွက်ရန်နှင့် ဈေးများတွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် လျာထားချက်အား အတည်ပြုရယူခြင်း၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေအားရှင်းလင်းခြင်း၊ တိုင် ကြားစာနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်မှု အခြေအနေ အားရှင်းလင်းခြင်းနှင့် မှတ်တမ်းတင်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဦးမြတ်ကျော်၊ ခရိုင်ဥပဒေအရာရှိ ဦးတင်မောင်၊ လုပ်ငန်းရှင် ကိုယ်စားလှယ်ဦးခင်ဇော်တို့က စားသုံးသူအကာအကွယ်ပေး ရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိ ပါသည်။

**သန်းအေး**

# မုံရွာစက်မှုဇုန်တွင် Understanding Web & Mobile Marketing ဟောပြောပွဲကျင်းပ

မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် မြန်မာဂျပန် စင်တာ ကျောင်းသားဟောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ အသင်း (MABA) တို့ပူးပေါင်းကာ မုံရွာစက်မှုဇုန်ခန်းမတွင် ဖေဖော်ဝါရီ ၃ရက်က Understanding Web & Mobile Marketing ဟောပြောပွဲကျင်းပခဲ့ရာ WGeekz Web & Mobile App ကုမ္ပဏီမှ စီးပွားရေး လုပ်ငန်းများကို Online မှ တစ်ဆင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ် ငန်းများကို E-Commerce မှတစ်ဆင့် ထိရောက်အောင်မြင်စွာ လုပ်ငန်းချဲ့ထွင် နိုင်စေရန် အသိပညာပေးဟောပြောဆွေးနွေး ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ဝင်စား လေ့လာမှတ် သားချင်သူ ၈၀ ဦးကျော် တက်ရောက်ခဲ့သည်။

ဟောပြောဆွေးနွေးရာ၌ ဒေါက်တာခိုင်ဝင်းမာက မြန်မာနိုင်ငံသည် အင်တာနက်သုံးစွဲမှု နှစ်ကာလမကြာမြင့် သေးချိန်အတွင်းမှာပင် သုံးစွဲမှုနှုန်းမြင့်မားနေသည်ကို တွေ့ ရှိရသဖြင့် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအတွက် အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၁ရာစုအလွန် ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် အင်တာနက် အသုံးပြုစီးပွားရေး ပုံစံဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံ သည် Traditional Marketing ပုံစံအနေဖြင့်သာကျန်ရှိနေ သည်ကို တွေ့ရှိရကြောင်း၊ ဈေးကွက်ထိုးဖောက်မြှင့်တင်ရန် ဆောင်ရွက်ကြရာတွင် သမားရိုးကျ ကြော်ငြာမှုနည်းလမ်း များဖြစ်သည့် တီဗွီ၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်း စာစောင် ကြော်ငြာများသည် အချိန်ပြည့်မမြင်တွေ့နိုင်သည့် အတိုင်းအတာရှိခြင်း၊ နေရာဒေသမရွေး ကြည့်ရှုနိုင်ရန်အကန့် အသတ်ရှိခြင်း၊ မကြာခဏ ထပ်မံကြော်ငြာတိုင်း ငွေကြေးကုန် ကျစရိတ် များနေမည်ဖြစ်ကြောင်း၊ စားသုံးသူလက်ဝယ်တိုက် ရိုက်မရောက်နိုင်သည်များရှိခြင်း စသည့် အားနည်းချက်များရှိ နေကြောင်း၊ Online Marketing ဆောင်ရွက်ပါက ကမ္ဘာတစ် ဝန်း အင်တာနက်ရရှိနေသည့် နေရာမရွေး၊ အချိန်မရွေး အကန့်အသတ်မရှိ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေကာ စားသုံး သူ၏ တုံ့ပြန်မှုနှင့် လိုလားချက်ကို အလွယ်တကူ စိစစ်လေ့လာ သိရှိနိုင်ကြောင်း၊ တစ်ကြိမ်ကုန်ကျပြီးပါက ထပ်ခါတလဲလဲ ထပ်မံကုန်ကျစရာ မလိုအပ်တော့ကြောင်း၊ အင်တာနက်၏ အစိတ်အပိုင်းလေး တစ်ခုမျှသာဖြစ်သည့် Facebook ကို သုံးစွဲရုံဖြင့် ငွေကြေးကုန်ကျနေမှုကို ကမ္ဘာ့အဆင့်မီရင်ပေါင် တန်းနိုင်မည့် အင်တာနက်အသုံးပြုမှုအဖြစ် ပြောင်းလဲသင့် နေကြောင်းကို အောင်မြင်ခဲ့သည့် စီးပွားရေးလုပ်ငန်းနမူနာ များနှင့်တကွ ရှင်းလင်း ဆွေးနွေးရာ တက်ရောက်လာသူများက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ရီလင်းထွဋ် (မုံရွာ)**

**Commerce ကာတွန်း**



# THE CENTRAL

## WHERE THE FINEST MEETS

At the corner of Kabar Aye Pagoda Road and Kanbe Road,
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.





**WINNER OF 6**
**MYANMAR PROPERTY AWARDS 2017**



DEVELOPED BY
MARGA LANDMARK

**ENQUIRY HOTLINE**
+95 9777 773 770

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm

**INFORMATION CENTER ADDRESS**
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)



DROP Juice
သောက်ကြည့် . . .
သဘာဝ သစ်သီးစစ်စစ်အရသာ
Hot Line
09 796825725
09 260647202
09 457793892
Red Star Distribution Co.,Ltd




PLATINUM
COFFEE MIX & MILK TEA
ပလက်တီနမ် ကော်ဖီမစ် ၊ နို့လက်ဖက်ရည်
Milk from New Zealand Added ++
PLATINUM MYANMAR MILK TEA
နို့လက်ဖက်ရည်
PLATINUM White Coffee
ဖြူကော်ဖီ
PLATINUM COFFEEMIX
ကော်ဖီပြင်းပြင်းအရသာ
ESI Foods.
Tel: 951-3684749, 3684770
http://www.esifood.com
/platinumcoffeemyanmar




No Coding
SD CodeFree™
C€ 0123
U.S. FDA 510(k) Cleared
SD CodeFree™ Blood Glucose Monitoring System
သွေးချိုတိုင်းကိရိယာ
Features (ဝိသေသလက္ခဏာများ)
Pre & Post Meal Mark
Easy to analyze before or after meal glucose results
အစားမစားမီ ၊ အစားစားပြီး အခြေအနေများ ကို ထည့်သွင်း မှတ်သား နိုင်ပါသည်။
Post-Meal Alarm
Helpful to remind you to test 2 hours after meals
အစားစားပြီး ၂ နာရီအကြာ စမ်းသပ်မှုအတွက် ( alarm ) စီစဉ်ထားနိုင်ပါသည်။
No coding (CodeFree)
Code ထည့်သွင်းရန် မလိုအပ်ပါ။
Hypo Warning
Helpful to warn your Hypoglycemia
သွေးထဲတွင် ပုံမှန်ထက် အချိုဓါတ်လျော့နည်းနေခြင်းကို သတိ ပေးသည့် အချက်လည်း ပါဝင်ပါသည်။
Alarm Clock, 4 times
Helpful to remind you to test, 4 times a day
နေ့စဉ်သွေးဖောက်လျှင် အကြိမ် ၄ ကြိမ် အထိမှတ်သား alarm ပေးနိုင်ရန် စီစဉ်ထားနိုင်ပါသည်။
Distributed by :
SHWIN CHAN TRADING
338-A, Pyay Road, Myaynigone, Sanchaung, Yangon, Myanmar. Tel : 01 - 525467, 526541 E mail : general@shwinchan.com

## ဇန်နဝါရီလအတွင်း ရော်ဘာတင်ပို့မှု ကုန်သွယ်ရေးစခန်းများမှ လျော့ကျသော်လည်း ပင်လယ်ရေကြောင်းမှပိုမို

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၁၉ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၂၁၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 1 အမျိုးအစားတန်ချိန် ၃၀၀၊ RSS3 အမျိုးအစား ၇၈၄ တန်၊ MSR 20 အမျိုးအစား ၄၅၃ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rupper အမျိုးအစား ၁၀ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၉၉ တန်၊ RSS 5 အမျိုးအစား ၄၂၄ တန်တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၃၁ တန်တင်ပို့ခဲ့ပြီး ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ်ရော်ဘာတင်ပို့မှုသည် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၄၀၉ တန်ပိုမိုကြောင်း သိရပါတယ်။ ဇန်နဝါရီလအတွင်း ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၁၀၇၇၂ တန် အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၃၀၅ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးဒီဇင်ဘာလနဲ့နှိုင်းယှဉ်ပါက တန်ချိန်ထက်ဝက်ခန့် လျော့နည်းခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန်လျှင် ကျပ် ၁၈ ဒသမ ဝ၆၅ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၅၇၉၃ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၃၇ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၃၀၉၇ တန်ကို မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ တရုတ်နဲ့ကိုရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ အများဆုံးတင်ပို့ပြီး RSS 3 အမျိုးအစားတန်ချိန် ၁၉၁၀၊ MSR 20 အမျိုးအစား ၆၃ တန်နဲ့ RSS 1 အမျိုးအစားတန်ချိန် ၁၉၀ တင်ပို့ခဲ့ပါတယ်။ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၉၈ တန်၊ အိန္ဒိယနိုင်ငံသို့ MSR 20 အမျိုးအစားတန်ချိန် ၄၀ ကျော်နဲ့ RSS 1 အမျိုးအစားတန်ချိန် ၁၀၀၊ တရုတ်နိုင်ငံသို့ RSS3 အမျိုးအစားတန်ချိန် ၃၀၀ ခန့်နဲ့ MSR 10 အမျိုးအစား ၂၀၂ တန်ခန့်၊ ကိုရီးယားနိုင်ငံသို့ TSR 20 အမျိုးမျိုး ၁၉၄ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ၁၆၀၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၉၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဇန်နဝါရီလအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၁၃ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၉၄၂၀ တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဒီဇင်ဘာလနဲ့နှိုင်းယှဉ်ပါက ၆၆၆၈ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး အတက်အကျအနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း အပြောင်းအလဲမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ပြောင်းများ ရန်ကုန်၊ မန္တလေး၊ မူဆယ်သို့တင်ပို့

ယခုတစ်ပတ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အခြားမြို့များသို့ ပြောင်းတန်ချိန် ၁၄၀၀၀ ကျော်၊ ပြောင်းဆန်အိတ်ပေါင်း ၂၈၀၅၀၈ အိတ်တင်ပို့ခဲ့ကြောင်း ကုန်သည်အသိုင်းအဝိုင်းမှသိရပါတယ်။ မန္တလေး၊ ရန်ကုန်ဘက်ကိုတော့ အစာစပ်လုပ်ငန်းများအတွက် အနည်းငယ်တင်ပို့နေပြီး လားရှိုး၊ မူဆယ်ဘက်ကိုတော့ တရုတ်ဝယ်လက်အတွက် အများဆုံးတင်ပို့နေကြောင်း သိရပါတယ်။ ပြောင်းဈေးနှုန်းတွေကတော့ ဟဲဟိုး၊ အောင်ပန်းဈေးကွက်မှာ ပြောင်းတစ်ပိဿာ ကျပ် ၅၂၀၊ တောင်နီ၊ ရေပူဈေးကွက်မှာ ကျပ် ၅၃၀၊ ဟိုပုံးမှာ ၅၀၅ကျပ်၊ တောင်လေးလုံးမှာကျပ် ၅၃၀ နှင့် တောင်ကြီးမှာ ၅၃၅ ကျပ်ရှိပါတယ်။

အေးသာယာမြို့ CP အစေ့ထုတ်ပြောင်း စက်ရုံကတော့ပြောင်းအဝယ်ရပ်နားထားကြောင်း သိရပြီး လွိုင်လင်၊ လင်းခေး၊ နမ့်စန်၊ မိုင်းကိုင်၊ ကျေးသီး၊ လဲချားမြို့နယ်များမှလည်း လားရှိုး၊ မူဆယ်ဘက်သို့တင်ပို့နေကြောင်း သိရပါတယ်။ ပြောင်းဈေးတက်လာလို့ တောင်သူများမှ ပြောင်းလက်ကျန်များကို ထုတ်ရောင်းနေကြပါတယ်။ ရပ်စောက်မြို့နယ်တစ်ဝိုက်မှာတော့ နောင်ချိုမြို့မှတစ်ဆင့် မူဆယ်ဘက်သို့ တင်ပို့နေကြပါတယ်။ တောင်ကြီး၊ဟဲဟိုး၊ အောင်ပန်း၊ ကလောမြို့နယ်များမှပြောင်းကို ရန်ကုန်ဘက်ကို အများဆုံးတင်ပို့ပြီး မန္တလေးဘက်သို့ အနည်းငယ်တင်ပို့ မှုရှိတယ်လို့ ပဲ၊ ပြောင်း၊ နှမ်းအသင်းဥက္ကဋ္ဌ ဦးညွန့်ဦးက ပြောပါတယ်။ ယခင်တစ်ပတ်က ပြောင်းတန်ချိန် ၁၀၅၀၀ ခန့်တင်ပို့နိုင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ပြောင်း တန်ချိန် ၃၀၀၀ ခန့် လားရှိုး၊မူဆယ်သို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **စောမောင်(တောင်ကြီး)**

## ဆားလင်းကြီးမြို့နယ်၊ ကန်နီကျေးရွာတွင် ဆီထွက်သီးနှံတန်ဖိုး ကွင်းဆက်မှ တိုးချဲ့ပညာပေးအရာရှိများမှ တောင်သူများအတွက် သင်တန်းပို့ချ

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ဆုံတားကျေးရွာအုပ်စု၊ ကန်နီကျေးရွာရှိ " ဘဝအလင်းရောင်" စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်၌ ဆီထွက်သီးနှံကဏ္ဍ GAP, SPS, MRLs ၏ အပင်စိုက်ပျိုးရေးနှင့် တောင်သူများအတွက် ရိတ်သိမ်းချိန်လွန်ပိုင်းဆိုင်ရာ စတုတ္ထအကြိမ်လက်တွေ့သင်တန်းကို နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC)၏ နည်းပညာအကူအညီ၊ WTO လက်အောက်ရှိ STDF ရန်ပုံငွေ အကူအညီဖြင့် ဆောင်ရွက်ခဲ့ပြီး တောင်သူ ၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါသင်တန်းတွင် ဩစတြေးလျနိုင်ငံက ဒေါက်တာဝိန်းဟန်ကောက်၊ စီမံကိန်းမန်နေဂျာ ဒေါက်တာသစ်သစ်လွင်၊ စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးမှူး ဦးနေဝင်းနိုင်နှင့် ဒုတိယဦးစီးမှူး ဦးမျိုးဦးတို့က ဆီထွက်သီးနှံကဏ္ဍ တန်ဖိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေတိုးမြှင့်လာစေရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး၊ အပင်ပိုးမွှားရောဂါဆိုင်ရာ နိုင်ငံတကာတားမြစ်ချက်များ၊ မှိုဆိပ်နှင့် ပိုးသတ်ဆေးဓာတ်ကြွင်းများ အစားအစာသို့ ဝင်ရောက်ပုံကိုလည်းကောင်း၊ မြေနမူနာယူပုံ၊ ပိုးမွှားနှင့် အပင်ရောဂါကာကွယ်ပုံစသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်းကောင်း သင်ကြားပို့ချခဲ့ပါတယ်။

ထို့ပြင် စိုက်ပျိုးရေးဌာန GAP လက်မှတ်လျှောက်ထားရန် လိုအပ်ချက်နှင့် လျှောက်ထားပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မိုးမိုးမြင့်(ယင်းမာပင်)**

## ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသရှိအမှတ်(၅) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ဟသ်ာတခရိုင်ဦးစီးမှူး ဦးကြည်ဟန် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက်တွင် ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသရှိ အမှတ်(၅)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ စုစုပေါင်း ၂၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ဆောင်ရန် လိုအပ်မှုများ၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဆိုးဆေးအန္တရာယ်နှင့် မှိုဆိပ်အန္တရာယ်၊ စားသုံးသူများ၏ အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ဌာနဖွဲ့စည်းပုံ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်နေမှုနှင့် ဖြေရှင်းပုံနည်းလမ်းများ၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်မှုများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယခရိုင်ဦးစီးမှူး ဦးစောကေးလက်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် စီးပွားလုပ်ငန်းရှင်တို့ အတွက်တားမြစ်ချက်များ၊ တာဝန်များနှင့် ကုန်စည်များ ကြော်ငြာရာတွင် လိုက်နာရမည့်အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်မြတ်ခိုင်**

## ဘိုကလေးမြို့နယ်၊ ကံစုကျေးရွာ အ.လ.က(ခွဲ)ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကံစုကျေးရွာ အ. လ. က (ခွဲ) ကျောင်းတွင် ဖေဖော်ဝါရီ ၅ ရက်က ဘိုကလေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၏ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ရာ ဆရာ၊ ဆရာမ ၁၄ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၆၂ ဦး၊ စုစုပေါင်း ၁၇၆ ဦးတက်ရောက်ခဲ့ကြပါတယ်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဦးနေမျိုးဆွေက အန္တရာယ်ရှိအစားအသောက်များနှင့် စားသောက်ကုန်များတွင် ပါဝင်သည့် ဓာတုဆေးများအကြောင်း၊ စားသောက်ကုန်များအား ဝယ်ယူရာတွင် ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ၊ ထုတ်လုပ်ဖြန့်ဖြူးသူ၏ နေရပ်လိပ်စာများ ပါ၊မပါ ကြည့်ရှုဝယ်ယူစားသုံးရန်နှင့် လိုက်နာရမည့်အချက်များကို ဟောပြောခဲ့ပြီး ဒုတိယမြို့နယ်ဦးစီးမှူး ဦးခင်မောင်ဇော်က အစားအသောက်များတွင် ပါဝင်တတ်သည့် တာရှည်ခံဆေး၊ ဖော်မလင်ဆေး၊ ချွတ်ဆေးနှင့် အရောင်ဆိုးဆေးများအကြောင်း၊ ဓာတုဆေးများအကြောင်း၊ ကင်ဆာဆဲလ်ကို ဖြစ်ပေါ်စေတတ်ပြီး ဖော်မလင်ဆေးသည် မပုပ်သိုးရန် အသုံးပြုသည့် အက်စစ် (HCHOF) ဖြစ်၍ စားမိလျှင် သေဆုံးနိုင်ကြောင်းနှင့် ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကိုလည်း ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ကျောင်းတွင် လိုအပ်နေသည့် စာသင်ကျောင်း မျက်နှာကြက်အတွက် ကျပ်သုံးသိန်းခုနစ်သောင်းတန်ဖိုးရှိ နှစ်ပေပတ်လည် ကျောက်ပြား အချပ် ၃၇၀ အား ပေးအပ်လှူဒါန်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မောင်ဇော်(ဘိုကလေး)**

## တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု ပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၆၈ သန်းတန်ဖိုးရှိပြောင်း ၃၉၃၆၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၃၆၂၀၂ တန်ကျော်၊ လွယ်ဂျယ်မှ ၂၇၀၁ တန်၊ ချင်းရွှေဟော်မှ ၄၆၁ တန်နဲ့ ကန်ပိုက်တီမှ ငါးတန်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ပြောင်း ၃၆၆၁၂ တန်တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၂၇၅၇ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၂၈၁၆၃၃ ကျပ်ရှိရာမှ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၈၇၂၀၁ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကားစီးရေ ၁၃၀၁ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၄၇ စီး ပိုမိုခဲ့ကြောင်း၊ မန္တလေး-မူဆယ် ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ၅၈-၆၃ ကျပ်ရှိကြောင်းနှင့် ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန်နှစ်သိန်းကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# t0ifenf 0,fvufsm;vmwb ypJif;ausm;uGf

## မျိုးသီတာ(မြင်းခြံ)

မြင်းခြံခရိုင်တွင် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်အနက် ရေ၊ မြေအနေအထား၊ ရာသီဥတုဒဏ်နဲ့ ရေငတ်တဲ့ဒဏ်ခံနိုင်ပြီး ကုန်ကျစရိတ်နည်းပါးတဲ့ ပဲစင်းငုံဈေးကွက်ဟာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်းမှာထုတ်ပြန်ခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ပဲဝယ်ယူရေးမူဝါဒ အပြောင်းအလဲအောက်မှာ ဈေးကွက်ပျောက်လုနီးပါး အခြေအနေအထိ ရောက်ခဲ့ရပါတယ်။

ဒီလို အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒအပြောင်းအလဲကြောင့် Export ကိုသာမှီခိုနေရတဲ့ ပဲစင်းငုံဈေးကွက်ဟာ ပျက်လုအနေအထားရှိခဲ့ပြီး ဈေးဖွင့်ရောင်းဝယ်ဖောက်ကားခြင်း မရှိတော့လောက်အောင် ဈေးထိုးကျသွားလို့ အရောင်းသာရှိ၍ အဝယ်ရပ်သွားတဲ့အထိ ကြုံတွေ့ခဲ့ရပါတယ်။

တောင်သူတွေအနေနဲ့လည်း ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွေမှာ ပဲစင်းငုံတွေထွက်လာရင် ဘယ်လို စီမံဆောင်ရွက်ရမလဲဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ဝေဝေဝါးဝါးဖြစ်ခဲ့ကြရပါတယ်။

ဒါပေမယ့် အခုဇန်နဝါရီလလယ်မှစလို့ ပဲစင်းငုံအသစ်ဈေးတစ်ပိဿာ ကျပ် ၆၀၀ ဝန်းကျင်၊ အဟောင်းဈေးတစ်ပိဿာကျပ် ၅၅၀ ဈေးနဲ့ စတင်အရောင်းအဝယ်ဖြစ်လာတဲ့အခါ တောင်သူတွေ၊ ကုန်သည်တွေလည်း မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီး ဈေးကွက်အတွင်း လှုပ်လှုပ်ရှားရှားဖြစ်လာကြောင်း သိရပါတယ်။

ပဲစင်းငုံဈေးကွက်ဟာ ဇန်နဝါရီလလယ်လောက်အတွင်း အရောင်းအဝယ်ဖြစ်လာမှုအပေါ် တောင်သူများ၊ ကုန်သည်များနှင့် တွေ့ဆုံမေးမြန်းရာမှာ မြင်းခြံမြို့နယ်၊ သစ်ရုံကျေးရွာမှ တောင်သူကြီး ဦးသိုက်ငွေးက ဒီနှစ်ပဲစင်းငုံစိုက်ခင်းတွေမှာမိုးများပြီး အမြစ်အအေးပတ်တဲ့အတွက် အထွက်နှုန်းလျော့ပြီး အရည်အသွေးကောင်းကြောင်း၊ မနှစ်က တစ်ဧက ၁၀ တင်းလောက်ထွက်ပေမယ့် ဒီနှစ်တော့ ငါးတင်းပတ်ချာလည်လောက်သာ ထွက်နိုင်ကြောင်း၊ ယခု လိုအထွက်နည်းတာဟာလည်း တောင်သူများအနေနဲ့ ယခင်နှစ် တွေက ဆေးသွင်းတာ သုံးကြိမ်လောက်ရှိပေမယ့် ဒီနှစ်ဈေးကွက် အခြေအနေအရ တစ်ကြိမ်သာသွင်းလို့ ယခုလို အထွက်နှုန်းနည်းရ ခြင်းဖြစ်ကြောင်း၊ ယခုနှစ်ပဲစင်းငုံအသစ်ပေါက်ဈေးက အရည် အသွေးကောင်းရင် တစ်ပိဿာကျပ် ၆၀၀ မှ ကျပ် ၇၀၀ လောက်ရတာကြောင့် ဈေးကွက်အခြေအနေက တရိပ်ရိပ် တက်လာတဲ့အတွက် ဝမ်းသာရမလိုတောင်ဖြစ်နေပါတယ်လို့ ပြောကြားခဲ့ပါတယ်။

အလားတူ နွားထိုးကြီးမြို့နယ်၊ ထန်းဇင်ကျေးရွာမှ တောင်သူဦးအောင်ကျော်ထွန်းကလည်း ပဲစင်းငုံတွေ ပွင့်တုန်း၊ သီးတုန်းမိုးက မလိုအပ်ဘဲရွာတော့ အရင်းအသီးပဲကောင်းပြီး အဖျားအသီးမလိုက်၍ အထွက်လျော့သလို ဈေးကွက်မကောင်းဘူးဆိုပြီး တောင်သူက ပဲစင်းငုံ စိုက်ခင်းတွေကိုဖျက်ပြီး အစားထိုး သီးနှံစိုက်တဲ့အတွက်လည်း အထွက်လျော့တာဖြစ်ကြောင်း၊ မိုးမိပေမယ့် အဆန်မပျက်ဘဲ အရည်အသွေး ကောင်းကြောင်း၊ သက်နုကို စိုက်တဲ့ တောင်သူတွေရဲ့စိုက်ခင်းတွေဟာ အစောပိုင်းမိုးမိတဲ့အတွက် အထွက်လျော့ကြောင်း သိရပါတယ်။ တောင်သူတွေအနေနဲ့တော့ နောက်နှစ်တွေမှာ ပဲစင်းငုံကို လုံးဝပစ်ပယ်တာမျိုး မဟုတ်ဘဲနဲ့ နည်းနည်းတော့ စိုက်ပျိုးမှာဖြစ်ကြောင်း၊ ယခုဈေးကွက်အနေအထားက ပြည်တွင်းလှောင်လက်အကြိုက်ဖြစ်နေကြောင်း၊ ဈေးတက်မယ်လို့ ယူဆကြောင်း ပြောကြားခဲ့သည်။ ငါန်းဇွန်မြို့နယ်ရှိ လယ်ဝန်းကုန်းရွာ၊ ရွာလှကုန်းရွာ၊ ဆပ္ပကျင်းရွာ၊ သူနပ်စစ်ရွာ၊ ရွှေတော်ရွာ၊ ခြသေ့်လက်ရွာတို့မှ တောင်သူများအနေဖြင့် ငါန်းဇွန်မြို့နယ်တစ်ခုလုံးရှိ ပဲစင်းငုံစိုက်ခင်းများဟာ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကြောင့် အပွင့်ဝင်ချိန် မိုးပေါက်မှန်ပြီး အပွင့်များကြွေကျသဖြင့် အသီးမတင်ကြောင်း သိရပါတယ်။ ရာသီလွန် ပန်းပွင့်ခြင်း၊ ချိုင့်ကျသောရိုးများတွင် မြေပြင်အစိုဓာတ် ဝင်၍ ရွက်နုများပွင့်ခြင်း၊ ပိုးများကျခြင်းတို့ ဖြစ်ပေါ်သည့်အတွက် အထွက်နှုန်း လွန်စွာကျဆင်းပြီး တစ်ဧကပျမ်းမျှသုံးတင်းမှ ငါးတင်းကြားသာထွက်ကြောင်းနှင့် ပဲအရည်အသွေးကောင်းမှ တစ်တင်းဈေး ကျပ် ၁၃၀၀၀ ခန့်သာရရှိပြီး အညံ့ဆိုလျှင် တစ်တင်း ကျပ် ၈၀၀၀ မှ ကျပ် ၉၀၀၀ သာရရှိကြောင်းနှင့် ပဲဈေးကောင်းမရရှိခြင်းနှင့် အထွက် နှုန်းမကောင်းခြင်းတို့ကြောင့် နောင်နှစ်များတွင် ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်ပါ အလားအလာကောင်းသော ဆီထွက်သီးနှံ နှမ်း၊ မြေပဲတို့ကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။

ထို့အတူ ကျောက်ပန်းတောင်းမြို့နယ်၊ ကြံစို့ကျေးရွာမှ တောင်သူကြီးဦးတင်မောင်ကလည်း "ပဲစင်းငုံ ခုနစ်ဧကစိုက်ပျိုးရာမှာ အရင်နှစ်ကတင်း ၄၀ ကျော်ထွက်ရာမှ ဒီနှစ်ရှစ်တင်းသာသာပဲထွက်တယ်။ လာမယ့်နှစ် ပဲစင်းငုံလျှော့စိုက်မှာဖြစ်လို့ တစ်ဧကမျိုးနှစ်ပြည်နှုန်းနဲ့ ၁၀ ပြည်လောက်ပဲ မျိုးချန်ထားတယ်။ ပင်ခြား၊ တန်းခြား၊ နှမ်းသုံးဘောင်စိုက်ပြီး တစ်တန်းကို ပဲစင်းငုံစိုက်မယ်။ ဈေးကွက်က မကောင်းတော့ ပွဲစားက ပဲတွေမှာ ပိုးသတ်ဆေးထည့်ရင် မဝယ်ဘူးဆိုလို့ တစ်တင်းရတဲ့ ဈေးကျပ် ၁၁၇၀၀ နဲ့ရောင်းလိုက်တာ အခုတော့ဈေးနည်းနည်းတက်လာတယ်။ ကျပ် ၁၃၅၀၀ လောက် ပေါက်နေပြီ။ ပဲစင်းငုံအဟောင်းကို ကျပ် ၉၀၀၀ နှုန်းနဲ့ ပွဲစားအပ်လိုက်တာရှုံးတယ်" လို့ဆိုပါတယ်။ ဆက်လက်ပြီး ၎င်းအနေနဲ့ ပဲစင်းငုံတွေကို ရွာကပွဲစားဆီမှာပဲ ဈေးဖြတ်ရောင်းချလေ့ရှိကြောင်းနဲ့ မြို့ပေါ်တက်ရောင်းရင် အမှော်များတယ်။ အရည်အသွေး ညံ့တယ်စသည်ဖြင့် အကြောင်းအမျိုးမျိုးပြပြီး ဈေးနှိမ်ဝယ်ကြလို့ ပြန်သယ်လို့လည်း အဆင်မပြေလို့ [ရ]တဲ့ဈေးနဲ့ ရောင်းချရကြောင်း၊ မျိုးစေ့တွေ ပိုးမတက်အောင် ပြာနဲ့ [ရော]ထားကြောင်း၊ နောင်နှစ်တော့ ပဲစင်းငုံစိုက်တော့စိုက်မယ်၊ လျှော့[စိုက်]ပြီး မြေပဲနဲ့နှမ်းစိုက်မည်ဖြစ်ကြောင်း ပြောပါတယ်။

ပဲစင်းငုံဟာ ဒီဇင်ဘာလလယ်လောက်ကစပြီး အဟောင်းတစ်ပိဿာ ကျပ် ၅၀၀၊ အသစ်တစ်ပိဿာကျပ် ၅၅၀ နဲ့ အရောင်းအဝယ်ဖြစ်လာပါတယ်။ ကျောက်ပန်းတောင်းကုန်စည်ဒိုင်မှာ ပဲစင်းငုံ ဈေးဟာ ပခုက္ကူ၊ မြင်းခြံ၊ ရန်ကုန်ဝယ်လက်ပေါ်မူတည်၍ ဈေးနှုန်းဖြတ်တာဖြစ်ပြီး အဓိကရန်ကုန်ဝယ်လက် မရှိတော့ရင် ပဲစင်းငုံဈေးကျပါတယ်။ ပြီးခဲ့တဲ့ဇန်နဝါရီလကုန်လောက်က ပဲစင်းငုံဈေးဟာမငြိမ်ဘဲ တစ်ပိဿာ ၁၅ ကျပ်လောက် တက်လိုက် ကျလိုက်ဖြစ်နေပြီး လက်ရှိပဲစင်းငုံအသစ်တစ်ပိဿာ ကျပ် ၆၅၀ နှုန်း လောက်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီရက်ပိုင်း မြင်းခြံခရိုင်အတွင်းမှာ ပဲစင်းငုံဟာ အဝယ်သွက် လာပေမယ့် အထွက်နည်းတာကတစ်ကြောင်း၊ ဈေးနှုန်းက တောင်သူအကြိုက်မရသေးလို့ တောင်သူက ထိန်းပြီးရောင်းတာကတစ်ကြောင်း၊ လှောင်လက်အကြိုက်ဈေးဖြစ်လို့ ဝယ်လက်စုံပေမယ့် အရောင်းနည်းတာကြောင့် ပဲစင်းငုံဈေး မြင့်တက်လာနိုင်ပြီး တောင်သူကလည်း ဈေးနှုန်းကို စောင့်ကြည့်နေတဲ့ အနေအထားဖြစ်နေကြောင်း သိရပါတယ်။

မြင်းခြံကုန်စည်ဒိုင်မှာ ပဲစင်းငုံ(သစ်)တစ်ပိဿာ ကျပ် ၆၂၀၊ (ဟောင်း) တစ်ပိဿာကျပ် ၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေပေမယ့် အခု ကုန်သည်၊ပွဲစားတွေကတော့ အဟောင်း၊ အသစ်ကျပ် ၆၀၀ နှုန်းနဲ့ ဈေးတူပေးပြီးဝယ်နေကြပါတယ်။ အဟောင်းက အရည်အသွေးပိုကောင်းလို့ဖြစ်ပြီး အရင်က ဈေးကွက်ပျောက်နေရာကနေ အခုဆို အရောင်းအဝယ်သွက်နေတာက ပဲလှောင်သူတွေက အနိမ့်ဈေးဆိုပြီး ဝယ်တာများလို့ဖြစ်ပါတယ်။ ဒါပေမယ့် ပဲစင်းငုံအထွက်နည်းတာတစ်ကြောင်း၊ အချို့အခင်းရိတ်ဖို့ လုပ်သားရှားပါးပြီး ခက်ခဲတာကတစ်ကြောင်း၊ အထွက်နည်းတော့ လုပ်အားခထပ်ပေးရမှာ မကိုက်လို့ မရိတ်ကြတော့တာကြောင့် ပစ္စည်းအဝင်နည်းတယ်လို့ မြင်းခြံမှ ကုန်သည်တစ်ဦးထံမှ သတင်းရရှိပါတယ်။ တောင်သာကုန်သည်တစ်ဦးကတော့ အရင်က ပဲစင်းငုံတစ်ဧက ၁၀ တင်းထွက်ရင် ယခုနှစ် ၂/၃ တင်းသာ ထွက်လို့ အဝင်နည်းပြီး ဝယ်ဈေးတစ်တင်း ကျပ် ၁၁၅၀၀ မှ ကျပ် ၁၂၀၀၀ တောင်ပဲအရည်အသွေး ကောင်းမှရတာဖြစ်ပြီး ဒီနှစ်အထွက်နည်း ဗ(ဗလချိုင့်)ခေါ် လုံးပိန်များဖြစ်လို့ ဈေးနှိမ်ဝယ်ယူနေခြင်းဖြစ်ပြီး ဝယ်လှောင်ချင်တဲ့သူများနေပေမယ့် ကုန်မရှိ၊ အဝင်နည်းပြီး အဟောင်းတစ်တင်း ကျပ် ၉၀၀၀- ကျပ် ၁၀၀၀၀- ကျပ် ၁၁၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်လို့ ပဲစင်းငုံအဟောင်းဟာ ကုန်သလောက်ဖြစ်နေပြီဖြစ်ကြောင်း တောင်သူ၊ ကုန်သည်များထံမှ ပဲစင်းငုံဈေးကွက်ဖြစ်ပေါ်နေမှု အခြေအနေများကို စုစည်းတင်ပြလိုက်ရပါတယ်။

စာမျက်နှာ (၁၂) ပြည်ပဆန်တင်ပို့မှု ...... မှအဆက်

ဆန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားခြင်းအပြင် အဆိုပါနိုင်ငံများ၏ ရာသီဥတု အခြေအနေနှင့် စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေများအား လေ့လာသုံးသပ်သင့်ပါတယ်။ ဒါမှသာ ဝယ်လိုအားရှိနိုင်မှု အခြေအနေများကို သိရှိလာပြီး ဈေးကွက်ထိုးဖောက်မှုများ ပြုလုပ်၍ မိမိနိုင်ငံ၏ ပို့ကုန်ကဏ္ဍ တိုးတက်ရေးအတွက် အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တင်ပို့ရာတွင်လည်း Value-Added ကုန်စည်အနေဖြင့် တင်ပို့နိုင်ပါက မိမိနိုင်ငံ ကုန်စည်များအတွက် ဈေးကောင်းပိုမိုရရှိနိုင်မှာဖြစ်ပါတယ်။

ယင်းသို့ကြိုးပမ်းဆောင်ရွက်တဲ့အခါ ရရှိမည့် အကျိုးရလဒ်များနှင့်အတူ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တာကြောင့် လိုအပ်ချက်များစွာရှိမှာဖြစ်ပြီး စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ရမှာလည်းဖြစ်ပါတယ်။ စိန်ခေါ်မှုများအနက် စပါးမျိုးစေ့ကောင်းမွန်ရေး၊ သွင်းအားစု၊ ကြိတ်ခွဲမှုစနစ်၊ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ ခေတ်မီနည်းပညာများနှင့်လိုက်လျော ညီထွေမှုရှိခြင်း၊ သယ်ယူပို့ဆောင်မှုစနစ်၊ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးကုန်ကျစရိတ်မ ပြည့်စုံခြင်းတို့အပြင် ပြည်ပသို့တင်ပို့ရာတွင်လည်း Logistic ဆိုင်ရာ ကိစ္စများအပါအဝင် စိန်ခေါ်မှုများ ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများအနက် အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဆန်နှင့် ဆန်ကွဲသည် နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိသော ပစ္စည်းဖြစ်သည့်အတွက် အဆိုပါဈေးကွက်ကို အခြားသောနိုင်ငံများနည်းတူ ထိုးဖောက်ဝင်ရောက်နိုင်ရေးနှင့် မိမိပို့ကုန်များ၏ အဆင့်အတန်းစံသတ်မှတ်ချက်များ စံချိန်စံညွှန်း ပြည့်မီရေးသည် အထူးအရေးကြီးလှပါတယ်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်ကဏ္ဍတိုးတက်မြင့်မားရေးအတွက် အဓိကမဏ္ဍိုင်မှရပ်တည်လျက်ရှိသော ဆန်စပါး အပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာ၌ "မျိုးစေ့မမှန်၊ ပင်မသန်၊ မျိုးစေ့



မှန်မှ၊ ပင်သန်မည်" ဆိုသကဲ့သို့ မျိုးကောင်းမျိုးသန့် ရရှိရေးသည် လွန်စွာအရေးကြီးလှပါတယ်။

အချုပ်အားဖြင့် ဆိုရသော် မြန်မာနိုင်ငံ၏ အဓိက လယ်ယာထွက်ပို့ကုန်ဖြစ်သော မြန်မာ့ဆန်စပါးဈေးကွက် ပိုမိုကျယ်ပြန့် တိုးမြင့်လာစေရေးအတွက် မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ပြန်လည်ရောင်းချသော ဈေးကွက်တစ်ခုပေါ်ပေါက်ရေး၊ ဆန်စပါး စိုက်ပျိုးမှုနှင့် ဆက်စပ်သည့် ကျေးရွာ၊ မြို့နယ်များတွင် သိုလှောင်ရုံများ တိုးပွားလာရေး၊ အခြောက်ခံစက်များ ရရှိရေး၊ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်းမှ ကာကွယ်နိုင်ရေး၊ သွင်းအားစု/စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း စသောစိန်ခေါ်မှုများအား ရင်ဆိုင်နိုင်ရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များ (Value Added) တိုးမြင့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော ခေတ်မီစက်ကိရိယာများ၊ စိုက်ပျိုးရေး နည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များလိုအပ်ခြင်း စသည့် အခက်အခဲနှင့် စိန်ခေါ်မှုများအားကျော်လွှားကာ ယခုထက် ပိုမိုအောင်မြင်သောပန်းတိုင်ကိုရရှိနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဆိုပါလိုအပ်ချက်များအား "ပြိုင်တူတွန်းလျှင် ရွေ့နိုင်သည်" ဆိုသကဲ့သို့ အစိုးရ၊ ပုဂ္ဂလိကနှင့် သက်ဆိုင်ရာတာဝန်ရှိသူအသင်းအဖွဲ့တို့ လက်တွဲညီညီပူးပေါင်း၍ မိမိနိုင်ငံအကျိုးဖြစ်ထွန်းစေရေး ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

## ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာတွင် SPS ဆိုင်ရာ အသိပညာပေးခြင်း စတုတ္ထအကြိမ် သင်တန်းဖွင့်ပွဲကျင်းပ

နိုင်ငံတကာကုန်သွယ်မှုအဖွဲ့ အစည်းမှ ဆီထွက်သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေ တိုးတက်ရေးအတွက် အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေး အစီအမံများ လိုက်နာကျင့်သုံးရေး စီမံကိန်း (SPS)ဆိုင်ရာ အသိပညာပေးခြင်း စတုတ္ထအကြိမ် သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ကျေးရွာ တိုက်သစ်ဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၈ ရက်က ကျင်းပခဲ့ရာ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် ညောင်ကန်၊ အုပ်အိုင်၊ ရွာသာ၊ ချပ်ကလေး၊ ဒါန်းတိုင်၊ အောင်ဆန်းမြင့် ကျေးရွာများမှ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများ စုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့သည်။

စိုက်ပျိုးရေး အလေ့အကျင့်ကောင်း (GAP)၊ အပင်ပိုးမွှားရောဂါကင်းရှင်းရေးတားမြစ်ချက်များ (SPS) နှင့် ပိုးသတ်ဆေးဓာတ်ကြွင်း ကန့်သတ်ချက် (MRLs)တို့အကြောင်း တောင်သူများ သိရှိနားလည်စေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သြစတြေးလျနိုင်ငံမှ GAP အကြံပေးပညာရှင် Dr Wayne Hancock၊ အမျိုးသားစီမံကိန်းမန်နေဂျာ ဒေါက်တာသစ်သစ်လွင်နှင့် စီမံကိန်းမှ တိုးချဲ့ပညာပေးဆရာများ ပူးပေါင်းပါဝင်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တွင် ဆားလင်းကြီးမြို့နယ် ကနီကျေးရွာ၊ ၈ ရက်နေ့တွင် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ၊ ၉ ရက်နှင့် ၁၀ ရက်နေ့တွင် မြင်းမူမြို့နယ် တောချောင်းဦးကျေးရွာနှင့် မြောင်မြို့နယ် မရိုးကုန်း ကျေးရွာတို့တွင် စတုတ္ထအကြိမ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုသင်တန်းတွင် SPS, GAP အလေ့အကျင့်ကောင်းသို့ ပြောင်းလဲမှုနှင့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်း စီမံကိန်းတွင် ပါဝင်သက်ရောက်မှု၊ ပိုးသတ်ဆေး အသုံးပြုမှုနှင့် ဓာတ်ကြွင်းကန့်သတ်ချက်များကို သိရှိနားလည်မှု၊ မှိုဆိပ်ကို သိရှိနားလည်မှုနှင့် အနည်းဆုံးဖြစ်အောင် လျှော့ချနည်းနမူနာများ စစ်ဆေးရန်လိုအပ်ခြင်းကို နားလည်မှု၊ ဈေးပိုရရှိမှုနှင့် ဝယ်သူထံမှ အရည်အသွေးနှင့် ပတ်သက်သော တုံ့ပြန်ရရှိမှုများ ပိုမိုပြုလုပ်နိုင်ရန် သင်တန်းဆရာများက စာတွေ့လက်တွေ့ပေါင်းစပ် သင်ကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **သန်းသန်းတင် (မုံရွာ)**

## အဝေးပြေးခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအား အသိပညာပေးမှုများ ပြုလုပ်

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ လွိုင်ကော်မြို့ရှိပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများအား စနစ်တကျ ကြီးကြပ်ရေးကော်မတီရုံးခန်း၌ စားသုံးသူပြည်သူများ စားသုံးသူ အခွင့်အရေး အပြည့်အဝရရှိစေရန်အတွက် ဝန်ဆောင်မှုနှင့်ပတ်သက်သော စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ ပုဂ္ဂလိကမော်တော်ယာဉ် လုပ်ငန်းများအား စနစ်တကျကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ယာဉ်လိုင်းလုပ်ငန်းရှင် ၁၂ ဦး တက်ရောက်ခဲ့ပါတယ်။ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပုဂ္ဂလိက မော်တော်ယာဉ် လုပ်ငန်းများအား စနစ်တကျကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်မြို့ရီက စားသုံးသူအခွင့်အရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားနိုင်သော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန(CICC) ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများနှင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍများကိုအကျယ်တဝင့် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါတယ်။

ထို့နောက် ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌက အဝေးပြေးခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုများတွင် မိမိတို့ဘက်မှပေးသည့် ဝန်ဆောင်မှုများကို စားသုံးသူပြည်သူများအား အပြည့်အဝဆောင်ရွက်ပေးပါကြောင်း၊ ခရီးသည်များ၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ စိတ်မကျေနပ်မှုများ၊ အခက်အခဲများ ရှိပါက ဆက်သွယ်လာလျှင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးမည်ဖြစ်ပြီး စားသုံးသူရေးရာဦးစီးဌာနနှင့်လည်း ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များကလည်း အသီးသီးဆွေးနွေးခဲ့ကြတယ်လို့သတင်း ရရှိခဲ့ပါတယ်။

**ကျော်ဇင်ထွေး**
**(စားသုံးသူ၊ ကယား)**

## ကသာခရိုင် ဝန်းသိုမြို့နယ်အတွင်းရှိ သောက်ရေသန့်စက်များအား ကွင်းဆင်းဝင်ရောက်စစ်ဆေး

ကသာခရိုင် ဝန်းသိုမြို့နယ်အတွင်းရှိ အီလိုက်ဇာသောက်ရေသန့်စက်၊ ရတနာသောက်ရေသန့်စက်၊ ထူးသောက်ရေသန့်စက်များအား ဖေဖော်ဝါရီလ ၅ ရက်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကသာခရိုင် အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝန်းသိုမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီတို့ပူးပေါင်း၍ အဖွဲ့ဝင် ၁၄ ဦးပါဝင်သော အဖွဲ့သည် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့စစ်ဆေးခဲ့ရာတွင် အီလိုက်ဇာသောက်ရေသန့်သည် FDA မှထောက်ခံချက်ရရှိပြီးကြောင်း စစ်ဆေးတွေ့ရှိရပြီး ရတနာသောက်ရေသန့်နှင့် ထူးသောက်ရေသန့်လုပ်ငန်းများမှာ FDA ထောက်ခံချက်မရရှိသေးကြောင်း တွေ့ရှိရသဖြင့် ဆက်လက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ဝန်ခံကတိလက်မှတ်ရေးထိုးစေခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ကို ယာယီပိတ်သိမ်းခဲ့ကာ ထောက်ခံချက်ရရှိထားသော အီလိုက်ဇာသောက်ရေသန့်စက်မှ ရေသန့်နမူနာများ ကောက်ယူခဲ့ကြောင်း သတင်းရရှိပါသည်။ **လှလှခိုင်(ကသာ)**

## ရန်ကုန်ကားဈေးကွက် အရောင်းအဝယ်ဆက်လက်အေး

ဖေဖော်ဝါရီလ ပထမပတ်အကုန် ရန်ကုန်မြို့ကားဈေးကွက်၏ အခြေအနေမှာ အရောင်းအဝယ်ကောင်းသင့်သလောက် ကောင်းမလာသည့်အပြင် လက်ရှိထုတ်ပြန် ဆောင်ရွက်နေသော သတ်မှတ်ချက်၊ ကန့်သတ်ချက်များအရ ဈေးကွက်အေးသည်ထက်အေးဖို့သာ ရှိနေကြောင်း သိရသည်။

လတ်တလောဈေးကွက်ထဲတွင် ၂၀၀၈ ခုနှစ်အတွက် သတ်မှတ်ထားသော ဘယ်မောင်းကားများသာ တင်သွင်းရန် စနစ်အရ မော်ဒယ်မြင့်(၂၀၁၄ မှစ၍) ဘယ်မောင်းကားများသာ တင်သွင်းရန်လေ့လာနေကြသော အခြေအနေမှ ပြီးခဲ့သည့် ရက်သတ္တပတ်နှင့် လလယ်ပိုင်းများက ကျဆင်းခဲ့သော အိုဟောင်းအပ်နှံစလစ်မှာ ယခုအချိန်တွင် နယ်အပ်ကားများ ရန်ကုန်လိုင်စင် ထုတ်မပေးကြောင်း သတ်မှတ်လာသဖြင့် ရန်ကုန်လိုင်စင်ရမည့် စလစ်အမည်ပေါက် ၁၂၅ သိန်းထိ ပြန်လည်ဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်ဈေးအေးပြီး ကြိုက်ရောင်းကြိုက်ဝယ်ဖြစ်နေသည့် အင်ဂျင်ပါဝါသေးကားလေးများမှာ ငါးသိန်း၊ ရှစ်သိန်းခန့် ပြန်လည်ဈေးမာသွားကြောင်း၊ ထို့ပြင် ယခုနှစ်ဧပြီ ၁ ရက်မှ စတင်သတ်မှတ်မည့်စီအိုအီးစနစ်တစ်ရပ်ကြောင့် ‘မည်သို့မည်ပုံဆောင်ရွက်ရန် ရှိသည်’ ကို ကွဲပြားစွာမသိရှိဘဲ မှန်းခြေဖြင့် ကားဈေးတန်းပြန်ကျနိုး စောင့်ဆိုင်းနေကြသဖြင့် ကားဈေးကွက် အေးသည်ထက်အေး လာရခြင်းဖြစ်ကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင် ကိုမြင့်ကျော်ကပြောသည်။ ဈေးကွက်ထဲတွင်လည်း မှန်းဆချက်အမျိုးမျိုးဖြစ်နေပြီး လက်ရှိ ပြည်တွင်းဆင်ဂျပန်ကားများမှာ ရောင်းအားကောင်း အမှာစာမပြတ်ရှိနေပြီး စီအိုအီးစနစ် သက်ဝင်လာပါက ၎င်းတို့အားမည်သို့ သတ်မှတ်မည်ဆိုသည့် အချက်နှင့်မတိုင်မီ ရောင်းအားဆက်လက်ရှိနေမည်ဖြစ်ပြီး ယခုမူဝါဒအသစ်များအရ ဆိပ်ကမ်းအရောက်ဈေးအားလည်း ဈေးမှန်အတိုင်း တင်ပြရပြီး ယခင်လိုသတ်မှတ်ထားခြင်းမဟုတ်သဖြင့် အခွန်အခများသာ မြင့်တက်သွားနိုင်သည့်အချက်အား တွက်ဆကြကာ ယခင်သွင်းပြီး အသုံးပြုပြီး ညာမောင်းကားဟောင်းလေးများ အခန်းကဏ္ဍ ဆက်လက်အရေးပါနေဦးမည်ဖြစ်ကြောင်း ယင်းတို့က ပြောသည်။ **SN**

## မြောင်းမြမြို့ အ.ထ.က (၄)စာသင်ကျောင်းတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အ. ထ. က(၄)စာသင်ကျောင်းတွင် ကျောင်းသူကျောင်းသားများအား စားသုံးသူအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာကိစ္စများဆောင်ရွက်နေမှု၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ CICC သို့တိုင်ကြားမှုများအပေါ် ဖြန်ဖြေဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ဌာနခွဲမှူး ဦးလှထွဋ်ဦးက ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သောမုန့်၊ အချိုရည်နှင့် အစားအသောက်များကို ရွေးချယ်စားသောက်တတ်စေရန်၊ တားမြစ်ထားသောမုန့်၊ အချိုရည်များ၊ အစားအသောက်များ ရောင်းချခြင်း မပြုရန်နှင့် စားသုံးခြင်းမပြုရန် နမူနာ များပြသ၍ ရှင်းလင်း ဟောပြောခဲ့ပါသည်။

ဆက်လက်၍ ဒုတိယခရိုင် ဦးစီးမှူး ဦးဇော်မင်းနှင့် ဆရာ၊ ဆရာမများသည် ကျောင်းမုန့်ဈေးတန်းရောင်းချနေမှုအား ကွင်းဆင်းစိစစ်ပြီး ဆိုင်ရှင်များအား အသိပညာပေး ဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၁၅ ဦး၊ ကျောင်းမုန့် ဈေးတန်းဆိုင်ရှင်များ ရှစ်ဦး၊ ကျောင်းသား၊ ကျောင်းသူများ ၂၄၅ ဦး၊ စုစုပေါင်း ၂၆၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**တိုးလွင်(မြောင်းမြ)**

### ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၀) | ယာယီ | ၂၂၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဖစ်(တ်) (၂၀၁၂) | ယာယီ | ၄၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | မတ်(စ်) အိပ်စ် (၂၀၀၆) | K | ၃၉၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ကလူဂျာ (၂၀၀၆) | ယာယီ | ၄၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဗီလ်ဒါ (၂၀၁၂) | ယာယီ | ၃၆၀ သိန်း | 3.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၉၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | အက်စီယို/ဆလွန်း (၂၀၁၀) | ယာယီ | ၃၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟွန်ဒါစီဗီစီ (၂၀၀၉) | N | ၂၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) (ရန်ကုန်) | | ၁၂၀ သိန်း | |

# မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ရုံးခန်းဖွင့်လှစ်ခြင်းနှင့် အသင်းဆိုင်းဘုတ်တင် အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ သနပ်ခါး စိုက်ပျိုးသူတောင်သူများ၊ သနပ်ခါးမှ လူသုံးအလှကုန်ပစ္စည်းများ ထုတ်လုပ်သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ လုပ်ငန်းရှင်များ၊ ရောင်းဝယ်သူများ ပါဝင်သော မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်က ဖွဲ့စည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအောက်ထပ်တွင် မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း ရုံးခန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ အသင်းရုံးခန်းဖွင့်လှစ်ခြင်းနှင့် အသင်းဆိုင်းဘုတ်တင်ခြင်း အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ညီနောင်အသင်းသားများ၊ မြန်မာ့သနပ်ခါးအသင်းအလုပ်အမှုဆောင်များနှင့် NGO HELVETAS မှ တာဝန်ရှိသူများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင် (မုံရွာ)**




# မွန်ပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကျင်းပ



ပြည်တွင်း/ပြည်ပ ကျွမ်းကျင်လုပ်သားများလိုအပ်နေသော ကုမ္ပဏီများနှင့် အလုပ်အကိုင်ရှာဖွေနေသူများကို ချိတ်ဆက်ပေးနိုင်ရန်ရည်ရွယ်၍ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)၊ GTI(မော်လမြိုင်)၊ မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ Swisscontact မှ ပံ့ပိုး ကူညီကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) ကို ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်ထိ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် ကျင်းပခဲ့ ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်နယ် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ မွန်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော်၊ Vocational Skills Development Program (VSDP) မှ Deputy Program Director, Mr. Nicolas Tomecko၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအား နှစ်ရက်တိုင်တိုင် ကျင်းပခဲ့ပြီး ဧရာဝတီဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က ၂၀၁၈ စီးပွားရေးအခွင့်အလမ်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Hinnthar Holding မှ CEO ဦးမင်းဗညားစန်းက လူ့စွမ်းအားအရင်းအမြစ် (HR) နှင့် ပတ်သက်၍ လည်းကောင်း၊ Young Entrepreneur For Myanmar က Project Manager ဦးနေလင်းအောင်က Interview and Job Readiness Skills ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Business Institute Yangon ၏ ပူးတွဲ တည်ထောင်သူဆရာ ဦးမျိုးသန်းထွန်းက Career development and Personal Branding ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေး ဟောပြောခဲ့ကြသည်။

အလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ မော်လမြိုင်မြို့မှ စက်ရုံအလုပ်ရုံ၊ ကုမ္ပဏီပေါင်း ၁၆ ခု၊ ပြည်ပအလုပ်အကိုင်အေဂျင်စီခုနစ်ခုတို့မှ လိုအပ်သော အလုပ်အကိုင် ၆၀၁ နေရာအတွက် ပြသခဲ့ပြီး ပြပွဲသို့ လာရောက် ကြည့်ရှုသူများအနက် ၈၇၄ ဦးတို့သည် အလုပ်လျှောက်လွှာများ တင်ခဲ့ကြကာ ၂၄၇ ဦး အလုပ်ရရှိခဲ့ကြသည်။ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ One Stop Services စနစ်ဖြင့် ဆောင်ရွက်ပေးခြင်းကြောင့် အလုပ်သမားမှတ်ပုံတင်သူ ၃၇၆ ဦး အား အလုပ်သမား မှတ်ပုံတင်ကတ် ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# ဌာနပိုင် အဆောက်အဦ သိုလှောင်ရုံ၊ မြေကွက်များအား အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ခေါ်ယူငှားရမ်းမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာနပိုင်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် လမ်း(၄၀) ရှိ အမှတ်(၉၀)သုံးထပ်အဆောက်အဦ (၅၀'x၃၀'x၃၈') အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် မဟာဗန္ဓုလလမ်းရှိ အမှတ်(၆၁၉) မြေညီထပ်အခန်း (၁၆'x၁၀၀'x၁၆') အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ အမှတ် (၂၄၀) သိုလှောင်ရုံ (A+B) (၂) ခန်း တွဲ(၁၂၀'x၈၀'x၁၄') အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အထက်ပုဇွန်တောင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အမှတ် (၂၄၀) မြေကွက် (၁၀၀'x၈၀') တို့အား လည်းကောင်း အိတ်ဖွင့်တင်ဒါခေါ်ယူ၍ သုံးနှစ်သက်တမ်း၊ တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်၍ ငှားရမ်းမည်ဖြစ်သည်။

ငှားရမ်းသည့် တန်ဖိုး၏ တစ်လစာအား စပေါ်ငွေအဖြစ်ထားပြီး ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းတို့အား ၁၂ လစာကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ငါးရာခိုင်နှုန်းတိုးမြှင့်၍ ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိတ်ဖွင့်တင်ဒါပုံစံများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနရုံး အမှတ်(၃) နေပြည်တော်တွင် ဖေဖော်ဝါရီ ၅ ရက်မှ ၂၁ ရက် ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၂၁ ရက်အထိ ၁၅း၀၀ နာရီတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ တင်ဒါအား ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဖွင့်ဖောက်မည်ဖြစ်ပြီး ဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင်ဝန်ကြီးဌာန တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ငှားရမ်းမည့် အဆောက်အဦ/အခန်း/ သိုလှောင်ရုံ/ မြေကွက်များ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များအားသိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ် ၀၆၇-၄၀၈၄၁၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

**ခင်မိုးသူ**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com
(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 18, No.7 Monday February 12 2018

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၂-၂-၂၀၁၈ မှ ၁၈-၂-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ရွှေ၊ ကြေးနီ၊ လောင်စာပစ္စည်းများနှင့်ပတ်သက်ပြီးစီးပွားဖြစ်ထွန်းလိမ့်မည်။ အလုပ်အကိုင်အကြံအစည်များ တိုးတက်မှုရှိမည်။ ဆွေမျိုး၊ မိတ်ဆွေအကြီးအကဲတို့က ထောက်ပံ့ကူညီမှုများပေးနေမည်။ ပညာရေး ရာထူးဘွဲ့ထူးများ ချီးမြှင့်ခံရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် မျက်စိဝေဒနာခံစားရမှုရှိတတ်ပါသည်။

**ယတြာ။ ။ ဘုရားတွင် ဆီမီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** မလိုအပ်ဘဲခရီးများသွားလာနေသဖြင့် ငွေကုန်လူပန်းဖြစ်နေမည်။ အထက်လူကြီးများနှင့် အဆင်မပြေမှုများဖြစ်ပေါ်မည်။ အဆင့်မြင့်ပညာများသင်ကြားခွင့်ရနေမည်။ အချစ်ရေးအခက်အခဲရှိနေတတ်သည်။ အိမ်ထောင်ရေးတွင်အိမ်တွင်းရေးအဆင်မပြေမှုများရှိနေတတ်ပါသည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။

**ယတြာ။ ။ အရှေ့တည့်တည့်တွင်ရှိသော ဗုဒ္ဓမြတ်စွာဘုရားအားရေသပ္ပါယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်အကြံအစည်များ၊ တိုးတက်အောင်မြင်မည်။ လုပ်ငန်းများတိုးတက်မှုရှိသော်လည်း ငွေကြေးအောင်မြင်မှုကြီးကြီးမားမားမရသေးပါ။ အဆက်အသွယ်ကောင်းများတွေ့လိမ့်မည်။ ပညာရေးအောင်မြင်မည်။ အချစ်ရေးသာယာမှုရှိမည်။ အိမ်ထောင်ရေးတွင် ပျော်ရွှင်စရာများကြုံမည်။ မိသားစုကျန်းမာရေးဂရုစိုက်ပါ။

**ယတြာ။ ။ထန်းလျက်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများအောင်မြင်တိုးတက်မည်။ စာပေထုတ်ဝေရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းတို့မှ အကျိုးအမြတ်များရရှိတတ်ပါသည်။ ထီပေါက်သကဲ့သို့ ငွေအစုလိုက်အပြုံလိုက်ရတတ်သည်။ လူမျိုးခြားတို့နှင့်ဆက်သွယ်မှုအကျိုးအမြတ်ရမည်။ ပညာရေးတိုးတက်ကောင်းမွန်မည်။ ငယ်ရွယ်သူများ အချစ်ရေးအဆင်ပြေမည်။ အိမ်ထောင်ဖက်ကိုပြုစုပေးရတတ်သည်။ ကျန်းမာရေးကောင်းမွန်နေပါမည်။

**ယတြာ။ ။မြေပဲယိုလှူပါ။**




**ကြာသပတေးသားသမီးများအတွက်** မမျှော်လင့်သောငွေကြေးရတတ်သည်။ ဘဏ္ဍာရေးအခြေအနေကောင်းမွန်တိုးတက်မည်။ လူမျိုးခြားနှင့်ဆက်ဆံလုပ်ကိုင်ရတတ်သည်။ နိုင်ငံခြားစီးပွားကုန်သွယ်မှုအောင်မြင်မည်။ ပညာရေးကံကောင်းနေသည်။ ကူညီမစမည့်သူများတွေ့မည်။ အချစ်ရေးတွင် စိတ်လိုက်မာန်ပါပြောဆိုမိတတ်သည်။ အိမ်ထောင်ရေးသာယာမည်။ ကျန်းမာရေးတွင် ခါးအောက်ပိုင်းဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ အနောက်အရပ်တွင်ရှိသော ဗုဒ္ဓမြတ်စွာ ဘုရားကို ဆွမ်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းရဲရဲဝံ့ဝံ့ဆောင်ရွက်ပြီး အောင်မြင်မှုရမည့်အချိန်ဖြစ်သည်။ တွေဝေနေရမည့်အချိန်မဟုတ်ပါ။ လျှို့ဝှက်လုပ်ငန်းများအောင်မြင်မှုရမည်။ အကျိုးဆောင်လုပ်ငန်းဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင် ကြိုးစားမှုပေါ်မူတည်ပြီး အောင်မြင်လိမ့်မည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ရေး တစ်နယ်စီဝေးနေရတတ်သည်။ ကျန်းမာရေးတွင် သွေးနှင့်ပတ်သက်သောဝေဒနာခံစားရမှုရှိတတ်သည်။

**ယတြာ။ ။ သရက်သီးသနပ် လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် မင်းအစိုးရနှင့်ပတ်သက်သော စီးပွားရေးမှအကျိုးဖြစ်ထွန်းမှုရှိမည်။ ဓာတ်ငွေ့ရေနံလုပ်ငန်းများမှ ငွေအလုံးအရင်းဝင်ကိန်းရှိပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် ဒွိဟများနေရတတ်သည်။ အိမ်ထောင်ရေးဘုရားသွား၊ ကျောင်းတက်အတူတူရှိနေမည်။ ကျန်းမာရေး၊ လေ၊ အကြော တို့နှင့်ပတ်သက်သော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ နွားနို့လှူပါ။**

# Colgate-Palmolive ၏ (၆) ကြိမ်မြောက် သွားနှင့်ခံတွင်း အခမဲ့စမ်းသပ်စစ်ဆေးပေးသွားမည့် တစ်လတာအစီအစဉ် စတင်

Colgate-Palmolive နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းတို့ ပူးပေါင်း၍ မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပပြုလုပ်မည့် (၆) ကြိမ်မြောက် သွားနှင့်ခံတွင်း တစ်လတာအခမဲ့ စစ်ဆေးပေးခြင်း အစီအစဉ်မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်မြို့ Junction City ၌ ကျင်းပခဲ့ပြီး သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးစမ်းသပ်မှုများအပြင် သွားကျန်းမာရေးနှင့် ပတ်သက်သော အသိပညာများကို Colgate-Palmolive နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းတို့မှ မျှဝေပေးခဲ့ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော အဆိုပါအစီအစဉ်အား ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယခင်နှစ်များထက် သွားနှင့်ခံတွင်း ကျန်းမာရေးအခမဲ့ စစ်ဆေးမှုကို ပိုမိုလုပ်ဆောင်နိုင်မည်ဟု သိရသည်။

မြန်မာပြည်သူများ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး အသိပညာများ၊ အကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်၍ လုပ်ဆောင်ပေးခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ သွားနှင့်ခံတွင်း ဆေးရုံဆေးခန်းစုစုပေါင်း ၅၂၀ ခုနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်မှ နှစ်စဉ်ကျင်းပလျက်ရှိသော Colgate ၏ သွားနှင့်ခံတွင်း ကျန်းမာရေးလ အစီအစဉ်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက Colgate Myanmar Facebook စာမျက်နှာတွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ **ခင်မိုးသူ**

## တစ်ဖက်နိုင်ငံသို့ ရောင်းချရန် တရားမဝင်သယ်ဆောင်လာသော သာလိကာငှက်များ ဖမ်းဆီးရမိ



မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တာဝန်ကျ စစ်ဆေးရေးမောင်းတံဂိတ်များအား ညနေပိုင်းအချိန်များတွင် ဖြတ်သန်းမောင်းနှင်သွားသော ခရီးသည်တင်ယာဉ်ငယ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များဖြင့် သစ်တောထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အရှင်များအား သယ်ဆောင်မှုရှိနေကြောင်း သတင်းပေးရရှိမှုအရ ဖေဖော်ဝါရီ ၆ ရက်က မူဆယ်မောင်းတံဂိတ်တွင် OSS ကုန်သွယ်ရေးဦးစီးဌာန၊ OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် OSS မိတ်ဖက်သစ်တောဦးစီးဌာန ပူးပေါင်းအဖွဲ့တို့မှ အတက်ခရီးသည်ယာဉ်ငယ်များအား စောင့်ဆိုင်းစစ်ဆေးနေစဉ် ည ၁၀ နာရီအချိန်ခန့်တွင် လားရှိုးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ် (5E/3059) (PAJERO) ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ၎င်းယာဉ်ပေါ်တွင် တရားမဝင် (လုံး၀) ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန် သာလိကာငှက် (အရှင်) ၈၁ ကောင်နှင့် အသေ ၂၃ ကောင်၊ စုစုပေါင်း ၁၀၄ ကောင်အား စစ်ဆေးတွေ့ရှိတားဆီးခဲ့ပြီး မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ပင်မရုံး တာဝန်ကျ၊ တာဝန်မှူးထံ ယာယီထိန်းသိမ်းအပ်နှံခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါသာလိကာငှက်များအား တစ်ဖက်နိုင်ငံ နယ်စပ်မြို့များဖြစ်သော မူဆယ်-နမ့်ခမ်း ဈေးကွက်တွင် သာလိကာငှက် တစ်ကောင်လျှင် ကျပ်နှစ်သိန်းမှ ကျပ်သုံးသိန်းထိ ရောင်းရပြီး၊ ယခု တားဆီးထိန်းသိမ်းခဲ့သည့် ဖြစ်စဉ်တွင် လားရှိုးမြို့နေ အမည်မသိသူ အမျိုးသမီးတစ်ဦးမှ ဝယ်ယူစုဆောင်းပြီး ယခုကဲ့သို့ အိမ်စီးယာဉ်များဖြင့် သယ်ယူရောင်းချနေကြောင်း၊ သယ်ဆောင်သူယာဉ်မောင်းမှာ အခကြေးငွေရယူ သယ်ဆောင်လာကြောင်း သိရှိရပါတယ်။

ထို့နောက် OSS ပူးပေါင်းအဖွဲ့မှ မူဆယ်မြို့နယ်၊ သစ်တောဦးစီးဌာနသို့ သယ်ဆောင်လာသော ယာဉ်နှင့် ယာဉ်ပေါ်ပါ သာလိကာငှက် ၁၀၄ ကောင်တို့အား ဖေဖော်ဝါရီ ၇ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ မူဆယ်မြို့နယ်၊ သစ်တောဦးစီးဌာနမှ သာလိကာငှက်များအား နိုင်ငံပိုင် သိမ်းဆည်းပြီး ယာဉ်အား မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနဖြင့် စစ်ဆေးပြီးနောက် ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် သယ်ဆောင်လာသူ ယာဉ်မောင်းအား မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် တာဝန်ကျ (OSS) မိတ်ဖက်သစ်တောဦးစီးဌာန တာဝန်ခံတောအုပ်ကြီး ဦးကျော်မိုးဆွေမှ တရားလိုပြုလုပ်ပြီး မူဆယ်မြို့မရဲစခန်းတွင် (ပ) ၅၄/၂၀၁၈ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး ဥပဒေပုဒ်မ ၃၇(က)ဖြင့် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဝိသမလောဘသားများသည် မိမိအကျိုးစီးပွားအတွက် တစ်ဖက်နိုင်ငံနယ်စပ်သို့ တရားမဝင် မှောင်ခိုပစ္စည်းများ တင်ပို့နေသလို ပြည်တွင်းထွက် သယံဇာတနှင့် ရှားပါးတိရစ္ဆာန်များကိုလည်း နည်းလမ်းမျိုးစုံဖြင့် တရားမဝင်မှောင်ခိုတင်ပို့နေမှုတို့အား တာဝန်ကျနိုင်ငံဝန်ထမ်းများ၊ တာဝန်သိပြည်သူများမှ ဝိုင်းဝန်းပူးပေါင်းစုံစမ်း ဖော်ထုတ်တားဆီး ဆောင်ရွက်လျက်ရှိနေကြောင်း ရေးသားလိုက်ရပါတယ်။

**သန်းအောင်(သတင်းစုံ)**

## အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ် ပြည်နယ် Lucknow မြို့တွင် "UP Investor Summit 2018" ထိပ်သီးဆွေးနွေးပွဲနှင့် ပြပွဲကျင်းပမည်

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် Lucknow မြို့တွင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၂ ရက်အထိ "UP Investor Summit 2018" ထိပ်သီးဆွေးနွေးပွဲနှင့် ပြပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ပြီး အဆိုပါပွဲနှင့်ပတ်သက်၍ လေ့လာသိရှိလိုပါက www.ficci.in သို့ဝင်ရောက် ကြည့်ရှုနိုင်ပါကြောင်းနှင့် စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ်- ၀၆၇ ၄၃၀၁၂၈၊ E-mail: moctradefair@gmail.com သို့ လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့) ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **ဆုမွန်သိန်း (TD)**

# CANAL+ အခပေး တီဗီလိုင်းအသစ်ကို ပြည်တွင်း၌ တရားဝင်မိတ်ဆက်

မြန်မာနိုင်ငံ၏ ဖျော်ဖြေရေးကဏ္ဍတွင် ဆန်းသစ်သောဖျော်ဖြေတင်ဆက်မှု အစီအစဉ်သစ်များ၊ ရုပ်သံလိုင်းများ တင်ဆက်ထုတ်လွှင့်ပြသရန်အတွက် CANAL+ Group နှင့် Forever Group တို့ပူးပေါင်း၍ CANAL+ အခပေးတီဗီ လိုင်းသစ်ကို ဖေဖော်ဝါရီ ၆ ရက်တွင် တရားဝင်မိတ်ဆက်ခဲ့သည်။

"CANAL+ Group နဲ့ ပူးပေါင်းတဲ့အခါ နှစ်ဖက်စလုံးရဲ့ ရုပ်သံထုတ်လွှင့်မှုမှာ ကျွမ်းကျင်မှုတွေကိုဖလှယ်နိုင်သလို မြန်မာပရိတ်သတ်တွေအတွက် အကြောင်းအရာမျိုးစုံနဲ့ ရုပ်သံလိုင်းဝန်ဆောင်မှုကို ဖော်ဆောင်နိုင်မှာပါ။ အတူဆောင်ရွက်တဲ့အတွက် ပိုကောင်းတဲ့ဝန်ဆောင်မှုတွေလည်း ပေးလာနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု Forever Group မှ ဥက္ကဋ္ဌ ဦးဝင်းမော်က ပြောသည်။

"ဒီလိုမျိုးပူးပေါင်းချိန်မှာ ကြည့်ရှုသူတွေ အဆင်မပြေဖြစ်ခဲ့တာ၊ စိတ်အနှောင့်အယှက် ဖြစ်ခဲ့တာအတွက်လည်း တောင်းပန်ပါတယ်။ အရည်အသွေးမြင့်တဲ့အစီအစဉ်ကို ချပြချင်တဲ့အတွက် ပူးပေါင်းတာပါ။ ရေရှည်မှာလည်း အခပေးရတဲ့ အကောင်းဆုံးရုပ်သံလိုင်းဖြစ်အောင် လုပ်သွားမယ်လို့ ကတိပေးပါတယ်" ၎င်းက ဆက်ပြောသည်။

CANAL+ သည် ရုပ်သံလိုင်းနယ်ပယ်တွင် အစီအစဉ်ပေါင်းများစွာကို ထုတ်လုပ်ခဲ့သည့်ပြီး ကိုယ်ပိုင်ထုတ်လုပ်မှုအစီအစဉ်များ၊ ကိုယ်ပိုင်ရုပ်သံလိုင်းများအပါအဝင် စုံလင်လှသော နိုင်ငံတကာ ရုပ်သံလိုင်းများကိုလည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

CANAL + Myanmar Fg Ltd အနေဖြင့် မြန်မာပရိတ်သတ်များအတွက် အထူးသီးသန့် ဖန်တီးထားသော ရုပ်သံလိုင်း ၈ လိုင်း၊ CANAL+ တွင်သာ ကြည့်ရှုနိုင်မည့် ရုပ်သံလိုင်း ၂၅ လိုင်း၊ မြန်မာပြည်တွင် ပထမဆုံးထုတ်လွှင့်သော ရုပ်သံ လိုင်း ၄၅ လိုင်း စုစုပေါင်း ၇၅ လိုင်းကျော်ကို ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင် ဇာတ်လမ်းတွဲများကိုလည်း ဧပြီလအကုန်တွင် စတင်ပြသနိုင်ရန် လုပ်ဆောင်ထားကြောင်း သိရသည်။

ဒါ့အပြင် CANAL+ ရုပ်သံလိုင်းများအတွက် အနုပညာရှင်အချို့ကို Brand Ambassador အဖြစ် ခန့်အပ်ထားပြီး CANAL+ ကို ကြည့်ရှုနိုင်ရန်အတွက် သင့်တော်သောနှုန်းထားများနှင့် အစီအစဉ် နှစ်မျိုးခွဲခြားထားကြောင်း၊ ဈေးနှုန်းများမှာ ရှယ်အစီအစဉ်အတွက် တစ်လလျှင် ၄၈၀၀ ကျပ်၊ ထူးရှယ် အစီအစဉ်အတွက် တစ်လလျှင် ၇၉၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

# မြန်မာကျန်းမာရေးဆိုင်ရာပြပွဲတွင် ကင်ဆာရောဂါနှင့်ပတ်သက်၍ စမ်းသပ်သင်ကြားမှုများ ပြုလုပ်ပေးမည်

တတိယအကြိမ်မြောက် မြန်မာကျန်းမာရေးဆိုင်ရာပြပွဲကို သုံးရက်တိုင် ကျင်းပမည်ဖြစ်ပြီး ကင်ဆာရောဂါ (ရင်သား၊ ခံတွင်း၊ သားအိမ်ခေါင်း) နှင့်ပတ်သက်၍ ကြိုတင်သိရှိနိုင်စေရန် စမ်းသပ်ခြင်း၊ သင်ကြားခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ ကျင်းပရခြင်းမှာ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အောင်မြင်စေရေး ကူညီပံ့ပိုးရန်၊ ဆေးပညာရပ်၏ တိုးတက်နေသော နည်းပညာကိရိယာများကို သိရှိနားလည်နိုင်ရန်၊ နိုင်ငံပေါင်းစုံမှ တင်သွင်းလာသော ဆေးဝါးများအကြောင်း ကျယ်ပြန့်စွာသိရှိနိုင်ရန်၊ လုပ်ငန်းရှင်အချင်းချင်း အသိပညာ နှီးနှောဖလှယ်နိုင်ရန်နှင့် ပြည်သူများအား အသိပညာပေးဝေနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ပြပွဲမှာ မြန်မာ့အသဲဖောင်ဒေးရှင်းကလည်းရှိမယ်။ ဘီပိုး၊ စီပိုးတွေအတွက်လည်း Booth တွေ ထားပေးပါမယ်။ ၁၈ ရက်နေ့အတွက် ကျွန်မတို့ရဲ့ ပြခန်းတွေမှာ စာရင်းကြိုပေးထားလို့ရပါတယ်။ နောက်ပြီး ကျွန်မတို့ရဲ့ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းကိုကျောင်းတွေ၊ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေအတွက် ဖိတ်လို့ရပါတယ်။ ဘာအခကြေးငွေမှ ပေးစရာမလိုပါဘူး။ ဖိတ်ကြားပေးရင် လာပြီးစစ်ဆေးမယ်၊ သင်ကြားပေးမယ်။ လာစစ်ပေးတဲ့ အကျိုးကြောင့်လည်း ကင်ဆာရောဂါရှိတဲ့သူကို စောစီးစွာတွေ့ရှိခဲ့တာမျိုးလည်း ရှိပါတယ်။ အဲဒါက ကောင်းတဲ့ရလဒ်ပါပဲ။ အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ လာမယ့် ၂၀၂၅ မှာ ကင်ဆာဖြစ်တဲ့နှုန်း လျှော့ချမယ်လို့ သတ်မှတ်ထားတာပါ"ဟု ရွှေရောင်နှင်းဆီဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာကျန်းမာရေးဆိုင်ရာပြပွဲတွင် ပြည်တွင်းပြည်ပမှ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ အလှအပဆိုင်ရာ ကျန်းမာရေးပစ္စည်းများဖြင့် ပြခန်းပေါင်း ၁၂၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲဒုတိယနေ့တွင် မြန်မာနိုင်ငံဆီးချို/သွေးချိုရောဂါအသင်း ပါမောက္ခ ဦးတင့်ဆွေလတ်မှ ကျန်းမာရေးအသိပညာပေးဆိုင်ရာ ဟောပြော၍ သိလိုရာမေးအစီအစဉ်ကို တင်ဆက်သွားမည်ဖြစ်သလိုတတိယနေ့တွင်လည်း ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ကျန်းမာရေးအသိပညာပေးအစီအစဉ်များ စမ်းသပ်သင်ကြားပေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ ကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**ချော့စု**

# အမျိုးသမီးတိုင်း မျက်နှာအသားအရေ ထိန်းသိမ်းရာတွင် လိုအပ်သော ပစ္စည်းသစ်သုံးမျိုးကို POND'S မှ စတင်မိတ်ဆက်




ကမ္ဘာ့ထိပ်တန်း အလှကုန်ပစ္စည်း အမှတ်တံဆိပ်တစ်ခုဖြစ်သည့် POND'S မှ အမျိုးသမီးတိုင်း နေ့စဉ်အသားအရေ ထိန်းသိမ်းရာတွင် လိုအပ်သော ပစ္စည်းသစ်သုံးမျိုးကို ပြည်တွင်းဈေးကွက်သို့ ဖေဖော်ဝါရီ ၄ ရက်တွင် စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါထုတ်ကုန်သစ်သုံးမျိုးမှာ POND'S White Beauty SPF 50 Day Cream, Age Miracle Wrinkle Correcting Cream နှင့် White Beauty Micellar Water (မိတ်ကပ်ဖျက်ဆေးရည်) တို့ဖြစ်ပြီး နေရောင်ခြည်ဒဏ်မှ မျက်နှာအသားအရည် ထိန်းသိမ်းကာကွယ်ခြင်း၊ အသက်အရွယ်ကြောင့် ဖြစ်ပေါ်လာသည့် လက္ခဏာများမှ ကာကွယ်ခြင်း စသည်တို့ကို ဖြေရှင်းနိုင်ရန် မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက သုံးစွဲသူတွေအတွက်သာမက အမျိုးသမီးအားလုံးအတွက် နေ့စဉ် အသားအရေထိန်းသိမ်းတဲ့နေရာမှာ လိုအပ်နေတာတွေကို ဖော်ထုတ်နိုင်ခဲ့ပြီး အဲဒါကိုဖြေရှင်းဖို့အတွက် ထုတ်ကုန်သစ်တွေကို မိတ်ဆက်လိုက်တာဖြစ်ပါတယ်။ အဓိကက တော့ အမျိုးသမီးအားလုံး အရွယ်တင် နုပျိုစေဖို့အတွက်ပါ။ အခုမိတ်ဆက်ပေးတဲ့ ထုတ်ကုန်တွေက ကမ္ဘာတစ်ဝန်းက သိပ္ပံပညာ ရှင်များစွာနဲ့ ချိတ်ဆက်ထားတဲ့ POND'S Institute လို့ခေါ်တဲ့ အသားအရေအလှအပ ထိန်းသိမ်းရေးစင်တာတွေကနေ ထုတ်လုပ်ထားတဲ့အတွက် ပစ္စည်းတွေရဲ့ အကျိုးကျေးဇူးအားလုံးက ဆေးဝါးထောက်ခံချက်ရရှိပြီးဖြစ်ပါတယ်။ သုံးစွဲသူတွေအနေနဲ့လည်း ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပါတယ်"ဟု Unilever Myanmar ၏ Senior Brand Manager ဒေါ်တင်မျိုးဆက်က ပြောသည်။

အဆိုပါ ပစ္စည်းသစ်မိတ်ဆက်ပွဲသို့ POND'S Beauty Council အဖွဲ့ဝင် နီနီခင်ဇော်၊ ဖွေးဖွေးနှင့် အထူးဧည့်သည်တော် မယ်လိုဒီတို့မှ တက်ရောက်ခဲ့ကြပြီး ထုတ်ကုန်ပစ္စည်းသစ်များနှင့် ပတ်သက်၍လည်း အတွေ့အကြုံများ၊ အကြံပြုချက်များ ပြောကြားခဲ့ကြောင်း သိရသည်။

**ချော့စု**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် အာဆီယံကိုရီးယား ဗဟိုဌာနတို့ပူးပေါင်း၍ Myanmar-Korea Investment Promotion Seminar ကျင်းပ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် အာဆီယံကိုရီးယားဗဟိုဌာနတို့ပူးပေါင်း၍ Myanmar-Korea Investment Promotion Seminar ပွဲကိုရန်ကုန်မြို့ရှိ Lotte Hotel ၌ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲကျင်းပရခြင်းမှာ မြန်မာနိုင်ငံတွင် ကိုရီးယား ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ကိုရီးယားဘက်က ရင်းနှီးမြှုပ်နှံမှုတွေဝင်လာအောင် ပြည်တွင်းဈေးကွက်ကိုချပြတယ်။ အဲဒီအတွက် သတ်မှတ်နေရာပေါ် မူတည်ပြီး နှစ်အလိုက် ဝင်ငွေခွန်ပေးတာတွေလည်းရှိတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာကုမ္ပဏီ ၁၇ ခုနှင့် ကိုရီးယားကုမ္ပဏီ ၁၂ ခုတို့ ပါဝင်ဆွေးနွေးခဲ့ကြပြီး အခြေခံအဆောက်အအုံနှင့် ထုတ်လုပ်မှု ကဏ္ဍများမှ ကိုရီးယားရင်းနှီးမြှုပ်နှံသူများ ပါဝင်ခဲ့ကြောင်း သိရသည်။

ကိုရီးယားရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လေ့လာရန်နှင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေး ကွန်ရက်ရယူရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချော့စု**

Vol: 18, No.7 Monday February 12 2018

# ဘဏ်ချေးငွေဖြင့် အရစ်ကျဝယ်ယူနိုင်မည့် အိမ်ရာအရောင်းပြပွဲပြုလုပ်မည်

အိမ်ရာများကို ဘဏ်ချေးငွေဖြင့် အရစ်ကျဝယ်ယူနိုင်မည့် အိမ်ရာအရောင်းပြပွဲကို ရန်ကုန်မြို့၊ တပ်မတော်ခန်းမ၌ ၂၀၁၈ ခုနှစ် မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပြပွဲကိုစီစဉ်သည့် Shwe Property.com မှသိရသည်။

အဆိုပါအိမ်ရာပြပွဲတွင် ကျပ်သိန်း ၁၅၀မှ တန်ဖိုးမြင့် ကွန်ဒိုတိုက်ခန်းများအထိ ရန်ကုန်၊ တောင်ကြီး၊ မြိတ် အစရှိသည့် မြို့ကြီးများမှ အိမ်ရာများကို ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအိမ်ရာပြပွဲမှာ ပါဝင်မယ့် အိမ်ရာချေးငွေကို ထုတ်ချေးပေးမယ့် ဘဏ်တွေကို တော့ နောက်ပိုင်းကျရင် ကြေညာပေးပါ့မယ်။ နောက်ပြီး အခုပွဲမှာ အိမ်ရာဝယ်ယူချင်တဲ့သူတွေ သိချင်တဲ့ မေးခွန်းတွေကို ဆောက်လုပ်တဲ့ ကုမ္ပဏီတွေဆီ မေးမြန်းနိုင်မှာဖြစ်သလို သူတို့မှန်းထားတဲ့ ဘတ်ဂျက်နဲ့ ညှိနှိုင်းပြီး ငွေပေးချေမှုပုံစံနဲ့ အလွယ်တကူဝယ်လို့ရပါမယ်။ ဒီပြပွဲကိုကျင်းပရတာကလည်း အိမ်ရာဝယ်ယူချင်တဲ့ လူလတ်တန်းစားတွေအနေနဲ့ မိမိလိုချင်တဲ့ အိမ်ရာတွေကို တစ်နေရာတည်းမှာ လေ့လာကြည့်ရှုဝယ်ယူနိုင်အောင်လို့ပါ" ဟု Shwe Property.com ၏ တည်ထောင်သူ ဦးကောင်းသူဝင်းက ပြောကြားသည်။

ShwePropety.com အနေဖြင့် ပြည်တွင်းမှာသာမက စင်ကာပူနိုင်ငံတွင်လည်း အိမ်ရာအရောင်းပြပွဲများကို စီစဉ်ကျင်းပပေးခဲ့ပြီး လာမည့်မတ်လအတွင်း၌ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၌ အိမ်ရာအရောင်းပြပွဲတစ်ခုကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယမန်နှစ်အတွင်း အိမ်ခြံမြေ ဈေးကွက်ရောင်းဝယ်မှုဈေးကွက်မှာ အေးစက်နေခဲ့ပြီး ယခုနှစ်အတွင်း အိမ်ရာပိုင်ဆိုင်ခွင့်ဆိုင်ရာ ဥပဒေများ ပေါ်ပေါက်လာနိုင်ခြင်းကြောင့် ပြည်တွင်း အိမ်ခြံမြေဈေးကွက် တိုးတက်လာရန် မျှော်လင့်နေကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်အချို့က ဆိုသည်။

■

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀ ခုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၆ ခုကို MIC က ခွင့်ပြုပေး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး (၂/၂၀၁၈) ဆုံးဖြတ်ချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀ ခုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၆ခုကို ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) က သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး (၂/၂၀၁၈) ကို ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်မြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့သည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် အတည်ပြုခွင့်ပြုပေးခဲ့သည့် လုပ်ငန်း ၁၀ ခုမှာ စက်မှုလုပ်ငန်းကဏ္ဍခြောက်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍနှစ်ခုနှင့် မွေးမြူရေး/ရေလုပ်ငန်းကဏ္ဍနှစ်ခုတို့ဖြစ်ကြောင်း ၊ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀ ကျော်ကို ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် အတည်ပြုခွင့်ပြုခဲ့သည့် လုပ်ငန်းခြောက်ခုမှာ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတစ်ခု၊ သတ္တုကဏ္ဍတစ်ခု၊ ဟိုတယ်/ခရီးသွားကဏ္ဍနှစ်ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှစ်ခုတို့ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၈၉ ဘီလီယံကျော်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ၈၀၀ ကျော်ကို ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံကျော်ကို ခွင့်ပြုပေးခဲ့ကြောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၃ ထရီလီယံကျော်ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

# Samsung Galaxy J2 Pro စမတ်ဖုန်းသစ် ပြည်တွင်းဈေးကွက်သို့ စတင်မိတ်ဆက်

Samsung Galaxy J2 Pro စမတ်ဖုန်းအမျိုးအစားသစ်ကို ပြည်တွင်း ဈေးကွက်သို့ စတင်မိတ်ဆက်လိုက်ပြီ ဖြစ်ကြောင်း Samsung Myanmar မှ သတင်းထုတ်ပြန်ထားသည်။

မျက်နှာပြင်အကျယ်မှာ 5" qHD sAMOLED မျက်နှာပြင်ပါရှိသော Samsung Galaxy J2 Pro စမတ်ဖုန်းအမျိုးအစားသစ်တွင် 8 Megapixel အရည်အသွေးရှိ နောက်ကင်မရာနှင့် 5Megapixel အရည်အသွေးရှိ ရှေ့ကင်မရာပါဝင်ပြီး ဆင်းကတ်နှစ်ကတ်ထည့်သွင်းအသုံးပြုနိုင်သော Slot နှင့် LTE ကွန်ယက် ချိတ်ဆက်မှုပါဝင်ကာ 2600 mAh ဘက်ထရီတပ်ဆင်ပေးထားကြောင်း သိရသည်။

"အသစ်မိတ်ဆက်လိုက်တဲ့ J2 Pro စမတ်ဖုန်းက ဈေးနှုန်းချိုသာသလို ကြည်လင်တောက်ပတဲ့ မျက်နှာပြင်၊ Dual Messenger နဲ့ Secure Folder တို့လို နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာတွေကို ထည့်သွင်းထားပါတယ်။ ဒါကြောင့် ကိုယ်သတ်မှတ်ထားတဲ့ ငွေကြေးပမာဏနဲ့ အဆင့်မြင့် နည်းပညာကို သုံးစွဲလိုသူတွေအတွက် နောက်ထပ်ရွေးချယ်စရာတစ်ခုဖြစ်လာမှာပါ" ဟု Samsung Myanmar ၏ Head Of IT and Mobile ကိုဇာနည်ဝင်းက ပြောသည်။

Samsung Galaxy J2 Pro စမတ်ဖုန်းအမျိုးအစားသစ်ကို ကျပ် ၁၈၂၀၀၀ ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး ရွှေရောင်၊ ပန်းရောင်၊ ငွေရောင်နှင့် အနက်ရောင်ဟူ၍ အရောင်အမျိုး အစားလေးမျိုးကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

Samsung Galaxy J2 Pro စမတ်ဖုန်းအမျိုးအစားသစ်မိတ်ဆက်ခြင်း အထိမ်းအမှတ်အဖြစ် Telenor Myanmar နှင့် ပူးပေါင်း၍ သုံးစွဲသူများအနေနှင့် ဖုန်းငွေဖြည့်ကတ် ကျပ် ၅၀၀၀ ဖြည့်သွင်းရုံနှင့် အင်တာနက် 2GB အား ခြောက်လဆက်တိုက်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင် စုစည်းသည်**

# မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာလုပ်ငန်းအသင်း အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်း အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက်တွင် UMFCCI ရှိ မင်္ဂလာခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍအတွက် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ပြီး စီးပွားရေးဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခြင်း၊ အရောင်းမြှင့်တင်ရေးပွဲများ ပြုလုပ်ခြင်းများ မရှိမဖြစ်လိုအပ်ကြောင်း၊ ပြပွဲနှင့် ဆွေးနွေးပွဲများကျင်းပရန်အတွက် အထူးကျွမ်းကျင်သောဝန်ဆောင်မှုပေးနိုင်သည့် Service Provider များသည် အရည်အသွေးမြင့်မားသော စွမ်းဆောင်ရည်များ လိုအပ်ကြောင်း စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ထို့အပြင် အကြောင်းတရားများပေါ် အခြေခံလျက် နိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဈေးကွက်စီးပွားစနစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံကုန်စည်ပြပွဲဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းအသင်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် တရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နှစ်တာကာလအတွင်း ကြိုးပမ်းဆောင်ရွက်မှုများအရ အာဆီယံအဆင့် ဒေသတွင်းအဖွဲ့ချုပ်၏ အသင်းဝင်အဖြစ် ရပ်တည်နိုင်ရုံသာမက အိမ်နီးချင်းနိုင်ငံများမှ ညီနောင်အသင်းများနှင့်လည်း သဘောတူစာချွန်လွှာများ ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

မကြာမီ ကာလအတွင်းတွင်လည်း Mice Industry တိုးတက်ဖွံ့ဖြိုးလာစေရေးနှင့် ဝန်ဆောင်မှုကဏ္ဍများမှ တိုင်းပြည်ဘဏ္ဍာငွေ ရရှိစေရေးအတွက်ကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်ရန် MECA မှ သန္နိဋ္ဌာန်ချမှတ်ထားကြောင်း သိရသည်။

# ဒုတိယအကြိမ် မြန်မာမိုဘိုင်းလ် အော်ပရေတာများ မျက်နှာစုံညီဆွေးနွေးပွဲကို နေပြည်တော်တွင် ပြုလုပ်

ဒုတိယအကြိမ် မြန်မာမိုဘိုင်းလ် အော်ပရေတာများမျက်နှာစုံညီ ဆွေးနွေးပွဲ Myanmar Mobile Symposium ကို နေပြည်တော်၌ ဖေဖော်ဝါရီ ၈ ရက်က ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို နိုင်ငံတကာမိုဘိုင်းလ်အော်ပရေတာအဖွဲ့အစည်းတစ်ခုဖြစ်သည့် GSMAမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ ဆက်သွယ်ရေး အော်ပရေတာလေးခု၊ မြန်မာနိုင်ငံတော်အစိုးရ၊ ကမ္ဘာ့ဘဏ်၊ အိန္ဒိယနိုင်ငံ Telecom Regulatory Authority နှင့် ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် Myanmar Mobile Symposium ၌ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများအကြား ထိပ်တန်းဒစ်ဂျစ်တယ်စနစ်ဦးဆောင်နိုင်ငံဖြစ်လာစေရေးရည်မှန်းချက်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် လိုအပ်သော အချက်အလက်များနှင့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

"မြန်မာနိုင်ငံအနေနဲ့ ယခင်က ဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးတဲ့ လူမှုဝန်းကျင်ကို Fourth Generation မိုဘိုင်းလ်ဆက်သွယ်ရေးခေတ်ဆီ တိုက်ရိုက်ပြောင်းလဲခြင်းဟာ အခြားနိုင်ငံများထက် ပိုမိုမြန်ဆန်တဲ့ပြောင်းလဲမှုကို ပြုလုပ်နိုင်ခဲ့ပါတယ်။ အခု ကျွန်မတို့အနေနဲ့ အနာဂတ်အတွက် နောက်ထပ်ခြေလှမ်းများစွာကို ပိုလှမ်းနိုင်အောင် ကူညီပံ့ပိုး ပေးလိုပါတယ်"ဟု နိုင်ငံတကာမိုဘိုင်းလ်အော်ပရေတာအဖွဲ့အစည်း GSMA မှ Ms. Emanuela Lecchi က ပြောသည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲ၌ ပြည်တွင်းမိုဘိုင်းလ်ငွေကြေးနည်းပညာ အလားအလာနှင့် ဈေးကွက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအဖြစ် နိုင်ငံတကာမိုဘိုင်းလ်ဆက်သွယ်ရေးအော်ပရေတာများကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ယခုအခါ ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံအတွင်း ထိပ်တန်းရင်းနှီးမြှုပ်နှံမှုကဏ္ဍဖြစ်လာခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



## မြို့ကြီးများ၏ ၁၂-၂-၂၀၁၈ မှ ၁၆-၂-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၂-၂-၂၀၁၈) | အင်္ဂါ(၁၃-၂-၂၀၁၈) | ဗုဒ္ဓဟူး(၁၄-၂-၂၀၁၈) | ကြာသပတေး(၁၅ -၂-၂၀၁၈) | သောကြာ(၁၆-၂-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၄˚F |
| ရန်ကုန်မြို့ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၇˚F |
| မန္တလေးမြို့ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၃˚F |
| လားရှိုး | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၈˚C/၈၂˚F |
| ကျိုင်းတုံ | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၂၉˚C/၈၅˚F |
| လွိုင်ကော် | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၈˚F |
| တောင်ကြီး | တိမ်အသင့်အတင့် -၂˚C/၂၇˚F | တိမ်အသင့်အတင့် -၂˚C/၂၈˚F | တိမ်အသင့်အတင့် ၂˚C/၃၅˚F | တိမ်အသင့်အတင့် ၂˚C/၃၆˚F | တိမ်အသင့်အတင့် -၂˚C/၂၈˚F |
| မော်လမြိုင် | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F |
| ဘားအံ | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F |
| တောင်ငူ | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F |
| မုံရွာ | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F |
| ပုသိမ် | နေသာ ၃၆˚C/၉၆˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F |
| မြိတ် | တိမ်အသင့်အတင့် ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F |
| စစ်တွေ | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F |
| မကွေး | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၁˚F |
| ဖလမ်း | တိမ်အသင့်အတင့် ၂၃˚C/၇၃˚F | နေသာ ၂၃˚C/၇၄˚F | နေသာ ၂၂˚C/၇၁˚F | နသာ ၂၂˚C/၇၁˚F | နေသာ ၂၃˚C/၇၄˚F |

# ဗန်ကောက်တွင် လေထု ညစ်ညမ်းမှုကြောင့် ကလေးများ နေအိမ်တွင်သာ နေထိုင်ကြရန် နှိုးဆော်

ထိုင်းနိုင်ငံ သဘာဝညစ်ညမ်းမှု ထိန်းသိမ်းရေးအေဂျင်စီက မြို့တော်အတွင်း နေထိုင်သူတို့အား နှာခေါင်းစည်းများကို အသုံးပြုရန်တိုက်တွန်းပြီးနောက် ရက်အနည်းငယ်အတွင်း ဗန်ကောက်မြို့တော်၏လေထုသည် အန္တရာယ်ရှိသည့် အနေအထားသို့ ရောက်ရှိလာခဲ့ကြောင်း ကမ္ဘာ့ထိပ်တန်းခရီးသွားဒေသဖြစ်သော ဗန်ကောက်မြို့တွင်နေထိုင်သူတို့အား ဖေဖော်ဝါရီ ၈ ရက်က သတိပေးချက်ထုတ်ပြန်ခဲ့ သည်။

ဗန်ကောက်မြို့တော်တွင် မီးခိုးမြူများ ကျဆင်းမှုနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကြောင့် မြို့နေလူထု၏ ကန့်ကွက်ပြောကြားမှု များရှိလာခဲ့သည်။ ထို့ကြောင့်မကြာသေးမီရက်သတ္တပတ်များအတွင်းက မြို့တော်၏လေထုညစ်ညမ်းမှု အခြေအနေကို အထူးဂရုပြုစစ်ဆေးခဲ့သည်။ အချို့သောကျောင်းများကို ဖေဖော်ဝါရီ ၈ ရက်ကပိတ်ထားခဲ့ပြီး အချို့ကျောင်းများတွင် ကလေးများကို အပြင်ထွက်ခွင့်မပေးဘဲ ကျောင်းထဲ၌ပင်နေထိုင်စေကြောင်း သိရသည်။

နိုင်ငံတွင်းရှိ လေထဲ၌ ဖုန်မှုန့်ပါဝင်မှုမြင့်မားနေကြောင်း လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ဗန်ကောက်မြို့ အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေ သော လေထုအရည်အသွေး အညွှန်းကိန်း (Air Quality Index -AQI) အရ အညွှန်းကိန်းအမှတ်မှာ 135AQI (သို့မဟုတ်) ကျန်းမာရေးကို ထိခိုက်နိုင်သောအဆင့်ဖြစ်ကြောင်း သိရသည်။

အမေရိကန်စမတ်ဖုန်းအပလီကေးရှင်း Air Visual အရ ဗန်ကောက် ၏ အညွှန်းကိန်းအမှတ်မှာ 154 AQI ဖြစ်သည်။

"ကျွန်မသမီးကိုထားတဲ့ ကျောင်းကတော့ လေထုညစ်ညမ်းမှုအဆင့်ကို စောင့်ကြည့်နေတယ်။ လေထုညစ်ညမ်းမှုအခြေအနေ တိုးတက်ကောင်းမွန် မလာဘူးဆိုရင် ကလေးတွေကို ကျောင်းထဲမှာပဲ ထိန်းထားမယ်လို့ပြောတယ်" ဟု ကလေးနှစ်ဦးကို ဗန်ကောက်ရှိ ကျောင်းတစ်ကျောင်းတွင်ထားသော အသက် ၃၂ နှစ်အရွယ်ရှိ ဂျိုအန်နာ လောဂရောလာကပြောသည်။

အချို့အပြည်ပြည်ဆိုင်ရာ ကျောင်းများတွင် ကိုယ်ပိုင်လေထုညစ်ညမ်းမှု တိုင်းတာရေး ကိရိယာများ တပ်ဆင်ထားကြောင်း မိဘများက ပြောသည်။ လေထုညစ်ညမ်းမှုဖြစ်ပွားရာဒေသရှိ ကျောင်းများ အချင်းချင်း ဆွေးနွေးတိုင်ပင်၍ ကလေးများအား ဘေးကင်းအောင် ထိန်းသိမ်းမည့်နည်းလမ်းများကို ဆွေးနွေးလျက်ရှိသည်။

**ဉာဏ်တင်**

# ဂျပန်ပင်လယ်ကမ်းရိုးတန်းဒေသတွင် ဆီးနှင်းများစံချိန်တင်ထူထပ်

ဂျပန်ပင်လယ်ကမ်းရိုးတန်းဒေသတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေတာကြောင့် မော်တော်ကားသွားလာမှုနှင့် အများပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝများကို အနှောင့်အယှက်ပေးလျက်ရှိကြောင်း အင်န်အိပ်ချ်ကေသတင်းတွင် ဖော်ပြသည်။ အီရှိကာဝါခရိုင်အတွင်းရှိ အာဂါမြို့တွင် ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ဆီးနှင်းများ ၁ ဒသမ ၉၄ မီတာအထိ ကျဆင်းခဲ့သည်။ ဖူကူအိခရိုင် ဖူကူအိမြို့တွင် ဆီးနှင်းများက ၁ ဒသမ ၃၄ မီတာအထိ ကျဆင်းနေသည်။ ယခုကဲ့သို့သောအခြေအနေမှာ ၁၉၈၁ ခုနှစ်နောက်ပိုင်း အထူထပ်ဆုံး အခြေအနေဖြစ်သည်။

မိုးလေဝသဌာနအရာရှိများက ဆီးနှင်းဒဏ်ခံရသော ဒေသနေပြည်သူတို့အား ရေပိုက်များရေမခဲအောင် ကာကွယ်ထားရန်နှင့် အပြင်သို့ထွက်ခြင်းကို ရှောင်ကြဉ်ရန်တိုက်တွန်းထားသည်။ နှင်းထုများကို ရှင်းလင်းသောအခါ ဂရုတစိုက်ဆောင်ရွက်ရန်နှင့် နှင်းတောင်များပြိုကျမည့်အန္တရာယ်ကို သတိထားနေကြရန် အကြံပြုထားသည်။ ဂျပန် ကမ်းရိုးတန်းဒေသတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် လူသုံးဦးသေဆုံးပြီး မော်တော်ကား ရာပေါင်းများစွာ လမ်းများပေါ်တွင် ပိတ်မိနေသည်။

အသက် ၄၀ ဝန်းကျင်ရှိလူတစ်ဦးမှာ ဖော့ကလစ်ဝန်ချီစက်ဖြင့် ဆီးနှင်းများကို ဖယ်ရှားနေစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ ဝန်ချီစက်မှာ နှင်းများဖုံးလွှမ်းနေသော ကုန်းတန်းတစ်ခုမှ ချော်ကျခဲ့ခြင်းဖြစ်သည်။ အခြားနှစ်ဦးမှာ မော်တော်ကားများထဲတွင် ပိတ်မိနေရာမှ ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖူကူအိဒေသတွင် နေထိုင်သူများကို သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ကြန့်ကြာမှုများရှိနိုင်ကြောင်း မိုးလေဝသအရာရှိများက သတိပေးထားသည်။ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်သည်မော်တော်ယာဉ်များကို နှင်းထုထဲမှတူး၍ဖော်ထုတ်လျက်ရှိပြီး လူ ၃၀၀ ကျော်မှာ နှင်းထုထဲတွင် ပိတ်မိနေဆဲဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးအရာရှိများက ပြောသည်။

သယ်ယူပို့ဆောင်ရေးအရာရှိများကလည်း နှင်းတောင်ပြိုကျ၍ ဖြစ် ပေါ်လာမည့် အန္တရာယ်များကို ဒေသနေပြည်သူတို့ကို သတိပေးပြောကြားပြီး နှင်းများကိုဖယ်ရှားရာတွင်လည်း သတိထားဆောင်ရွက်ရန် တိုက်တွန်းထားသည်။

**ဉာဏ်တင်**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် (၂၄) ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးပြုလုပ်

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံးအစည်းအဝေးခန်းမ (၂) တွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၄) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးငွေဝင်း၊ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေး၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ စီးပွား ရေးလုပ်ငန်းရှင်ကိုယ်စားလှယ်၊ ဥပ ဒေပညာရှင်၊ ကျွမ်းကျင်ပညာရှင်နှင့် ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးငွေဝင်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးများကို လစဉ်မပျက်မကွက် ကျင်းပရခြင်းဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ အစည်းအဝေးမှ ချမှတ်သည့်မူဝါဒ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ခြင်း၊ တိုင်းဒေသကြီးအတွင်း မိတ်ဖက်ဌာနဆိုင်ရာများနဲ့ အတူလက်တွဲပူးပေါင်း၍ အသိပညာပေး ဟောပြောခြင်း၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များ၊ ကွင်းဆင်းစစ်ဆေးရာတွင် လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းတင်ခြင်းနဲ့ လိုအပ်ပါက အထက်ဌာနများသို့ တင်ပြပေးလျက်ရှိပြီး တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အနေနှင့် အတိုင်းအတာတစ်ခုအထိ ရောက်ရှိအောင်မြင်နေပြီဖြစ်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသော ဌာနဆိုင်ရာ အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က (၂၄) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးမည့် အချက်များနှင့် ဆုံးဖြတ်ရန်အချက်များ၊ ဗဟိုကော်မတီသို့ တင်ပြရန်အချက် ကိုးချက်နှင့် အတည်ပြုရန်အချက် ခြောက်ချက်၊ ဆောင်ရွက်ရန် အချက် တစ်ချက်နှင့် (၂၃) ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအား ရှင်းလင်းတင်ပြ၍ တက်ရောက်လာသူများက ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ဇန်နဝါရီ ၂၃ ရက်တွင် ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် လောင်းလုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူးက ကျောင်းသားကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရမည်များကို လေ့လာမှတ်သား လိုက်နာရန်မှာကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ အစားအသောက်များကို စားသုံးသူများ ရွေးချယ်ဝယ်ယူ စားသောက်တတ်စေရန်တို့ကို ဟောပြောဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများကလည်း လိုက်နာဆောင်ရွက်သင့်သည်များအား အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၆၉၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ အလားတူ ဖေဖော်ဝါရီ ၁ ရက်တွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇလွန်းကျေးရွာ၊ တလိုင်းတောင်ကျေးရွာတို့ရှိ မူလွန်ကျောင်း များ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် ကသန်းကျေးရွာ၊ တောင်ပို့ကျေးရွာ၊ သဗျာကျေးရွာ အ. မ. ကကျောင်းများ၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**ရွှေဝယ်သား**

# DDPC ညဈေးတွင်ရောင်းချနေသော စားသောက်ဆိုင်လုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီလ ၅ ရက်က ထားဝယ်မြို့၊ DDPC ညဈေးတွင် ရောင်းချနေသော စားသောက်ဆိုင်လုပ်ငန်းရှင်များအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို တိုင်းဒေသကြီးစီမံကိန်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးက စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ စားသောက်ကုန်များထုတ်လုပ်ရာတွင် လိုက်နာရမည့်အချက်များ၊ ရှောင်ရန် ဆောင်ရန်များနှင့် စားသုံးသူပြည်သူများကုန်စည် (သို့) ဝန်ဆောင်မှုနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှု၊ မကျေနပ်မှုများရှိပါက တိုင်ကြားနိုင်ကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံဒေါက်တာဟိန်းမင်းထက်အောင်မှ စားသောက်ကုန်ရောင်းချသူများ လိုက်နာရမည့်ကျင့်ဝတ်များ၊ ဆိုးဆေးနှင့် တာရှည်ခံဓာတုဆေးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ DDPC မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် လေ့လာသူများ စုစုပေါင်း ၁၀၇ ဦး တက်ရောက်ကြပြီး တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ကလောမြို့ ရပ်ကွက်များအတွင်း ကွင်းဆင်း၍ ဈေးကွက်စစ်ဆေးခြင်းများ ဆောင်ရွက်

စားသုံးသူရေးရာ ဦးစီးဌာန၊ အောင်ပန်းမြို့နယ် တာဝန်ခံရုံးမှ ဝန်ထမ်းများသည် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဇန်နဝါရီ ၆ ရက်တွင် ကလောမြို့ရှိ ရပ်ကွက်လေးခုတို့၌ ဈေးကွက်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည်။

အဆိုပါဈေးကွက်စစ်ဆေးခြင်းဆောင်ရွက်ရာတွင်ရပ်ကွက်တွင်း ကုန်စုံဆိုင် ၁၀ ဆိုင်၊ စားသောက်ဆိုင်သုံးဆိုင်၊ ခေါက်ဆွဲလုပ်ငန်းတစ်ခုတို့အား ဝင်ရောက်စစ်ဆေးခဲ့ကြပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသောကုန်စည်များ၊ သက်တမ်းလွန်ကုန်စည်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ကြေညာထားသော ကုန်စည်များရောင်းချမှုမရှိစေရန်နှင့် ဈေးကွက်အတွင်းမှ ဖယ်ရှားရန် ဝန်ခံကတိပြုစေခြင်းများအား ဆောင်ရွက်ခဲ့ကြသည်။ အိမ်တွင်းမှုလုပ်ငန်းများအား ကုန်စည်ထုတ်လုပ်ရာတွင် သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်လိုင်စင်များပြုလုပ်ရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ထုတ်လုပ်ရန်နှင့် ကုန်ပစ္စည်းတစ်ခုတွင် ပါဝင်ရမည့် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအား သိရှိနိုင်ရေး ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ငြိမ်းငြိမ်းထွေး (အောင်ပန်း)**

# သဲအိမ်ကျောင်းစုကျေးရွာ အ–လ–က (ထ–ခွဲ) ကျောင်းတွင် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးပြီး စားသုံးသူ အသိပညာပေးဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်နှင့် ဝန်ထမ်းများသည် ကျောင်းစားသုံးသူရေးရာအဖွဲ့နှင့် ကျောင်းမုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ဖျာပုံမြို့ သဲအိမ်ကျောင်းစုကျေးရွာ အ-လ-က(ထ-ခွဲ) ကျောင်း၏ ကျောင်း မုန့်ဈေးတန်းအား ဖေဖော်ဝါရီ ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူအသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါ ကျောင်းမုန့်ဈေးတန်းတွင် FDA ခွင့်ပြုချက်မပါသော မုန့်များ၊ နိုင်ငံခြားဘာသာဖြင့် ရေးသားထားပြီး မြန်မာစာသားမပါသော အစားအစာများ၊ အညွှန်းအချက်အလက်မပါသည့် မုန့်များ၊ ဓာတုဆိုးဆေးများ အလွန်အကျွံသုံးစွဲထားသော အစားအသောက်များနှင့် သက်တမ်းလွန်မုန့်များ ရောင်းချခြင်းရှိ/မရှိကွင်းဆင်းစစ်ဆေး ခဲ့ပြီး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်တာဝန်ခံက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေပါ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဌာနမှကွင်းဆင်း ဆောင်ရွက်နေမှုအခြေအနေများအား ဟောပြောဆွေးနွေးပါသည်။ ဆက်လက်၍ ဒုတိယမြို့နယ်တာဝန်ခံက FDA မှ တားမြစ်ထားသော အစားအစာများ၊ ဈေးကွက်အတွင်း ရောင်းချနေသော မုန့်ပဲသရေစာများ၊ အလှကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ ပိုးသတ်ဆေး အန္တရာယ်နှင့် ဈေးကွက် အတွင်းရောင်းချနေသော ဓာတုဆိုးဆေး လေးမျိုးအကြောင်းနှင့် သက်တမ်းလွန်မုန့်များ၊ နေရပ်လိပ်စာအပြည့်အစုံမပါရှိသော မုန့်များအား နမူနာပြသ၍ ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဈေးသည်များနှင့် ကျောင်းစားသုံးသူရေးရာအဖွဲ့များ စုစုပေါင်း ၄၇၅ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် တားမြစ်ထားသောကုန်စည် ၆၄၀ မျိုးပါ စီဒီချပ်အားကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# မလေးရှားနိုင်ငံတွင် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ မူဘောင်ချမှတ်ပြီးနောက် လေကြောင်း ခရီးသွားလာသူ သန်းပေါင်းများစွာတို့ ကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိခံစားနိုင်မည်ဖြစ်

မလေးရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ် တတိယသုံးလပတ်ကာလ၌ လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးဆိုင်ရာမူဘောင်ကို ထုတ်ပြန်သွားမည်ဖြစ်ကာ မလေးရှားနိုင်ငံအတွင်း လေကြောင်းခရီးသွားလာသူ သန်းပေါင်းများစွာတို့သည် ကောင်းမွန်သော ဝန်ဆောင်မှုများကို ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။ ဥပမာ လေဆိပ်တွင်ပစ္စည်း ရွေးယူသည့်နေရာများ၊ လေကြောင်း၊ ရထား ဝန်ဆောင်မှုဌာနများ၌ ဝန်စည်စလွယ်များကို အချိန်ပိုမိုလျင်မြန်စွာ ထုတ်ယူနိုင်ခြင်း၊ လေကြောင်းခရီးစဉ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ပါက လျော်ကြေးရရှိနိုင်ခြင်း စသည့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ကြောင်း မလေးရှား လေကြောင်းကော်မရှင်၏ လေကြောင်း အရာထမ်း အကြီးအကဲဖြစ်သူ Mr. AzmirZain က ပြောကြားခဲ့ပါသည်။

အဆိုပါလေကြောင်းဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာမူဘောင်ကို ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် Klia2 လေဆိပ်တို့တွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အခြားလေဆိပ်များတွင် ၂၀၁၉ ခုနှစ် နှောင်းပိုင်းခန့်မှစတင်၍ အကောင်အထည်ဖော်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းမူဘောင်အရ လေကြောင်းလုပ်ငန်းလုပ်ကိုင်သူများသည် စားသုံးသူများအား လေကြောင်း ဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများကို အနိမ့်ဆုံးအဆင့်အတန်း ရရှိခံစားနိုင်စေရန် အာမခံပေးရမည်ဖြစ်ပါသည်။ မလေးရှားလေကြောင်း ကော်မရှင်သည် မူဘောင်ကို လိုက်နာကျင့်သုံးမှုရှိမရှိ ခါတ်လှေခါးများ၊ ရွေ့လျား လမ်းလျှောက်စက်များ၊ တန်းစီစောင့်ဆိုင်းရသော အချိန်များနှင့် ဝန်စည်စလှယ်များကို ထိန်းသိမ်းကိုင်တွယ်မှုများနှင့် လေကြောင်းခရီးစဉ်နှောင့်နှေးမှုများအတွက် လျော်ကြေးပေးခြင်းတို့ကို ဝန်ထမ်းများမှကိုယ်တိုင် ပုံမှန်စစ်ဆေး ဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ပစ္စည်းများဖြင့်အလိုအလျောက်တိုင်းတာသည့် နည်းလမ်းများဖြင့်လည်း စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ မလေးရှားနိုင်ငံတွင် မလေးရှားလေကြောင်းဆိုင်ရာ စားသုံးသူ အကာအကွယ်ပေးရေး ကျင့်ဝတ်စည်းမျဉ်းကို ချမှတ်ထားပြီး အဆိုပါစည်းမျဉ်းအရ စားသုံးသူများသည် လေကြောင်း ခရီးသွားလာရာတွင် လေဆိပ်များကို အသုံးပြုရာ၌ စားသုံးသူဆိုင်ရာ အခွင့်အရေးများနှင့် အကျိုးကျေးဇူးများကိုရရှိခံစားနိုင်မည်ဖြစ်ပါသည်။

Mr. AzmirZain က လေကြောင်းခရီးသွားလာမှုတွင် လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါမှုနှင့် လေကြောင်းလိုင်းဝန်ဆောင်မှုကို အသုံးပြုရုံသာမဟုတ်ဘဲ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြုမှုလည်း ပါဝင်ကြောင်း၊ လေကြောင်းခရီးသည်များအနေဖြင့် လေဆိပ်တွင် ခရီးသည် ကားပေါ်မှဆင်းသည့် အချိန်မှစတင်၍ လေယာဉ်ပေါ်သို့ တက်ရောက်ပြီး လေယာဉ်ခရီးစဉ်တွင် စီးနင်းလိုက်ပါသည့်အချိန်အထိ ကောင်းမွန်သော ဝန်ဆောင်မှုကို ရရှိသင့်ကြောင်းတို့ကို ပြောကြားခဲ့ပါသည်။ သို့ဖြစ်၍ လေဆိပ်တွင်ပေးအပ်နေသော ဝန်ဆောင်မှုလုပ်ငန်းများဆိုရာတွင် check-in counter၊ လူဝင်မှုကြီးကြပ်ရေးတွင်တန်းစီမှု၊ အကောက်ခွန်စစ်ဆေးမှု၊ သန့်စင်ခန်း၊ လေကြောင်းခရီးစဉ်သတင်းအချက်အလက်တွင် ဖော်ပြချက်များနှင့် လုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံး ပါဝင်ပါသည်။

Mr.Azmir က ၂၀၁၈ ခုနှစ်တွင် မလေးရှားလေဆိပ်များ၌ ကောင်းမွန်သောဝန်ဆောင်မှုများ ရရှိစေရန် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လေဆိပ်တာဝန်ရှိသူများသည် အဓိကစွမ်းဆောင်နိုင်မှုအညွှန်းကိန်း (၂၀)ကို အောင်မြင်စေရန် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သန့်စင်ခန်းသန့်ရှင်းမှု၊ လက်မှတ်ရေးထိုးရာတွင် ရှင်းလင်းလွယ်ကူမှု၊ ရွေ့လျားလမ်းလျှောက်စက်များ၊ ခါတ်လှေခါးများ၊ လေယာဉ်တံတားများ သန့်ရှင်းမှုနှင့်လုံခြုံရေးအရ တန်းစီသောနေရာများ အရည်အသွေးပြည့်ဝမှုတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အကယ်၍ လေဆိပ်လုပ်ငန်းလုပ်ကိုင်သူများသည် ဝန်ဆောင်မှုကို ရည်မှန်းချက်ပြည့်မီအောင် ပေးအပ်နိုင်ခြင်းမရှိပါက လေဆိပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လေယာဉ်ပညာဆိုင်ရာဝင်ငွေများထဲမှ ၅ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့အနေဖြင့် စားသုံးသူများကိုလေဆိပ်များတွင် ဝန်ဆောင်မှုပေးအပ်ရာ၌ ကောင်းမွန် ပျော်ရွှင်စေသော ခရီးစဉ်ဖြစ်စေရန် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို ထိန်းသိမ်းဆောင်ရွက်ရန်လည်း တာဝန်ရှိမည်ဖြစ်ပါသည်။

လေကြောင်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ မူဘောင်ကို ရေးဆွဲရာတွင် လေကြောင်းလိုင်းများ၊ လေဆိပ် လုပ်ငန်းလုပ်ကိုင်သူများ၊ မြေပြင်တွင် ထိန်းသိမ်းကိုင်တွယ် ဆောင်ရွက်သူများနှင့် စားသုံးသူများပါဝင်၍ ဆွေးနွေးတိုင်ပင်ကာ ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ မလေးရှားလေကြောင်း ကော်မရှင်သည် လေဆိပ်အဖိုးအခများ သတ်မှတ်ခြင်းလုပ်ငန်းများ၊ လိုင်စင်ပေးမှုများနှင့် လေကြောင်းအခွင့်အရေး ခွဲဝေချထားမှုလုပ်ငန်းများ စသည့်နယ်ပယ်တို့တွင် နိုင်ငံတကာအသိအမှတ်ပြု နည်းလမ်းများကို ကျင့်သုံးရန်ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် စားသုံးသူများနှင့် လေကြောင်းလုပ်ငန်း တစ်ခုလုံးကို အကျိုးကျေးဇူးဖြစ်ထွန်းစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မလေးရှားနိုင်ငံ၏ လေကြောင်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ မူဘောင်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ပထမဆုံးအကြိမ် ကြေညာခဲ့ပြီး အကောင်အထည်ဖော်သည့် လုပ်ငန်းများကို မလေးရှားနိုင်ငံအတွင်းရှိကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လေဆိပ်ပေါင်း ၄၂ ခုတို့တွင် နှစ်ရှည်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မလေးရှားလေကြောင်း ကော်မရှင်က မလေးရှားနိုင်ငံ၏ လေကြောင်းလုပ်ငန်းသည် လက်ရှိအချိန်ကာလအထိ ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိလာခဲ့ပြီးဖြစ်သဖြင့် ရေရှည်ကာလတွင် လုပ်ငန်း ထိရောက်အောင်မြင်မှုရှိစေရန် လေကြောင်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ မူဘောင်ရေးဆွဲခြင်းကဲ့သို့သော နည်းလမ်းအသစ်များကို ရှာဖွေဖော်ထုတ်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**မျိုးမျိုးထိုက် (စားသုံးသူ)**

# ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကျင်းပ

ယင်းမာပင်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက်က ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖေသန်းဝင်းက ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း စားသုံးသူအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပညာပေးခြင်း၊ ဈေးကွက်စောင့်ကြည့်ခြင်းလုပ်ငန်းများကို မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ စီမံချက်ပါ လျာထားသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မိမိတို့ဌာနအနေဖြင့် စားသုံးသူအခွင့်အရေးနှင့် ပတ်သက်၍ ကုန်စည်သာမက ဝန်ဆောင်မှုလုပ်ငန်းများ၏ အာမခံချက်နှင့်စပ်လျဉ်း၍ အသိပညာပေး ဆောင်ရွက်မှုများ၊ စားသုံးသူများအား ဝန်ဆောင်မှုပေးရန် ပျက်ကွက်မှုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် ယင်းအတွက် လျော်ကြေးတောင်းဆိုနိုင်မှု၊ အာမခံထားသော အချိန်ကာလအတွင်း သဘောတူညီထားသော ဝန်ဆောင်မှုကို မရရှိခဲ့လျှင်လည်း စားသုံးသူမှ ယင်း၏ နစ်နာမှုအတွက် ကုစားခွင့် တောင်းဆိုနိုင်မှုများ၊ အာမခံချက်ပေးထားသည့်အတိုင်း မရရှိလျှင် ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (CICC) သို့ အထောက်အထားများနှင့်အတူ တိုင်ကြားနိုင်ကြောင်းနှင့် CICC ရုံးဖွင့်လှစ်ထားသော်လည်း ယနေ့ထိ တစ်စုံတစ်ရာ တိုင်ကြားမှုလက်ခံရရှိခြင်း မရှိသေးသဖြင့် စားသုံးသူများ အခွင့်အရေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အာမခံချက်နှင့် စပ်လျဉ်း၍ အခွင့်အရေးများကို ပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျယ်တဝင့်ဆွေးနွေး တင်ပြခဲ့သည်။

ထို့နောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသော အခွင့်အရေးများ စားသုံးသူများ ပိုမိုသိရှိနိုင်ရန် ပညာပေး ဆောင်ရွက်ခြင်း၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်တို့နှင့် ပူးပေါင်း၍ စားသောက်ဆိုင်များတွင် သန့်ရှင်းသပ်ရပ်မှုရှိပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ရောင်းချရေးကိုလည်း စစ်ဆေးကြပ်မတ်ပေးရန် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ခိုင်မို့မို့(မြင်းမူ)**

# မကွေးမြို့ အမှတ်(၅)စက်မှုသင်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ စီစဉ်မှုဖြင့် ဇန်နဝါရီလ ၇ ရက်တွင် မကွေးမြို့၊ အမှတ်(၅)စက်မှုသင်တန်းကျောင်းသို့ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ရာ အဆိုပါ သင်တန်းကျောင်းမှ သင်တန်းဆရာ/ဆရာမနှင့် သင်တန်းသူ၊ သင်တန်းသား စုစုပေါင်း ၂၀၄ ဦး တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အမှတ်(၅)စက်မှုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသန့်စင်က အဖွင့်အမှာစကားပြောကြားပြီး မကွေးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်အေးအေးမိုးက ဌာန၏လုပ်ငန်းတာဝန်များ၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ၊ စားသုံးသူအကာအကွယ်ပေးရေးအတွက် အသိပညာပေးခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်နိုင်မှု အခြေအနေများ၊ စားသုံးသူတို့အတွက် အခြေခံစားသုံးသူအခွင့်အရေး(၈)ချက်၊ စံချိန်စံညွှန်းမီ၊ အရည်အသွေးမီထုတ်ပိုးမှုစနစ်တွင် ပါဝင်ရမည့်အချက်များ ၊ စားသုံးသူတို့နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် Consumer Information Complaint Center ဖွင့်လှစ်ထားရှိနိုင်မှုနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ ဖြေရှင်း ဆောင်ရွက်ပေးနိုင်မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဝေဠုအောင်က ဝန်ဆောင်မှုကဏ္ဍနှင့် ပတ်သက်၍ ဆောက်လုပ်ရေးနှင့်အိမ်ပြင်ဆင်ခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ တိုင်ကြားချက်များ၊ စားသောက်ဆိုင်၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ အဆင့်မြင့် ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍများအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ ထိုသင်တန်းကျောင်းသည် ၂၀၁၈ လွတ်လပ်သော အာဆီယံစီးပွားရေးအသိုက်အဝန်းအရ သင်တန်းကျောင်းမှ သင်တန်းဆင်းကျောင်းသား/ကျောင်းသူများသည် ကျွမ်းကျင်လုပ်သားများအနေဖြင့် သွားရောက်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းရရှိနိုင်သည့်အပြင် ကိုရီးယားနိုင်ငံမှလည်း ကျွမ်းကျင်လုပ်သားများ တိုက်ရိုက်ရွေးချယ်ခေါ်ယူနေလျက်ရှိပြီး ရန်ကုန်၊ မန္တလေး မြို့ကြီးများရှိ Show Room များနှင့် Service Center များတွင်လည်း သွားရောက် လုပ်ကိုင်ဆောင်ရွက်နေသည့်အတွက် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ After Sale Service ဝန်ဆောင်မှုတို့ကို ပိုမိုသိရှိနားလည်နိုင်စေရန်ရည်ရွယ်၍ သွားရောက်အသိပညာပေးခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# စားသုံးသူအကာအကွယ်ပေးရေးအတွက် လူထုဆက်သွယ်ရေးလုပ်ငန်းစဉ်များ

# ထိရောက်စွာ ဆောင်ရွက်နိုင်ရေး နည်းလမ်းများ

| ဒေါက်တာဝေရီလင်း (DOC/AMOC) |

ယနေ့ခေတ်တွင် လူထုအသိပညာမြှင့်တင်ရေး Public Awareness Raising နှင့် ပွင့်လင်းမြင်သာမှုရှိရေး Transparency အတွက် လူထုဆက်သွယ်ရေးနည်းလမ်းများ Public Communication ကိုအသုံးပြု၍မှန်ကန်သည့် အသိပညာ၊ သတင်းအချက်အလက်များထုတ်ပြန်ပေးရေးသည် အလွန်အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် လူထုအသိပညာမြှင့်တင်ရေးအစီအစဉ်များ စနစ်တကျ ဗျူဟာမြောက် ထိရောက်စွာဆောင်ရွက်နိုင်ရန်လူထုဆက်သွယ်ရေး အစီအမံရေးဆွဲခြင်းနည်းလမ်းများအကြောင်း ဝေမျှလိုပါသည်။

လူထုဆက်သွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရှေ့ဦးစွာ ကောင်းမွန်မှန်ကန်သည့် ရည်ရွယ်ချက်ထားရှိရန် လိုအပ်ပါသည်။ ထို့အပြင် လုပ်ငန်းစဉ်ထိရောက်စေရန် လူထုဆက်သွယ်ရေး အစီအမံရေးဆွဲရန်လည်း လိုအပ်ပါသည်။ ထိုအစီအမံရေးဆွဲနိုင်ရေး ပြင်ဆင်ရာတွင် ထည့်သွင်းစဉ်းစားရမည့် မူဘောင်အတွင်းပါဝင်သော အချက်ငါးချက်မှာ (၁)လက်ရှိအခြေအနေကိုအကဲဖြတ်ခြင်း၊ (၂) ရည်စူးသည့်ပရိသတ်၏ အခြေအနေကိုအကဲဖြတ်ခြင်း၊ (၃)အဆိုပါ ပရိသတ်အတွက်ပေးမည့် အချက်အလက်(Message) ပြင်ဆင်ခြင်း၊ (၄)စောင့်ကြည့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းနှင့် (၅)ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးခြင်းတို့ဖြစ်ပါသည်။


ပထမအဆင့်အနေနှင့် လက်ရှိအခြေအနေကို အကဲဖြတ်ရာတွင် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ထိုသို့ဆောင်ရွက်ရန် အမှန်တကယ်လိုအပ်မှု ရှိ-မရှိ ရှေးဦးစွာဆန်းစစ်ရပါမည်။ တစ်ခါတစ်ရံတွင် နည်းပညာရှုထောင့်မှကြည့်ပါက ဘေးအန္တရာယ်မှာ ပြောပလောက်အောင်ကြီးမားမှုမရှိသော်လည်း သွေးထိုးခံရသည့် သာမန်ပြည်သူများမှာ သေချာစွာ သိနားလည်နိုင်စွမ်းမရှိ၍သောကဖြင့် စိုးရိမ်ပူပန်မှုများကြောင့် စီးပွားရေး၊ နိုင်ငံရေးများကိုကိုင်လှုပ်သည်အထိ ပြဿနာကြီးထွားလေ့ရှိပါသည်။ ယင်းမှာနိုင်ငံတိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသည့်အတွက် ကိုင်တွယ်ဖြေရှင်းရာတွင် ဘက်လိုက်မှုမရှိဘဲ နည်းပညာအသုံးချ၍ သိပ္ပံနည်းကျဖြေရှင်းရေး Science-based decision making ဆောင်ရွက်ရန်နိုင်ငံတကာမှ ပညာရှင်များက ထောက်ခံ အကြံပြုထားပါသည်။ ထို့ကြောင့် ပြည်သူလူထုမှလည်း သက်ဆိုင်ရာအာဏာပိုင်များမှ ထုတ်ပြန်သည့် အသိပညာ၊ သတင်းအချက်အလက်များကိုသာ နားထောင်၍ ထုတ်ပြန်အသိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဆိုပါက သက်ဆိုင်မှု မရှိသောပြင်ပအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၏ သိပ္ပံနည်းကျမဟုတ်သော အချက်အလက်များဖြင့် သွေးထိုးလှုံ့ဆော်မှု အန္တရာယ်မှရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

လိုအပ်မှုရှိ၍ လူထုဆက်သွယ်ရေးအစီအမံ ရေးဆွဲဆောင်ရွက်မည်ဆိုပါက မည်သည့်အကြောင်းအရာအတွက်ဆောင်ရွက်မည်၊ မည်သူများနှင့်ဆောင်ရွက်မည်၊ မည်သည့်နေရာတွင်၊ မည်သည့်အတွက်ကြောင့်၊ မည်သည့်အချိန်တွင်၊ မည်ကဲ့သို့လူထုဆက်သွယ်ရေးဆောင်ရွက်မည်ဆိုသည့် အချက်များကို စတင်စဉ်းစားရန်လိုအပ်ပါသည်။

ရည်စူးသည့်ပရိသတ်၏ အခြေအနေကိုအကဲဖြတ်ရာတွင် မည်သူနှင့် လူထုဆက်သွယ်ရေးအစီအစဉ် ဆောင်ရွက်မည်ဆိုသည်ကိုလည်းကောင်း၊ မည်ကဲ့သို့သောနည်းလမ်းဖြင့် ဆောင်ရွက်ပါက ပရိသတ်ထံအသိပညာ၊ သတင်းအချက်အလက်များ messageရောက်ရှိနိုင်မည်ဆိုသည်ကိုလည်းကောင်း၊ အဆိုပါရည်စူးသည့်ပရိသတ်အတွက် မည်သည့်အချက်များသည် အရေးကြီး၍မည်သည့်အရာများကို တန်ဖိုးထားတတ်သည်ကိုလည်းကောင်း၊ ယင်းတို့ သွားလာလုပ်ကိုင်လေ့ရှိသည့် အလေ့အထများကိုလည်းကောင်း သိရှိရန်လိုအပ်ပါသည်။ ထို့အပြင် ပရိသတ်၏နောက်ခံအချက်အလက်များဖြစ်သည့် နေထိုင်သည့်ဒေသ၊ နေထိုင်မှုပုံစံ၊ လစဉ်ဝင်ငွေနှင့်အလုပ်အကိုင်၊ ပညာရေးအခြေအနေ၊ ကိုးကွယ်ယုံကြည်မှု၊ အခြားအလေ့အထ များ၊ ယင်းတို့၏စိုးရိမ်ပူပန်မှုများနှင့် ယင်းတို့ဒေသတွင် အသုံးပြုလေ့ရှိသည့် လူထုဆက်သွယ်ရေးနည်းလမ်းများကို သိရှိရန်လိုအပ်ပါသည်။

လူထုနှင့်ပတ်သက်၍ အလွှာလေးမျိုးခွဲခြားထားရာတွင် ဗဟိုအပိုင်းတွင် ထိခိုက်ခံရသည့်လူထုအလွှာ၊ ဗဟိုအပိုင်း၏အပြင်အလွှာတွင် ထိခိုက်ခံရသည့် လူထုကိုအကူအညီပေးမည့် လူထုအလွှာ (ဥပမာ ကျန်းမာရေးဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ အပြင်အလွှာတွင် ထိခိုက်ခံရသည့်အခြားသော လူထုအလွှာ ဥပမာ-အစားအစာထုတ်လုပ်သူများ (အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးပတ်သက်ပါက)နှင့် အပြင်ဆုံးအလွှာတွင် အခြားအစိုးရဘက်မှ တာဝန်ရှိသူများဖြစ်ပါသည်။ ထိုသို့လူထုအလွှာများကို ခွဲခြားသိမြင်သည့်အတွက်ထောက်ပံ့ကူညီမှုများ ပေးအပ်ရာတွင်လည်းကောင်း၊ အသိပညာ(သို့မဟုတ်) သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးရာတွင်လည်းကောင်း လွယ်ကူစေပါသည်။

**ပုံ(၁) လူထုအလွှာ(၄)မျိုး**




ပရိသတ်အတွက်ပေးမည့် အချက်အလက်(Message)ပြင်ဆင်ရာတွင် အဆင့်(၃)ဆင့်ရှိ၍ (ဥပမာအားဖြင့် အစာအဆိပ်သင့်ခြင်းဖြစ်ပွားခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ခြင်းတို့ ဖြစ်ပွားပါက) လူထုသို့ဘေးအန္တရာယ်အကြောင်းကနဦး အသိပေးခြင်း၊ ဘေးအန္တရာယ်နှင့်လူ(သို့မဟုတ်)အစားအစာအကြား ဆက်စပ်မှု နှင့် ဘေးအန္တရာယ်လျော့ပါးရေးဆောင်ရွက်လျက်ရှိသော အစီအမံများကိုပြည်သူအား သတင်းပို့ခြင်းတို့ဖြစ်ပါသည်။ ထိုသို့အဆင့် ခွဲခြားထားရခြင်းမှာ နှောင့်နှေးစေလို၍မဟုတ်ဘဲ ဘေးအန္တရာယ်နှင့် ပတ်သက်၍တိတိကျကျသိရှိရန်၊ အမှားမခံသည့်ကိစ္စဖြစ်၍ နိုင်ငံတကာမှ ပညာရှင်များက တညီတစ်ညွတ်တည်း ထောက်ခံအကြံပြုထားသည့် သိပ္ပံနည်းကျဖြေရှင်းရေး Science-based decision making ဆောင်ရွက်ရန် သင့်တော်သည့်အချိန်တစ်ခုယူရ၍ဖြစ်ပါသည်။ တစ်ဘက်တွင်လည်း လူထုအားကနဦးအသိပေးခြင်းကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခြင်းနှင့် တာဝန်ရှိသူများဘက်မှလက်ရှိအချိန်အထိ ဆောင်ရွက်ချက်များ အသိပေးရန်၊ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိအသုံးပြုနိုင်သည့်နည်းပညာတွင် အကန့်အသတ်ရှိသည့် ပြဿနာများရှိပါကလည်း ပွင့်လင်းမြင်သာစွာ အသိပေး၍ တစ်ပြိုင်နက်တည်းတွင်ပင် ယင်းဘေးအန္တရာယ်အား ရှောင်ရှားနိုင်မည့်နည်းလမ်းများကို ထိခိုက်မှုတတ်နိုင်သမျှ လျော့ပါးရေးအတွက် ပြည်သူလူထုအများစုနားလည်လွယ်သည့် ပြေပြစ်တိကျသော စကားလုံး၊ အချက်အလက်များအသုံးပြု၍ရှင်းလင်းထိရောက်စွာ ရေးသားထုတ်လွှင့်ပေးရန်ဖြစ်ပါသည်။ ပြည်သူလူထုဘက်မှလည်း သက်ဆိုင်ရာအာဏာပိုင်များ ထုတ်ပြန်သည့် သိပ္ပံ နည်းကျဆန်းစစ်ထုတ်ပြန်သည့် အသိပညာ၊ သတင်းအချက်အလက်များ messageများကို ယုံကြည်တန်ဖိုးထားလိုက်နာကြရန် လိုအပ်ပါသည်။

လူထုဆက်သွယ်ရေးနည်းလမ်းများကို ပုံ(၂)တွင် ဖော်ပြထားပါသည်။ အချို့နည်းလမ်းများမှာ ကုန်ကျစရိတ်သက်သာပြီး လူအများစုကို လွှမ်းခြုံနိုင်သော နည်းလမ်းများဖြစ်ပြီး ဥပမာအားဖြင့် ရေဒီယို၊ ရုပ်မြင်သံကြားတို့ဖြစ်ပါသည်။ သို့ရာတွင် အသိပညာ၊ သတင်းအချက်အလက် ပေးသူဘက်မှ တစ်ဘက်သက်ပေးပြီး တိုက်ရိုက် အမေးအဖြေပြုလုပ်ရန်ကိုမူ အခြားဆက်သွယ်ရေးနည်းလမ်းတစ်ခု (ဥပမာ- telephone hot line)ထပ်မံအသုံးပြုမှသာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အကယ်၍ အီးလ်မေးအသုံးပြုပါက အီးလ်မေး လိပ်စာရှိသူများကိုသာ ဆက်သွယ်နိုင်ပြီး အီးလ်မေးအသုံးမပြုသည့် အခြားလူထုများမှာ အကျိုးကျေးဇူးမရရှိနိုင်ပါ။ ထို့ကြောင့် နည်းလမ်းရွေးချယ်ရာတွင် အသုံးပြုမည့် ငွေကြေးအင်အား၊ ရည်ရွယ်သည့် လူပရိသတ်အရေအတွက်ကို လွှမ်းခြုံနိုင်မှု၊ လူထုမှရရှိလက်လှမ်း မီနိုင်သည့်ဆက်သွယ်ရေး နည်းလမ်းဖြစ်ရေးစသည့် အချက်များအပေါ် မူတည်၍ ရွေးချယ်အသုံးပြုသင့်ပါသည်။

**ပုံ(၂) လူထုဆက်သွယ်ရေးနည်းလမ်းများ**




ဝေမျှခဲ့သော အသိပညာနှင့်သတင်းအချက်အလက်များကို လို အပ်သော ပရိသတ်ထံအမှန်တကယ် ရောက်ရှိမှုရှိ-မရှိသိနိုင်ရန် စောင့်ကြည့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါပရိသတ်အတွက် အသုံးမတည့်ပါက အမှန်တကယ်လိုအပ်သောအသိပညာ၊ သတင်းအချက်အလက်သို့ ပြောင်းလဲ၍လည်းကောင်း၊ ထိုအသိပညာ၊ သတင်းအချက်အလက်တို့ကို အခြားအမှန်တကယ် လိုအပ်သည့်ပရိသတ်သို့ ပြောင်း၍ဝေမျှရန်လိုအပ်ပါသည်။ သတင်းအချက်အလက်အသိပညာဖြန့်ဝေ ခြင်းသည် တစ်ခါတစ်ရံ backfireဖြစ်တတ်၍ အထူးသတိထားရန် လိုအပ်ရာ Communication ဆောင်ရွက်မှု၏ ထိရောက်မှု ရှိ-မရှိကို စစ်တမ်းကောက်ယူခြင်းဖြင့် သိနိုင်ပါသည်။ ဥပမာအားဖြင့် အစားအစာညစ်ညမ်းစေသည့် အရင်းအမြစ်သုံးမျိုးဖြစ်သည့် အနုဇီဝပိုးများကြောင့် ညစ်ညမ်းခြင်း(Microbiological Hazard)၊ ဓာတုပစ္စည်းများကြောင့် ညစ်ညမ်းခြင်း (Chemical Hazards)၊ မလိုလားအပ်သော ရုပ်ဝတ္ထုများကြောင့် ညစ်ညမ်းခြင်း(Physical Hazards)များတွင် ညစ်ညမ်းမှုအတော်များများသည် ကိုင်တွယ်သူတို့၏ မမှန်ကန်သော ကျင့်စဉ်များကြောင့်ဖြစ်ပွား၍ အဆိုပါကျင့်စဉ်များကို ပြန်လည်တည့်မတ်နိုင်ပါက ညစ်ညမ်းမှုများကိုထိန်းချုပ်နိုင်ပါသည်။ ထို့ကြောင့် ထိုင်းနိုင်ငံ၊ ဗန်ကောက်တွင် လမ်းဘေးအစားအစာရောင်းချသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး (Personal hygiene) နှင့် လမ်းဘေး အစားအစာဆိုင်ရာ ကိုင်တွယ်မှုကျင့်စဉ်ကောင်း Good handling practices ကို အခမဲ့သင်ကြားပေးပြီးနောက် လက်အိတ်စွပ်ခြင်း၊ ခေါင်းစည်းနှင့် Apronတို့ကိုဝတ်ဆင်၍ ရောင်းချစေရာ အရောင်းရာခိုင်နှုန်း ၂၀ ခန့် တက်လာကြောင်းကို စစ်တမ်းကောက်ယူခြင်းဖြင့် သိရှိခဲ့ကြောင်း FAO နှင့် ဗန်ကောက်မြို့ အာဏာပိုင်များဆောင်ရွက်သည့် လေ့လာချက်စစ်တမ်းတွင် ဖော်ပြထားပါသည်။ ယင်းသည် ဥပမာတစ်ခုသာဖြစ်၍ သက်ဆိုင်ရာနယ်ပယ်များအလိုက် သင့်တော်သည့်စောင့်ကြည့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို တီထွင်အသုံးချနိုင်ပါသည်။

စာမျက်နှာ (၃၁) ➤

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

| သန်းသန်းနိုင် |

**ယခင်တစ်ပတ်မှအဆက်**

**နိုင်ငံနယ်စပ်ဂိတ် ကျန်းမာရေးလိုင်စင်ကြီးကြပ်ရေးနည်းဥပဒေ**

**အပိုင်း၁-အထွေထွေ**

၁။ နိုင်ငံနယ်စပ်ဂိတ်ကျန်းမာရေးလိုင်စင် ထုတ်ပေးသည့်လုပ်ငန်းများ ပိုမိုစည်းစနစ်ကျစေရန်၊ နယ်စပ်ဂိတ်များတွင် ကျန်းမာရေးဆိုင်ရာ ကြီးကြပ်မှုများ ပိုမိုလုပ်ကိုင်နိုင်ရန်၊ နယ်စပ်ဝင်ထွက်သွားလာသူများ ကျန်းမာစေရန်၊ နယ်စပ်ဂိတ်များ၏ ကျန်းမာရေးလုံခြုံစိတ်ချမှုရှိစေရန်၊ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ အုပ်ချုပ်ရေးဌာနလိုင်စင်ထုတ်ပေးရေးဥပဒေ)၊ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ သွင်းကုန်ပို့ကုန် ကုန်ပစ္စည်း ပိုးမွှားကင်းရှင်းရေးဥပဒေ)နှင့် နည်းဥပဒေ၊ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ စားသောက်ကုန်လုံခြုံရေးဥပဒေ) နှင့် နည်းဥပဒေ၊ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးစက်ရောဂါ ကာကွယ်တားဆီးရေးဥပဒေ)၊ (အများပိုင်နေရာများ ကျန်းမာရေးကြီးကြပ်မှုနည်းဥပဒေ)နှင့် စည်းမျဉ်းစည်းကမ်း၊ (အရည်အချင်းနှင့် ပိုးမွှားကင်းရှင်းရေးကဏ္ဍလုပ်ငန်းလိုင်စင်ကြီးကြပ်ရေးစည်းမျဉ်း)၊ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်ဂိတ်ဝင်ထွက်မှု ကျန်းမာရေးကြီးကြပ်မှုစည်းမျဉ်း) စသည့်ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ၊ ဤစည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်သည်။

၂။ ဤစည်းမျဉ်းသည် နိုင်ငံတော်နယ်စပ်ဂိတ်များတွင် စားသောက်ကုန်ထုတ်လုပ်မှု၊ ရောင်းချမှု (ဤတွင် ယာဉ်နှင့် လည်ရောင်းသောစားသောက်ကုန်များကိုလည်း ဆိုလိုသည်။)၊ စားသောက်ဆိုင်၊ အအေးဆိုင်၊ အများပိုင်နေရာများ ကြီးကြပ်မှုလုပ်ငန်း၊ တင်သွင်းတင်ပို့ကုန် သိုလှောင်သည့်နေရာများကို လုပ်ကိုင်သည့် ကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကလုပ်ငန်းရှင် (အောက်တွင်လုပ်ငန်းရှင်ဟု အတိုကောက်ခေါ် ဆိုမည်။) တို့ ပါဝင်သည်။

၃။ လုပ်ငန်းရှင်များ လုပ်ငန်းမလုပ်မီဒေသတွင်း ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနတွင် နိုင်ငံနယ်စပ်ဂိတ် ကျန်းမာရေးလိုင်စင် (အောက်တွင်ကျန်းမာရေးလိုင်စင်ဟု အတိုကောက်ခေါ် ဆိုမည်) လျှောက်ရမည်။ (ကျန်းမာရေးလိုင်စင်) ရရှိထားပါက အောက်တွင် လုပ်ငန်းများ၊ ဝန်ဆောင်မှုများကို လုပ်ကိုင်နိုင်သည်။ ထို့အတူ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန၏ ကြီးကြပ်မှုကိုလက်ခံကာ၊ ကျန်းမာရေး တာဝန်ယူမှုများကို ထမ်းဆောင်ရမည်။

၄။ နိုင်ငံတော်အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနချုပ်ရုံး (အောက်တွင် နိုင်ငံတော်အရည်အချင်းစစ်ဆေးရေးဌာနချုပ်ဟု အတိုကောက်ခေါ် ဆိုမည်။)ဖြစ်ပြီး တစ်နိုင်ငံလုံး၏ တင်ပို့သည့် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူသည်။ နိုင်ငံတော် အရည်အချင်းစစ်ဆေးရေးဌာနချုပ်သည် အောက်ခြေတွင်သွင်းကုန်၊ ပို့ကုန် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန (အောက်တွင်ပိုးမွှားကင်းရှင်းရေးဌာနဟု အတိုကောက်ခေါ် ဆိုမည်။)ဖြစ်ပြီး မိမိဒေသအတွင်းရှိ ကျန်းမာရေးလိုင်စင်ရ လုပ်ငန်းရှင်များကို ကြီးကြပ်တာဝန်ယူလုပ်ကိုင်သွားရမည်။

၅။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန၏ ကျန်းမာရေးလိုင်စင်ထုတ်ပေးသည့်လုပ်ငန်းများမှာ ဥပဒေနှင့် ညီညွတ်ရမည် ဖြစ်သလို၊ လုပ်ကိုင်ခွင့်၊ လုပ်ကိုင်နိုင်သည့်ဧရိယာ၊ အချက်အလက်၊ စနစ်တို့ကို သတ်မှတ်ရမည်။ ထို့အတူ အတိအလင်း၊ တရားမျှတ၊ သမာသမတ်ကျ၊ အများပြည်သူလွယ်ကူစေရေးမူကို စွဲကိုင်ထားရမည်။

၆။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနမှ ကျန်းမာရေးလိုင်စင်ရလုပ်ငန်းရှင်များကို ကြီးကြပ်ရမည်။ ထို့အတူ ကျန်းမာရေးလိုင်စင်သတင်းအချက်အလက်မှတ်တမ်းတင်ခြင်း၊ စာရင်းအင်းလုပ်ငန်းနှင့် လိုင်စင် ထုတ်ပေးမှုများကို အများသိရန်ကြေညာရမည်။

၇။ မည်သည့်ဌာန၊ မည်သည့်လူမဆို ကျန်းမာရေးလိုင်စင်ရလုပ်ငန်းရှင်များ၏ လုပ်ငန်းကိုကြီးကြပ်ပိုင်ခွင့် ရှိသည်။ ထို့အတူ ဥပဒေချိုးဖောက်မှုများကိုလည်းတိုင်ကြားနိုင်သည်။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေး ဌာနအနေနှင့် တိုင်ကြားမှုမှန်ကန်မှုရှိမရှိ စိစစ်ကာ၊ ဖြစ်ဒဏ်ချသွားရမည်။

**အပိုင်း၂-ကျန်းမာရေးတောင်းဆိုချက်**

၈။ ဤစည်းမျဉ်းသည် နိုင်ငံတော်နယ်စပ်ဂိတ်များတွင် စားသောက်ကုန်ထုတ်လုပ်မှု၊ ရောင်းချမှု (ဤတွင် ယာဉ်နှင့်လည်ရောင်းသောစားသောက်ကုန်များကိုလည်း ဆိုလိုသည်။) စားသောက်ဆိုင်၊ အအေးဆိုင်တို့မှာ အောက်ပါအချက်များနှင့် ညီညွတ်ရမည်။

(၁) ထုတ်လုပ်သည့်စားသောက်ကုန်အမျိုးအစားနှင့် ကိုက်ညီသောအချက်အလက်များ ရှိရမည်ဖြစ်သလို၊ အရေအတွက်နှင့် ကိုက်ညီသောကုန်ကြမ်းများ၊ အချောကိုင်စားသောက်ကုန်များ၊ ထုပ်ပိုးမှုများ၊ သိုလှောင်မှုများ၊ ရောင်းချမှုများလုပ်ကိုင်သည့်နေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရမည်။ ထို့အတူ အဆိပ်ရှိသော၊ အန္တရာယ်ရှိသော၊ ညစ်ညမ်းမှုများဖြစ်နိုင်သော နေရာများနှင့် ဝေးရမည်။

(၂) ထုတ်လုပ်သည့် စားသောက်ကုန်အမျိုးအစားနှင့် ကိုက်ညီသောအရေအတွက်နှင့်ကိုက်ညီသော အချက်အလက်များ ရှိရမည်။ ထို့အတူ ပိုးသတ်ခြင်း၊ အကျီလဲခြင်း၊ ဆေးကြောခြင်း၊ အလင်းရောင်ယူခြင်း၊ မီးထွန်းခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ ပုပ်သိုးမှုကာကွယ်ခြင်း၊ ဖုန်ကာကွယ်ခြင်း၊ ယင်ခြင်ကြွက်ကာကွယ်ခြင်း၊ ရေဆိုး စနစ်တကျ စွန့်ပစ်ခြင်းများပြုလုပ်ရမည်။ ထို့အတူ စားသောက်ကုန်အန္တရာယ်ကင်းရန် မိမိလုပ်ငန်းအခြေအနေအရများအတွက် ပေါ်လစီများချမှတ်ရမည်။

(၄) လုပ်ငန်းလုပ်ကိုင်သည့်လုပ်သားများအနေဖြင့် ကျန်းမာရေးထောက်ခံချက်ရရှိထားရမည်ဖြစ်သလို၊ ကျန်းမာရေးသင်တန်းများတက်ကာအောင် လက်မှတ်ပိုင်ဆိုင်ထားရမည်။

(၅) စက်ရုံဖွဲ့စည်းမှုကောင်း၍ထုတ်လုပ်မှုမှန်ကန်ပါက၊ စားသောက်ကုန်အချောကိုင်ရာတွင် တိုက်ရိုက်စားသုံးနိုင်သောစားသောက်ကုန်၊ ကုန်ကြမ်း၊ ထုတ်လုပ်ထားသောစားသောက်ကုန်များ ရောနှော ညစ်ညမ်းမှုမရှိစေရန်၊ အဆိပ်ရှိသည့်၊ မသန့်ရှင်းသောအစာများနှင့် ရောနှောမှုမရှိစေရန် လုပ်ကိုင်ထားရမည်။

(၆) အသုံးပြုသောရေမှာနိုင်ငံတော်မှ သတ်မှတ်ထားသော သောက်သုံးရေသန့်ရှင်းမှုစံချိန်များနှင့် ညီညွတ်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## စာမျက်နှာ (၃၀) ➤➤➤ စားသုံးသူအကာအကွယ်ပေးရေးအတွက် လူထုဆက်သွယ်ရေးလုပ်ငန်းစဉ်များ ...... မှ အဆက်

ဒါ့အပြင် အစားအစာအမျိုးအစား၊ ညစ်ညမ်းမှုများ စသည့်အချက်များအပေါ် မူတည်၍ ဘေးအန္တရာယ်အနိမ့်အမြင့် ကွဲပြားလျက်ရှိရာ အဆိုပါဘေးအန္တရာယ်ကျရောက်နိုင်မှု ပိုမိုမြင့်မားသည့် ကဏ္ဍများကို ဦးစားပေးအစီအစဉ်ချမှတ်၍ ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းစဉ်များ ဆောလျင်စွာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစားအစာကဏ္ဍတွင်သာမက မည်သည့်ကဏ္ဍတွင်မဆို ဘေးအန္တရာယ်ရှိမြဲ ဖြစ်သော်လည်း ယင်းတို့ကို အရေးယူဆောင်ရွက် (လျှော့ချ)ရန် ရင်းမြစ် (Resources)အကန့်အသတ်ရှိရာ အရေးပေါ်ကိစ္စမှလွဲ၍ ယင်းကဲ့သို့ဦးစားပေး အစီအစဉ်အလိုက် ဘေးအန္တရာယ် ထိန်းချုပ်ခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များ (Unsafe Products) ကို ဦးစားပေးကဏ္ဍများ သတ်မှတ်၍ ကာကွယ်တားဆီးခြင်းများကို ဆောင်ရွက်နိုင်ပါသည်။ ဘေးကင်းလုံခြုံမှုမရှိသည့် ထုတ်ကုန်များကို Criteria အလိုက်ခွဲခြားရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး စီမံခန့်ခွဲမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရေးအတွက် အဓိကအားဖြင့် Risk Assessment နှင့် Risk Management တို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။ Risk Management တွင် အပိုင်း (၆)ပိုင်းရှိ၍ (၁)အစားထိုးရရှိနိုင်မှု၊ (၂) အစားထိုးပစ္စည်း၏ ဈေးနှုန်းအပေါ် စားသုံးသူ၏အမြင်၊ (၃) အရည်အသွေး၊ (၄) ထုတ်လုပ်သူလုပ်ငန်းရှင်နှင့်ကွင်းဆက်အတွင်းရှိ အခြားသက်ဆိုင်သူများအပေါ် သက်ရောက်မှု(၅)အစိုးရ၊ စားသုံးသူ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံရေးသမားများ၏ ပူးပေါင်းဆောင်ရွက်မှု (တိုင်းပြည်နှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်) နှင့်(၆)အစိုးရမူဝါဒပိုင်းမှ ဆောင်ရွက်ချက် (တိုင်းပြည်နှင့် ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်တို့ဖြစ်ပါသည်။ Risk Assessment တွင် အပိုင်း(၇)ပိုင်းရှိ၍ (၁) ကျန်းမာရေးအပေါ်သက်ရောက်မှု၊ (၂)ဘေးအန္တရာယ်ခံစားရသည့် လူထု၊ (၃)ဖြစ်ပွားသည့် ကြိမ်နှုန်း၊ (၄) ဘေးအန္တရာယ်တိုက်ရိုက်ထိတွေ့ခံရသည့်လူအရေအတွက်၊ (၅)ကြွင်းကျန်ခဲ့သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသည့် သဘာဝပတ်ဝန်းကျင်နှင့် လူထုအပေါ် အန္တရာယ်ဖြစ်စေမှု၊ (၆) သီးနှံပမာဏ၊ (၇)အပြည်ပြည်ဆိုင်ရာ၏ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ် (တိုင်းပြည်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်) ပြည်တွင်းမှ ဆောင်ရွက်မှုအစီအစဉ်တို့ ဖြစ်ပါသည်။ ယင်းတို့ကိုအသုံးချ၍ စားသုံးသူအကာအကွယ်ပေးရေးစီမံခန့်ခွဲမှုတွင် လုံခြုံစိတ်ချမှုမရှိသော ထုတ်ကုန်များကို ဦးစားပေးရွေးချယ်ရန် ထိုင်းနိုင်ငံ၏ ပြည်နယ်(၁၀)ခုနှင့်ဒေသ(၃)ခုတွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေမှန်များအပေါ် မူတည်၍ ကလေးနို့ဗူးတွင် ညစ်ညမ်းပစ္စည်းတစ်မျိုးဖြစ်သည့် Biphenol -A-BPA ပါဝင်မှု၊ ပြန်ကြော်ဆီအသုံးပြုမှု၊ Abestos (အဆုတ်ကင်ဆာဖြစ်ပွားစေသည့် ဖုန်မှုန့်များ) ပါဝင်သည့် အမိုးပြားသုံးစွဲမှုစသည့် Risk သုံးမျိုးကို စစ်တမ်းကောက်ယူခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရေးအတွက် အမျိုးသားစားသုံးသူအကာအကွယ်ပေးရေးအစီအစဉ် National Consumer Protection Program NCPPကို(၁)စားသုံးသူအသိပညာပေးရေးကဏ္ဍ၊ (၂)စားသုံးသူအရေးယူဆောင်ရွက်မှုယန္တရားတည်ထောင်ရေးကဏ္ဍ၊ (၃)မူဝါဒနှင့်ဥပဒေအထောက်အကူပြုရေးကဏ္ဍ၊ (၄)အရည်အသွေးပြည့်ဝသောဈေးကွက်စောင့်ကြည့်မှုစနစ် တည်ထောင်ရေးကဏ္ဍ၊ (၅) ဆက်သွယ်ဆောင်ရွက်မှုနှင့်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ် ကဏ္ဍ စသည့်ကဏ္ဍကြီးငါးရပ်ဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ရာ အထက်ဖော်ပြပါ လူထုအသိပညာမြှင့်တင်ရေးနည်းလမ်းများ အသုံးချခြင်းဖြင့် စားသုံးသူ အသိပညာပေးခြင်းနှင့် လုံခြုံစိတ်ချမှုမရှိသော ထုတ်ကုန်များ ဈေးကွက်တွင်း မရောက်ရှိရေး ကြိုးပမ်းခြင်းအားဖြင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကိုးကားချက်များ**

(၁) National consumer protection program of Myanmar

(၂) Lecture notes of Regional training on raising public awareness for safe food consumption hosted by Mekong Institute

# မြန်မာနိုင်ငံ ထားဝယ်မြို့နှင့် ထိုင်းနိုင်ငံ ကန်ချနဘူရီမြို့တို့ ညီအစ်မမြို့တော်ဖြစ်လာနိုင်

မြန်မာနိုင်ငံ၏ ထားဝယ်မြို့နှင့် ထိုင်းနိုင်ငံ၏ ကန်ချနဘူရီမြို့တို့သည် ညီအစ်မမြို့တော်ဖြစ်လာပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို ဇန်နဝါရီ ၂၄ ရက်ထုတ် The Nation သတင်းစာတွင် ဖော်ပြခဲ့ပါသည်။

အဆိုပါဖော်ပြချက်အရ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကောင်းများရှိနေပြီး တနင်္သာရီဒေသသည် ထိုင်းနိုင်ငံ၏ကန်ချနဘူရီခရိုင်နှင့် ဆက်ဆံရေး မြှင့်တင်နိုင်ပါက တိုးတက်မှုအခွင့်အလမ်း ပိုမိုလာမည်ဖြစ်ကြောင်း တွေ့ရသည်။ မြန်မာနှင့် ထိုင်းစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ထားဝယ်မြို့နှင့် ကန်ချနဘူရီမြို့တို့ကို ညီအစ်မမြို့တော် တည်ထောင်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ပံ့ပိုးမှုများသည် အလွန်အရေးကြီးကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၏ တင်ပြချက်များကို အလေးထားရန်လိုအပ်ပြီး ကန်ချနဘူရီဒေသမှ စီးပွားရေးလုပ်ငန်းရှင်များသည် နှစ်ဦးနှစ်ဖက်အကျိုးအတွက် ထားဝယ်မြို့နှင့် ကန်ချနဘူရီမြို့တို့ကို ညီအစ်မမြို့တော်ဖြစ်လာရေး အလွန်စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

ထိုသို့ပူးပေါင်းတိုးတက်မှုရရှိရေးဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် တနင်္သာရီဒေသ၏ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ကန်ချနဘူရီခရိုင်ရှိသက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုမည်ဖြစ်ကြောင်း၊ ကန်ချနဘူရီဒေသသည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသွား စုစုပေါင်းကိုးသန်းကို လက်ခံရရှိခဲ့၍ ပူးပေါင်းဆောင်ရွက်နိုင်ပါက လည်ပတ်စရာ စိတ်ဝင်စားဖွယ် နေရာအများအပြားရှိသည့် တနင်္သာရီဒေသသို့ ခရီးသွားပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း၊ ညီအစ်မမြို့တော်တည်ထောင်ပြီး အပြန်အလှန်ခရီးသွားနေရာများ သတ်မှတ်၍လည်း ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်ပါကြောင်း၊ တနင်္သာရီခရီးသွားပွဲတော်ကို တိုင်းဒေသကြီး၏မြို့တော်ဖြစ်သော ထားဝယ်မြို့တွင် ကျင်းပရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

မောင်းမကန်ကမ်းခြေ အပါအဝင် အခြားလှပသောကမ်းခြေများနှင့် ဒေသတွင်းရှိ တန်ခိုးကြီးဘုရားများကို အဓိက ခရီးသွားနေရာများအဖြစ် သတ်မှတ်ရန် စီစဉ်ထားပြီး တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ယခုနှစ်အတွင်း ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍသုံးခုမှာ ခရီးသွားလုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းတို့ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်က ပြောကြားထားသည်။

နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရန် အရေး၌၏ကြီးကြောင်း ဖော်ပြထားပြီး တနင်္သာရီတိုင်းဒေသကြီးရှိ အဓိက နယ်စပ်ဂိတ်သုံးခုဖြစ်သော ကော့သောင်း၊ မော်တောင်နှင့်ထီးခီးဂိတ်များ၏ ကုန်သွယ်မှုတွင် ထိုင်းနိုင်ငံမှ ပို့ကုန်သည် ၇၅ ရာခိုင်နှုန်းအထိရှိနေသောကြောင့် မြန်မာနိုင်ငံ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြန်လည်တင်ပို့နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ထိုင်းနိုင်ငံမှသစ်သီးအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများအား မြန်မာနိုင်ငံသို့ တင်သွင်းနေခြင်းသည် ပြည်တွင်း SMEs လုပ်ငန်းများကို ထိခိုက်လျက်ရှိပြီး နည်းပညာကောင်းများရှိသည့် ထိုင်းနိုင်ငံသည် ကုန်ပစ္စည်းအမြောက်အများ ထုတ်လုပ်၍ ယှဉ်ပြိုင်ရောင်းချလျက်ရှိရာ မြန်မာ့ထွက်ကုန်များ၏ အရည်အသွေးနှင့် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်လည်း လိုအပ်လျက်ရှိသည်။ ပြည်တွင်း၌ အခြေခံအဆောက်အဦ အားနည်းမှုသည် ကုန်ထုတ်လုပ်မှု စရိတ်ကိုမြင့်တက်စေပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား မလုံလောက်မှုသည်အဓိကပြဿနာတစ်ခုဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်း၊ ငါးပုစွန် မွေးမြူရေးလုပ်ငန်း၊ ရော်ဘာစိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်းတို့သည် တနင်္သာရီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်၍ ဒေသတွင်းရှိစီးပွားရေးလုပ်ငန်းအများစုသည် ယင်းလုပ်ငန်းကဏ္ဍများနှင့် ဆက်စပ်မှုရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုရန် ရည်ရွယ်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသင်တန်းကိုလာမည့် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်မည်ဖြစ်ပြီး ထိုင်းစာနှင့် အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာကျွမ်းကျင်သင်တန်းနှင့် အချက်အပြုတ်သင်တန်းတို့ကို ဦးစားပေး ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ထို့အပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခွင့်အလမ်းများကို ဖော်ထုတ်ပေးမည့် စီးပွားရေးပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးကြမည့်Future Dawei ဆွေးနွေးပွဲကိုလည်း ကျင်းပရန်စီစဉ်ထားကြောင်းနှင့် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများအကြား ထိရောက်သော တွေ့ဆုံဆွေးနွေးခြင်းကို ပုံမှန်ဆောင်ရွက်မည်ဆိုပါက အားလုံး၏ အခြေခံရည်မှန်းချက်ဖြစ်သော ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံသို့ ကော်ဖီစေ့တင်သွင်းမှုအတွက် အခွန်ကိုတာ သတ်မှတ်သည့်စနစ်အား ပယ်ဖျက်ပေးရန် တောင်းဆို

ထိုင်းနိုင်ငံ ကုန်ထုတ်လုပ်သူများမှ ကော်ဖီစေ့တင်သွင်းမှုအတွက် ချမှတ်ထားသော အခွန်ကိုတာစနစ်အား ပယ်ဖျက်ပေးရန် အစိုးရသို့တောင်းဆိုလိုက်သည်။ ထိုင်းနိုင်ငံသည် တစ်နှစ်လျှင်ကော်ဖီထုတ်လုပ်မှုနှင့် ရောင်းလိုအား တန်ချိန် ၂၅၀၀၀ မှ ၂၆၀၀၀ ရှိပြီး ကော်ဖီစေ့တင်သွင်းမှုမှာ တန်ချိန် ၅၀၀၀၀ မှ ၆၀၀၀၀ ရှိသည်။ ယခုကျင့်သုံးနေသော အခွန်ကိုတာစနစ်အရ ဒေသခံလယ်သမားများထံမှ ကော်ဖီစေ့ကို အာမခံဈေးနှုန်းဖြင့်ဝယ်ယူရပြီး ကော်ဖီထုတ်လုပ်သူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် ထိုင်းနိုင်ငံနှင့် Free Trade Agreement သဘောတူညီမှုရယူထားသည့် ဩစတြေးလျနိုင်ငံထက် ပိုများလာနိုင်သောကြောင့် အနာဂတ်တွင် အခက်အခဲများနှင့်ရင်ဆိုင်ရနိုင်ကြောင်း၊ ဩစတြေးလျနိုင်ငံသည် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ပိုမိုကောင်းမွန်သော ကော်ဖီအမှတ်တံဆိပ်များ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ကော်ဖီအသင်းဥက္ကဋ္ဌ Varri Sodprasert က ပြောကြားသည်။

ထိုင်းနိုင်ငံနှင့် ဩစတြေးလျနိုင်ငံသည် Free Trade Agreement ကို ၂၀၀၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အကျိုးသက်ရောက်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှစ၍ ဩစတြေးလျနိုင်ငံသည် ထိုင်းနိုင်ငံမှ တင်သွင်းသည့် လူစီးယာဉ်၊ pickup , truck နှင့် လက်ဝတ်ရတနာများ အပါအဝင်ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံခြင်းကို ပယ်ဖျက်ခဲ့ပြီး ပလပ်စတစ်ပစ္စည်း၊ ရော်ဘာနှင့် ရော်ဘာ ထုတ်ကုန်ပစ္စည်းများ၊ ချုပ်ပြီး အဝတ်အထည်များအပေါ် အခွန်ကောက်ခံမှုကို ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အတွင်း ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ဩစတြေးလျနိုင်ငံမှ တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သတ္တုကုန်ကြမ်း၊ ရေနံ၊ ဓာတုကုန်ကြမ်းနှင့် သားရေများအပါအဝင် ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံခြင်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ လ ၁ ရက်မှစ၍ ပယ်ဖျက်ပေးခဲ့ပြီး ကျန်ကုန်ပစ္စည်း ၄၅ ရာခိုင်နှုန်းအပေါ် ၂၀၁၀ ခုနှစ်တွင်လည်းကောင်း၊ ကျန် ၅ ရာခိုင်နှုန်းဖြစ်သည့် စားသောက်ကုန်နှင့် အေးခဲအသားများအပေါ် ၂၀၂၀ မှ ၂၀၂၅ ခုနှစ်အတွင်း အခွန်ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် WTO ၏စံချိန်စံညွှန်းများအရ စိုက်ပျိုးရေးပစ္စည်း ၁၅ မျိုးမှ ၂၃ မျိုးအား အခွန်ကိုတာပယ်ဖျက်ပေးပြီး နှစ်အလိုက် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ ကိုတာတိုးမြှင့်ပေးသွားမည်ဖြစ်သည်။

Thailand- Australia Free Trade Agreement (Tafta) တွင် ကော်ဖီစေ့အစို၊ ပေါင်းခံပြီးကော်ဖီစေ့နှင့် ကော်ဖီတင်သွင်းမှုအပေါ် အခွန်ခွဲတမ်းနှင့် သွင်းကုန်အခွန်အား ၂၀၂၀ ခုနှစ်ဇန်နဝါရီလမှစ၍ ဖျက်သိမ်းရန် ဖော်ပြထားသည်။ ကော်ဖီစေ့အား စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းအဖြစ် အမျိုးအစားသတ်မှတ်၍ အခွန်နှုန်း ၄ ရာ ခိုင်နှုန်းဖြင့် တစ်နှစ်လျှင် ၅ ဒသမ ၂၅ တန်အား ကိုတာသတ်မှတ် တင်သွင်းခွင့်ပြုထားပြီး ကိုတာထက်ကျော်လွန်တင်သွင်းမှုအပေါ် အခွန်နှုန်းမြင့်မားစွာ ကောက်ခံလျက်ရှိကြောင်း ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် Oramon Sapthaweetham က ပြောကြားပါသည်။

လွန်ခဲ့သောငါးနှစ်က ထိုင်းနိုင်ငံသည် ကော်ဖီစေ့ တစ်နှစ်ပျမ်းမျှတန် ၂၆၀၀၀ ထုတ်လုပ်နိုင်ပြီး ဝယ်လိုအားမှာ တန်ချိန် ၇၀၀၀၀ မှ တန်ချိန် ၉၀၀၀၀ သို့ မြင့်တက်လာကာ ယခုနှစ်တွင် ဝယ်လိုအားတန် ၁၀၀၀၀၀ ထိ တိုးမြင့်လာနိုင်ကြောင်း သိရသည်။ ပြီးခဲ့သည့် ငါးနှစ်ကျော်က ထိုင်းနိုင်ငံ၏ ကော်ဖီစိုက်ခင်းများမှာ အထွက်နှုန်းကျဆင်းခဲ့သည်။

ကော်ဖီစိုက်ပျိုးမှု၏ ၇၀ ရာခိုင်နှုန်းမှာ ထိုင်းနိုင်ငံတောင်ပိုင်းမှဖြစ်ပြီး စိုက်ပျိုးရာတွင် မျိုးကောင်းရွေးချယ်နိုင်မှု၊ တောင်သူများ စိုက်ပျိုးရေးဗဟုသုတနည်းပါးမှုနှင့် ရာသီဥတု မတည်ငြိမ်မှုများကြောင့် လယ်သမားများ၏ ကုန်ထုတ်လုပ်မှုကို ထိခိုက်စေကြောင်း စီးပွားရေးရုံး၏သုတေသနနှင့် သတင်းအချက်အလက် ညွှန်ကြားရေးမှူး Mrs. Ratree Menprasert က ပြောကြားခဲ့ကြောင်း သိရသည်။

**Source : Bankok Post**
**မင်းအောင်အေး**

# လာမည့်ဘဏ္ဍာနှစ်တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရွှေသွင်းကုန်ခွန်ကို သိသိသာသာလျှော့ချနိုင်ဖွယ်ရှိ

လက်ရှိတွင် အိန္ဒိယအစိုးရသည် နိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ရွှေများအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း စည်းကြပ်လျက်ရှိရာ အဆိုပါနှုန်းထားအား လေးရာခိုင်နှုန်းသို့ လျှော့ချရန် Gems and Jewellery Export Promotion Council (GJEPC) က တောင်းဆိုထားကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၌ ရွှေလက်ဝတ်ရတနာတင်ပို့မှုကို အားပေးမြှင့်တင်ရန် ရည်ရွယ်ကာ လာမည့်ဘဏ္ဍာနှစ်တွင် ရွှေသွင်းကုန်ခွန်လျှော့ချရန် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီစဉ်နေပြီး လက်ဝတ်ရတနာ ပို့ကုန်ကဏ္ဍသည် နိုင်ငံ၏ပို့ကုန်ပမာဏတွင် သိသိသာသာပါဝင်နေကြောင်း၊ ရွှေသွင်းကုန်ခွန်ကို သိသိသာသာ လျှော့ချရန် GJPEC အနေဖြင့် အစဉ်တစ်စိုက် တောင်းဆိုခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံသည် ရွှေအမြောက်အများသုံးစွဲသည့်နိုင်ငံဖြစ်ရာ ရွှေလက်ဝတ်ရတနာအမြောက်အများ တင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရေး ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ အိန္ဒိယနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ရွှေပမာဏ၏ ၈၀ ရာခိုင်နှုန်းခန့်ကို လက်ဝတ်ရတနာလုပ်ငန်းမှ အသုံးပြုနေပြီး အတော်ဆုံးလက်မှုအနုပညာရှင်များမှာလည်း ယင်းလုပ်ငန်းများ၌ လုပ်ကိုင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်၍ ရွှေများကို ပိုမိုလွတ်လပ်စွာဖြင့် တင်သွင်းခွင့်ပြုပြီး တန်ဖိုးမြှင့်ရွှေထည်ပစ္စည်းများပြုလုပ်ကာ တင်ပို့ခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း၊ သို့မှသာ FTA စာချုပ်များကြောင့် အခွန်ကင်းလွတ်ခွင့်ရထားသည့် နိုင်ငံများထံမှ ရွှေတင်သွင်းမှုများ ရုတ်တရက် အဆမတန် မြင့်တက်ခြင်းမျိုးကို ကာကွယ်နိုင်မည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

ထို့ပြင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Suresh Prabbu ကဝန်ကြီးဌာနအနေဖြင့် ပို့ကုန် အားပေးမြှင့်တင်ရန်နှင့် အလုပ်အကိုင်များ တိုးမြှင့်ဖန်တီးပေးနိုင်ရေးတို့အတွက် လုပ်သားဦးစားပေးကဏ္ဍဖြစ်သည့် ကျောက်မျက်နှင့် လက်ဝတ်ရတနာလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးနေသည်ဟု မကြာသေးမီက ပြောကြားခဲ့ သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံပြီးပါက ဒုတိယမြောက် ရွှေအများဆုံးသုံးစွဲသည့် နိုင်ငံဖြစ်ကာ ပြည်ပမှတင်သွင်းလာသည့် ရွှေများသည် အဓိကအားဖြင့် လက်ဝတ်ရတနာလုပ်ငန်း၌ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်ရန် လိုအပ်ချက်များအတွက်ဖြစ်ကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဗီယက်နမ်နိုင်ငံတွင် FDI စီးပွားရေးလုပ်ငန်းများ၏ အခွန်ပေးဆောင်မှုအနိမ့်ဆုံးဖြစ်

ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment -FDI) ကို ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများသည် အကျိုးအမြတ်များမြင့်မားစွာ ရရှိနေသော်လည်း အခွန်မက်လုံးပေးမှုအမျိုးမျိုးကို ခံစားခွင့်ရနေသည့်အတွက် နိုင်ငံတော်သို့အခွန်ပေးဆောင်ရာတွင် အနိမ့်ဆုံးဖြစ်နေကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီ၏ သတင်းတွင်ဖော်ပြထားသည်။



စီးပွားရေးကဏ္ဍများတွင် FDI စီးပွားရေးလုပ်ငန်းများသည် အမြတ်များစွာရရှိလျက်ရှိသည်။ ၂၀၁၆ ခုနှစ်က အခွန်ကဏ္ဍအားတွက်ချက်မှု မလုပ်ဆောင်မီ အမြတ်ငွေမှာ ဗီယက်နမ်ဒေါင် ၃၂၇ ဒသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄ ဘီလီယံ) အထိရရှိခဲ့ရာ ၂၀၁၀-၁၆ ခုနှစ်ကာလအတွင်း ပျမ်းမျှ ၁၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ ကြောင်း အထွေထွေစာရင်းအင်းရုံးမှ အစီရင်ခံစာထုတ်ပြန်ခဲ့သည်။ ယင်းပမာဏသည် ၂၀၁၆ ခုနှစ် စီးပွားရေးကဏ္ဍအားလုံးရှိ စီးပွားရေးလုပ်ငန်းများမှ ရရှိသောအမြတ်ငွေ၏ ၄၅ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်။ သို့ရာတွင် ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်သို့ပေးဆောင်သော အခွန်ငွေပမာဏမှာ ဗီယက်နမ်ဒေါင် ၂၅၀ ဒသမ ၉ ထရီလီယံမျှသာရှိသည့်အတွက် FDI လုပ်ငန်းများ၏ အခွန်ပေးဆောင်မှုမှာ အနိမ့်ဆုံးဖြစ်နေကြောင်း တွေ့ရသည်။

ကုမ္ပဏီများနှင့်ဝန်ထမ်းများပါဝင်နေသောနိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ အမြတ်ငွေမှာ ၂၀၁၆ ခုနှစ်က ဗီယက်နမ်ဒေါင် ၁၉၇ ဒသမ ၄ ထရီလီယံရှိခဲ့ရာ စီးပွားရေးလုပ်ငန်းအားလုံးမှရသော အမြတ်ငွေ၏ ၂၇ ဒသမ ၇ ရာခိုင်နှုန်းအထိရောက်ရှိခဲ့သည်။ ၂၀၁၀-၁၆ ခုနှစ်အတွင်း ပျမ်းမျှတိုးတက်မှုနှုန်းမှာ ၉ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်ပိုင်ကဏ္ဍမှ နိုင်ငံတော်ဘတ်ဂျက်သို့ ထည့်ဝင်ငွေမှာ ဗီယက်နမ်ဒေါင် ၂၇၇ ဒသမ ၃ ထရီလီယံရှိခဲ့ရာ ၂၀၁၆ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း နှစ်စဉ် ၁၀ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့သည်။

၂၀၁၆ ခုနှစ်တွင် နိုင်ငံပိုင်မဟုတ်သောစီးပွားရေးလုပ်ငန်းများမှရသော အမြတ်ငွေမှာ ဗီယက်နမ်ဒေါင် ၁၈၈ ဒသမ ၁ ထရီလီယံရှိသဖြင့် အနည်းဆုံးဖြစ်နေသော်လည်း နိုင်ငံတော်ဘတ်ဂျက်သို့ထည့်ဝင်ငွေမှာ ဗီယက်နမ်ဒေါင် ၄၃၄ ဒသမ ၇ ထရီလီယံရှိသဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။ ၂၀၁၀-၁၆ ခုနှစ်ကာလအတွင်း ပျမ်းမျှတိုးတက်မှုနှုန်းမှာ ၁၇ ရာခိုင်နှုန်းရှိသို့ရောက်ရှိခဲ့သည်ကို တွေ့ရသည်။

FDI ကဏ္ဍက အကျိုးအမြတ်အများကြီးရထားပြီး နိုင်ငံတော်ပိုင်နဲ့ ပုဂ္ဂလိကပိုင်လုပ်ငန်းများအပါအဝင် အခြားစီးပွားရေးကဏ္ဍတွေထက်ပိုပါတယ်။ ဒါပေမယ့် နိုင်ငံတော်ဘတ်ဂျက်မှာ FDI ရဲ့ ပါဝင်မှုကနိမ့်ကျပါတယ်” ဟု အထွေထွေစာရင်းအင်းရုံး၏ စက်မှုလုပ်ငန်းစာရင်းအင်းဌာနမှ ညွှန်ကြားရေးမှူး ဖမ်ဒင်သိုင်ကပြောခဲ့ကြောင်း သိရှိရသည်။

# အာဆီယံဒေသသည် ဆိုက်ဘာတိုက်ခိုက်မှုများအတွက် အဓိကပစ်မှတ်ဖြစ်

အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ)နိုင်ငံများသည် ကုန်သွယ်မှု၊ ငွေအရင်းအနှီးစီးဆင်းမှုနှင့် နည်းပညာဆက်သွယ်မှုများ ပိုမိုနီးကပ်လာသည့်အတွက် မြောက်ကိုရီးယားမှ တိုက်ခိုက်မှုများအပါအဝင် ရှုပ်ထွေးနက်နဲသော ဆိုက်ဘာတိုက်ခိုက်မှုများ၏ အဓိကပစ်မှတ်ဖြစ်လာကြောင်း ကမ္ဘာ့အတိုင်ပင်ခံအဖွဲ့ A.T Kearney ၏အစီရင်ခံစာကို ကိုးကား၍ အာရှနိကေးသတင်းတွင် ဖော်ပြထားသည်။

အာဆီယံနိုင်ငံများသည် ဆိုက်ဘာတိုက်ခိုက်မှုအတွက် အသုံးချခံအဖြစ် ရောက်ရှိနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပြီး မလေးရှား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှာ ဆိုက်ဘာစတင်တိုက်ခိုက်မှုအတွက် အဓိကနေရာအဖြစ် ရောက်ရှိနေသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၆ ခုနှစ်နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံတွင် Internet Protocol ပိတ်ဆို့မှုအကြိမ်ပေါင်း ၁ ဒသမ ၆၈ သန်း အထိရှိခဲ့ကာ ၂၀၁၆ ခုနှစ်တွင် Internet of Things ကို အခြေခံ၍ ဖြစ်ပွားသော အင်တာနက် တိုက်ခိုက်မှုခံရသည့် ကမ္ဘာ့နိုင်ငံများအနက် ဗီယက်နမ်နိုင်ငံသည် ထိပ်တန်းငါးနိုင်ငံတွင် ပါဝင်ခဲ့သည်။ ယင်းသို့သော တိုက်ခိုက်မှုများကြောင့် အာဆီယံဒေသတွင် အမေရိကန်ဒေါ်လာဘီလီယံ ၇၅၀ ဆုံးရှုံးမှုရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဆီယံဒေသသည် ကမ္ဘာတွင် သတ္တမမြောက် အကြီးမားဆုံး ဈေးကွက်ကြီးတစ်ခုဖြစ်ပြီး ဒေသတစ်ခုလုံး၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံရှိခဲ့သည်။ အာဆီယံဒေသ၏ ပထဝီဝင်အခြေအနေနှင့် နိုင်ငံရေးအခြေအနေနှစ်ခုစလုံးသည် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများကို ဆွဲဆောင်နိုင်စွမ်းရှိသည့် ‘မဟာဗျူဟာ မြောက်အနေအထား’တွင်ရှိနေကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံတစ်ခုတည်းနှင့် ကုန်သွယ်မှုပင်လျှင် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာတစ်ထရီလီယံရှိမည်ဟု ခန့်မှန်းထားသည်။

ခြိမ်းခြောက်မှုများ တိုးပွားလျက်ရှိသည့်အတွက် ဆိုက်ဘာလုံခြုံရေး လုပ်ဆောင်ရန် အာဆီယံဒေသ၏ အသုံးစရိတ်မှာ မြင့်တက်လျက်ရှိရာ ၂၀၁၇ ခုနှစ်တစ်နှစ်တည်းမှာပင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရှိခဲ့သည်။ ၂၀၂၅ ခုနှစ်တွင်မူ နှစ်ဆမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။

■

# ပြန်ပြည့်မြဲစွမ်းအင်ကို ပြောင်းလဲအားထားမည်ဟု ဆော်ဒီအာရေးဗျမှဆို

ဆော်ဒီအာရေးဗျနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ ရေနံစိမ်းကို မှီခိုအားထားခဲ့ပြီး ရေနံမှရရှိသော ချမ်းသာကြွယ်ဝမှုသည် မျှော်စင်ကြီးများနှင့် ဆိုင်တန်းများကို မီးအလင်းပေး နိုင်ရုံမျှသာမဟုတ်ဘဲ ဆော်ဒီနိုင်ငံသား အများစုကို အလုပ်အကိုင်ပေးထားသော အစိုးရ၏ကဏ္ဍကိုလည်း အထောက်အကူပြုခဲ့သည်။ ယခုအခါ ဆော်ဒီအာရေးဗျနိုင်ငံအတွင်း အလျှံပယ်ရနိုင်သည့် အခြား သယံဇာတတစ်မျိုးကို အသုံးပြုနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ယင်းသယံဇာတမှာ နေရောင်ဖြစ်သည်။

ဆော်ဒီအာရေးဗျသည် ကမ္ဘာတွင်ရေနံတင်ပို့မှု အများဆုံးနိုင်ငံဖြစ်သော်လည်း မင်းသားမိုဟာမက်ဘင် ဆာလ်မန်လက်ထက်တွင် စီးပွားရေးကို အမျိုးမျိုးဖြန့်ကြက်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြန်ပြည့်မြဲ စွမ်းအင်အသုံးပြုနိုင်ရေးသည် ငွေကြေးကိုပုံအော၍ အသုံးပြုသွားမည့် စီမံကိန်းတွင် ပါဝင်သည်။ ဆော်ဒီအစိုးရသည် နေအိမ်နှစ် သိန်းကို လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် နေစွမ်းအင်သုံးလုပ်ငန်းတစ်ခုကို တည်ထောင်ရန် ဆော်ဒီစွမ်းအင်ကုမ္ပဏီ AUWA Power ကို ဖေဖော်ဝါရီ ၅ ရက်က တာဝန်ပေးခဲ့သည်။ ယင်းစီမံကိန်း၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၃၀၀ ရှိမည်ဖြစ်ပြီး အလုပ်အကိုင်ရာပေါင်းများစွာကို ဖန်တီးပေးမည်ဖြစ်ကြောင်း နိုင်ငံ၏ ပြန်ပြည့်မြဲစွမ်းအင် အစီအစဉ် အကြီးအကဲ တာကီအယ်လ်ရှာရီက ပြောသည်။

ယခုနှစ်အကုန်တွင် ဆော်ဒီအာ ရေဗျနိုင်ငံသည် နေစွမ်းအင်ထုတ်လုပ်ရေးစက်ရုံသစ်ခုနစ်ရုံနှင့် လေစွမ်းအင်ထုတ်လုပ်ရေးစက်ရုံကြီးတစ်ရုံကို တည်ဆောက်ရန်အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ ပြန်ပြည့်မြဲစွမ်းအင်များက ၂၀၂၃ ခုနှစ်တွင် နိုင်ငံအတွင်း၌ ထုတ်လုပ်လျက်ရှိသောစွမ်းအင်၏ ၁၀ ရာခိုင် နှုန်းအထိကို ထုတ်လုပ်ပေးနိုင်မည်ဟု မျှော်လင့်ထားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ပြန်ပြည့်မြဲစွမ်းအင်အသုံးချရေးအတွက် နှစ်ပေါင်းများစွာကတည်းက ကြိုးပမ်းခဲ့သော်လည်း အဓိကစီမံကိန်းကြီးများကို အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ၂၀၁၆ ခုနှစ်တွင် ခါလတ်အယ်လ်ဖာလစ် ရေနံဝန်ကြီး ဖြစ်လာမှသာ ပြန်ပြည့်မြဲစွမ်းအင်မဟာဗျူဟာကို အကောင်အထည်ဖော်နိုင်ခြင်းဖြစ်သည်။

# အရှေ့ဘက်စီးပွားရေးစင်္ကြံတည်ဆောက်ရေးဥပဒေကို ထိုင်းနိုင်ငံအတည်ပြု

အရှေ့တောင်အာရှတွင် ဒုတိယအကြီးမားဆုံးဖြစ်သည့် ထိုင်းနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပေးလိမ့်မည်ဟုထိုင်းအစိုးရက မျှော်လင့်ထားသော နိုင်ငံအရှေ့ပိုင်းစက်မှုနယ်မြေတွင် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ သုံးစွဲပြီး ဆောင်ရွက်မည့်စီမံကိန်းကို ထိုင်းလွှတ်တော်က ဖေဖော်ဝါရီ ၈ ရက်တွင် အတည်ပြုခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၄ ဒသမ ၂ ရာခိုင်နှုန်းအထိရောက်ရှိရန် အစိုးရက ရည်မှန်းထားသည်။ ထိုင်းနိုင်ငံစီးပွားရေးတွင် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်အောင် မြှင့်တင်ပေးရန်အတွက် အစိုးရက အစီအမံအမြောက်အများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor-EEC) ဥပဒေကြမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ဥပဒေသစ်အရ EEC စီမံကိန်းများတွင်ပါဝင်သော ရင်းနှီးမြှုပ်နှံသူများအား အခွန်ဆိုင်းငံ့ကာလကို ပေးမည့် ပြဋ္ဌာန်းချက်လည်း ပါဝင်သည်။ ယင်းစီမံကိန်းအရ ဖွံ့ဖြိုးမှုနှင့် အဆင့်မြင့် နည်းပညာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးမည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအား ၉၉ နှစ်အထိ မြေငှားရမ်းခွင့်လည်းပြုထားသည်။ ထိုင်းအစိုးရသည် နိုင်ငံခြားသား အတတ်ပညာရှင်များအတွက် ဗီဇာစည်းကမ်း သတ်မှတ်ချက်များကို လျှော့ချထားပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အလျင်အမြန်အတည်ပြုပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်ထားသည်။

EEC စီမံကိန်းကို ပြည်တွင်းမှ ကုမ္ပဏီများက စိတ်ဝင်စားလျက်ရှိကာ ထိုင်းနိုင်ငံတွင် အကြီးမားဆုံး ရေနံဓာတုကုမ္ပဏီကြီးဖြစ်သည့် PTT Global Chemical ကလည်း EEC တွင် အမေရိကန်ဒေါ်လာ ၉၈၅ သန်း ရင်းနှီး ဆောင်ရွက်မည့် စီမံကိန်းတစ်ခုကို ဇန်နဝါရီက ကြေညာခဲ့သည်။

EEC စီမံကိန်းသည် ၂၀၁၇ ခုနှစ်က ရင်းနှီးမြှုပ်နှံမှုပြုရန် အဆိုပြုချက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံအထိရရှိခဲ့ကြောင်း ထိုင်းရင်းနှီးမြှုပ်နှံမှုအေဂျင်စီ၏ ကြေညာချက်အရ သိရသည်။ အရှေ့ပိုင်းစက်မှုနယ်မြေသည် တိုယိုတာ၊ ဟွန်ဒါနှင့်ဖို့ဒ်စသည့် နိုင်ငံခြားမော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီများ၏ အခြေချရာနေရာလည်း ဖြစ်လာသည်။

■

ဉာဏ်တင်စုစည်းတင်ပြသည်။



MYANMAR PADAUK TRADING CO., LTD.
မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
KORYO CABLE
Made in Korea
CONTINENTAL ELECTRIC WIRE
Made in Korea
CADI-SUN
Made in Vietnam
EMG CABLE &WIRE
Made in Korea
N.I.U ELEC
Made in China
JEWAY
Made in China
IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
Available Items
• Building Wire
• Underground Cable
• Overhead Cable
• High Quality & Long Term Quality Control
• Resonable Price for Customer
• International Standard & Certified for Safety
• We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor
Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784
Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366
Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664
Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002
Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72
Email : epshowroom@myanmarpadauk.com
Website : www.myanmarpadauk.com




SAILUN TIRE
ATREZZO SH406
ATREZZO SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street, Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street, Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117



City Mart
City Mart Supermarket
CHINESE NEW YEAR specials
တရုတ်နှစ်ကူးအထူးဈေးရောင်းပွဲ
1st ~ 21st Feb, 2018
CHINA FUJI APPLE
ပန်းသီး
*Buy 3, Get 1
Ks. 750 /Piece
KIKKOMAN
Soy Sauce
1Ltr
ပဲငံပြာရည်
Ks. 6800 /each
*Buy 1, Get Japanese Grill Teriyaki Sauce 250ml
FERRERO ROCHER
Chocolate
T-16 200g
ချောကလက်
9600 ks
8150 /each
MALEE
100% Fruit Juice
-Pomegranate with Mixed/ Mandarin Orange/ Grape Carrot with Mixed/
1 Ltr
Ks. 2700 /each
*Buy any 2Pcs, Get Pomegranate with Mixed Fruit 1Ltr
Fresh Fruits, Vegetables, Foods & Meats
POMELO
ကျွဲကောသီး
Pc/Ks. 1900.Ks
CHINA MANDARIN ORANGE
100g/Ks. 430.Ks
CAULIFLOWER
ပန်းဂေါ်ဖီ
Pc/Ks. 700.Ks
CHINA LEEK
ကြက်သွန်မိတ်
100g/Ks. 320.Ks
FRESH PORK LOIN
100g/Ks. 820.Ks
FRESH CHICKEN BREAST CROWN
ကြက်ရင်ပုံသား
100g/Ks. 435.Ks
CHINESE NEW YEAR Accessories
CNY BANNER
Ks. 800 /each
CNY DOG STICKER
Ks. 1500
CNY RED PACKET (DOG)
Ks. 500 /each
CNY CANDY CASE
Ks. 3900 /each
GOLD/ RED PACKET
5's
Ks. 800 /each
CNY HANGING
Ks. 1900 /each
AUNG SAN 01-253022, 394765 (9:00AM to 9:00PM)
47th STREET 01-290026, 298746 (9:00AM to 9:00PM)
JUNCTION 8 01-650778 (9:00AM to 9:00PM)
FMI CITY 01-682323 (9:00AM to 9:00PM)
YANKIN CENTRE 01-400264 (9:00AM to 9:00PM)
MYAY NI GHONE 01-510697 24 hours
ZAWANA 01-564532 (9:00AM to 9:00PM)
SHWE MYA YAR 01-9000023 ~ 24 (9:00AM to 9:00PM)
CHINATOWN POINT 01-215560~63 (9:00AM to 10:00PM)
JUNCTION MAW TIN 01-218159 (9:00AM to 9:00PM)
THAMINE 01-654568 (9:00AM to 10:00PM)
JUNCTION SQUARE 01-527053 (9:00AM to 9:00PM)
STAR CITY (THANLYIN) 056-23150/51/52/53 (10:00AM to 9:00PM)
AKK (SHOPPING MALL) 01-8500515 (9:00AM to 9:00PM)
SOUTH DAGON 01-8100727 (9:00AM to 9:00PM)
19th STREET (MANDALAY) 02-61139, 61240 (9:00AM to 9:00PM)
SHWE PINLON 01-580139, 6010240 (9:00AM to 9:00PM)
AYER WUN (THAKETA) 01-9410181~85 (9:00AM to 9:00PM)
WAIZAYANDA (SOUTH OKKALAPA) 01-565242, 569887, 565344 (9:00AM to 9:00PM)
HLEDAN CENTER 01-2304407 ~ 09 (9:00AM to 9:00PM)
PINLON SITTAUNG (North Dagon) 01-8011346 / 359 (9:00AM to 9:00PM)
INSEIN PHOT KAN 01-643594 (9:00AM to 9:00PM)
YAE KYAW CENTER 01-290435 (9:00am to 9:00PM)
MIN YE KYAW SWAR 01-2202568 (9:00am to 10:00PM)
WE ACCEPT TELEPHONE ORDER
email: enquiry@city.com.mm
Hot line: 01-253022
Prices may change without prior notice. While Stocks Last!
All items limited to 6pcs per customer.
DELIVERY ORDER CONTACT
www.citymart.com.mm
citymart_supermarket
www.facebook.com/

# COMMERCE INTERNATIONAL

# ကုန်သွယ်မှုအတားအဆီးများရှိပါက ဂျပန်ကုမ္ပဏီများ ဗြိတိန်မှထွက်ခွာမည်

ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှ နုတ်ထွက်မှု (ဘရက်ဇစ်) နောက်ပိုင်းကုန်သွယ်မှု အတားအဆီးများကြောင့် ဂျပန်ကုမ္ပဏီတို့အတွက် အကျိုးအမြတ်မရှိပါက ဗြိတိန်နိုင်ငံမှထွက်ခွာတော့မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ထရီဇာမေအား ဂျပန်နိုင်ငံက ဖေဖော်ဝါရီ ၉ ရက်တွင် သတိပေးခဲ့သည့်သတင်းကို ရိုက်တာဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

မာဂရက်သက်ချာ ဗြိတိန်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူချိန်မှစ၍ အစိုးရအဆက်ဆက်၏ အားပေးမှုကြောင့် ဂျပန် စီးပွားရေးလုပ်ငန်းများသည် ဗြိတိန်နိုင်ငံတွင် စတာလင်ပေါင် ဘီလီယံ ၄၀ (အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံ) အထိ ရင်းနှီးမြှုပ်နှံခဲ့သည်။ ဥရောပတိုက်တွင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းများအတွက် အဆင်ပြေညီညွတ်သော အခြေစိုက်စခန်းအဖြစ် မာဂရက်သက်ချာက ဖန်တီးပေးခဲ့သည်။

သို့ရာတွင် ဝန်ကြီးချုပ် မေနှင့်အစိုးရအဖွဲ့၏ ထိပ်တန်းခေါင်းဆောင်များသည် နီဆန်၊ SoftBank ဘဏ်၊ နိုမူရာဘဏ်တို့အပါအဝင် ဂျပန်စီးပွားရေးလုပ်ငန်း ၁၉ ခုမှ လုပ်ငန်းရှင်များနှင့်အတူ ဗြိတိန်နိုင်ငံ သံအမတ်ကြီးတို့အားတွေ့ဆုံပြီးနောက် ကုန်သွယ်မှုအတားအဆီးများ ဆောင်ရွက်ဖွယ်ရှိကြောင်း သတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။

"ဗြိတိန်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ ဆက်လုပ်နေလို့ အကျိုးအမြတ်မရှိဘူးဆိုရင် ဂျပန်ကုမ္ပဏီမှမဟုတ်ပါဘူး ဘယ်ပုဂ္ဂလိကကုမ္ပဏီမှ လုပ်ငန်းဆက်လုပ်မှာ မဟုတ်ပါဘူး" ဟု ဗြိတိန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကိုဂျီဆုရူအိုကာက ပြောကြားခဲ့သည်။ အီးယူနှင့် ကုန်သွယ်မှုကို မထိခိုက်အောင် အာမခံချက် မပေးနိုင်သည့်အပြင် ကုန်သွယ်မှုအတားအဆီးများ ဆောင်ရွက်မည်ဟုဆိုသော ခြိမ်းခြောက်မှုက မည်သည့်အတိုင်းအတာအထိရှိလာနိုင်ကြောင်း သတင်းထောက်များ၏ မေးမြန်းချက်များကို ယခုကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေးတွင် တတိယအကြီးဆုံးဖြစ်သော ဂျပန်နိုင်ငံသည် ဘရက်ဇစ်ကြောင့် ဗြိတိန်နိုင်ငံအပေါ် ရိုက်ခတ်လာမည့်ဂယက်ကို ဂျပန်လူထုက အထူးတလည်စိုးရိမ်ကြောင်း ပြသခဲ့သောနိုင်ငံဖြစ်သည်။ ဗြိတိန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဂျပန်ရင်းနှီးမြှုပ်နှံမှုအတွက် ဒုတိယအရေးပါဆုံးနိုင်ငံဖြစ်သည်။

၂၀၁၉ ခုနှစ်မတ်တွင် အီးယူမှ ဗြိတိန်နိုင်ငံ တရားဝင်နုတ်ထွက်သောအခါ ကုန်သွယ်မှုကို အဟန့်အတားဖြစ်လာနိုင်မည့် အနှောင့်အယှက်များအတွက် စိုးရိမ်မိကြောင်း ဘရက်ဇစ်ကို မဲခွဲဆုံးဖြတ်ခဲ့သည့် ၂၀၁၆ ခုနှစ်ကတည်းက ဂျပန်နိုင်ငံက သတိပေးပြောကြားခဲ့သည်။ အဓိကကော်ပိုရေးရှင်းကြီးများက အကူးအပြောင်းကာလအဖြစ် နှစ်နှစ်သတ်မှတ်ခဲ့ပြီး ယင်းကာလအတွင်း အီးယူနှင့် ဆက်ဆံရေးချောမွေ့အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ၎င်းတို့ကမျှော်လင့်ထားသည်။

တွေ့ဆုံစဉ် ကာလအတွင်း ဘရက်ဇစ်နောက်ပိုင်း လွတ်လပ်စွာကုန်သွယ်မှုကို ထိန်းသိမ်းဆောင်ရွက်ရန်အရေးကြီးကြောင်း မေနှင့်ဝန်ကြီးများက ပြောကြားခဲ့သော်လည်း ဤကိစ္စနှင့်ပတ်သက်၍ ခိုင်ခိုင်မာမာ မပြောကြားခဲ့ကြောင်း ဆွေးနွေးပွဲနှင့် နီးစပ်သော သတင်းရပ်ကွက်မှ ပြောသည်။



## တောင်ကိုရီးယားနိုင်ငံတွင် ၂၀၂၂ ခုနှစ်၌ ကျန်းမာရေးလုပ်သား သုံးသောင်းခွဲ ထပ်မံခန့်ထားမည်

တောင်ကိုရီးယားနိုင်ငံသည် ဇီဝနည်းပညာနှင့် ဆေးဝါးလုပ်ငန်းတွင် ကမ္ဘာ့ဗဟိုအချက်အချာ ဒေသအဖြစ်ရောက်ရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်တွင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ အလုပ်အကိုင်ပေါင်း ၃၅၀၀၀ ခန့် ထပ်မံဖော်ထုတ်သွားမည်ဖြစ်ကြောင်း အစိုးရ၏ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင်ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသည် လက်ရှိအချိန်တွင် ကမ္ဘာ့ဇီဝနည်းပညာဈေးကွက်ဝေစုအဖြစ် ၁ ဒသမ ၈ ရာခိုင်နှုန်းကို ရယူထားရာမှ ၂၀၂၂ ခုနှစ်တွင် လေးရာခိုင်နှုန်းအထိ ရရှိအောင်ဆောင်ရွက်ရန် ရည်မှန်းထားသည်။ ရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် အလုပ်အကိုင်သစ်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ကြေညာသောစီမံချက်တွင် ဖော်ပြထားသည်။

ရည်မှန်းချက်ကို ရောက်ရှိရန်အတွက် အစိုးရသည် ဆေးရုံကြီးခြောက်ရုံနှင့် ပူးပေါင်းဆောင်ရွက်ပြီး လူနာ ၁၀ သန်းထံမှကောက်ယူထားသော ကိန်းဂဏန်းများဖြင့် Bio Big Date ဟုခေါ်သော ကိန်းဂဏန်းအချက်အလက် စုဆောင်းမှုလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်သည်။ ကောက်ယူထားသော ကိန်းဂဏန်းအချက်အလက်များကို ဆေးဝါးသစ်များဖော်ထုတ်ရန်နှင့် အနာဂတ်တွင်ဖြစ်ပေါ်မည့် ရောဂါများကို ကြိုတင်ခန့်မှန်းနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖန်တီးရန်အသုံးပြုသွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နာတာရှည်ရောဂါခံစားနေရသော လူနာများထံမှ ကောက်ယူထားသောအချက်အလက်များကို အခြေခံ၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတို့က ပြောသည်။

"တောင်ကိုရီးယားနိုင်ငံရဲ့ ကိန်းဂဏန်း အချက်အလက်ထိန်းသိမ်းမှုက ကမ္ဘာ့အဆင့်မီပါတယ်"ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ပိုက်အွန်ဂျူးကပြောသည်။ ဒစ်ဂျစ်တယ်ကိန်းဂဏန်း အချက်အလက်များကို ထိန်းသိမ်းရာတွင် ထိပ်တန်းဆေးရုံကြီးများက ဆောင်ရွက်လျက်ရှိသော သတင်းအချက်အလက်စနစ်ကိုအခြေခံ၍ ဆောင်ရွက်ကြောင်း သူကထပ်လောင်းပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့ဇီဝနည်းပညာနှင့် ဆေးဝါးလုပ်ငန်း ဗဟိုအချက်အချာအဖြစ် ဆက်လက်ရယူထားနိုင်စေရန်အတွက် ရည်မှန်းထားရာ ဇီဝနည်းပညာကဏ္ဍကို အထောက်အကူပေးနိုင်ရန်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## ထိုင်းတောင်သူလယ်သမားမျိုးဆက်သစ်တို့အား နည်းပညာအကူအညီပေးမည်

ထိုင်းတောင်သူလယ်သမား မျိုးဆက်သစ်များ ထုတ်လုပ်မှုလုပ်ငန်းကို ပိုမိုဆောင်ရွက်နိုင်ရန်နှင့် ၎င်းတို့ကြုံတွေ့နေရသောအန္တရာယ်များကို စီမံခန့်ခွဲနိုင်ရန်အတွက် နည်းပညာအကူအညီ ပေးသွားမည်ဖြစ်ကြောင်း အစ္စရေးနှင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်သူတို့က ဖိုရမ်တစ်ခုတွင် ပြောကြားခဲ့သည်ကို နေးရှင်းသတင်းတွင်ဖော်ပြသည်။

နိုင်ငံတိုင်းတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ တူညီသောစိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ယင်းတို့အထဲတွင် ရေဖူလုံစွာမရရှိမှု၊ လုပ်သားအင်အားကျဆင်းမှု၊ လယ်ယာမြေ အကန့်အသတ်ရှိမှု၊ အစားအစာဆုံးရှုံးမှု၊ အသားဓာတ် ရရှိရန်လိုအပ်ချက်မြင့်မားမှုနှင့် ဓာတုပစ္စည်းသုံးစွဲမှုစသည့်အချက်များပါဝင်ကြောင်း အစ္စရေးနိုင်ငံ ပို့ကုန်လုပ်ငန်းအဖွဲ့မှ ရေနှင့်သန့်ရှင်းသော နည်းပညာဌာန ညွှန်ကြားရေးမှူး ဂီလတ်ပဲလက်ကပြောသည်။

လယ်ယာကဏ္ဍတွင် လုပ်ကိုင်နေသူများအနက် အသက် ၆၀ ကျော်သူဦးရေ တိုးတက်များပြားလျက်ရှိသော ပြဿနာကို ထိုင်းနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့မှာ ရင်ဆိုင်ဖြေရှင်းနေရကြောင်း "၂၀၁၈ ခုနှစ် အစ္စရေးနှင့် ထိုင်းလယ်ယာစိုက်ပျိုးရေးနည်းပညာ"ဟူသောခေါင်းစဉ်ဖြင့် ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် သူကပြောသည်။ သို့သော်လည်း မကြာသေးမီနှစ်များအတွင်း ကမ္ဘာတစ်ဝန်းရှိ လူငယ်လူရွယ်အများအပြားသည် ဤရှေးရိုးစဉ်လာ စီးပွားရေးကဏ္ဍအတွင်းသို့ ဝင်ရောက်လာကြောင်း၊ အထူးသဖြင့် သတင်းအချက်အလက်နည်းပညာ ထိုးဖောက်ဝင်ရောက်မှုသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍသို့ လူငယ်လူရွယ် မျိုးဆက်များ ဝင်ရောက်လာအောင် အားပေးခဲ့ကြောင်း ၎င်းကပြောကြားသည်။

ဤအလားအလာ၏အထောက်အထားအဖြစ် အစ္စရေးနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးနည်းပညာ(Agritech) ကဏ္ဍအတွင်းသို့ ဝင်ရောက်လာသော ကုမ္ပဏီအရေအတွက် မြင့်တက်လာခြင်းကို သူကထောက်ပြသည်။ ဤကဲ့သို့ ဝင်ရောက်လာသောကုမ္ပဏီအရေအတွက်မှာ ၂၀၁၃ ခုနှစ်တွင် ၂၅၀ ရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၄၈၀ အထိရောက်ရှိခဲ့ပြီး ထိုကုမ္ပဏီများအနက် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၃၀ ရာခိုင်နှုန်းအထိရှိသော ခေတ်မီလယ်ယာစိုက်ပျိုးရေးကုမ္ပဏီများ ပါဝင်ကြောင်းနှင့် အစ္စရေးနိုင်ငံ၏ ခေတ်မီလယ်ယာစိုက်ပျိုးရေးသည်ကုန်ကျစရိတ်သက်သာပြီး စီးပွားဖြစ်လယ်ယာစိုက်ပျိုးရေးကို ဖော်ဆောင်နိုင်ကြောင်း ပဲလက်ကပြောသည်။

ဘုဏ်တင် စုစည်းသည်